



နွေတမာန် ၏ တတိယမြောက် လုံးချင်းဝတ္ထုစာအုပ်

## ၁

တစ်နေ့နှင့်တစ်ညလုံး သည်းခံကာ စီးနင်းလာခဲ့သော မီးရထားအိုသည် ကျွန်မအလိုရှိရာဘူတာသို့ ဆိုက်ရောက်ပေတော့မည်။

ဟောင်းနွမ်းနေသော မီးရထားအိုသည် ဘူတာစဉ်ကို ရပ်နားကာ ခရီးသည်များနှင့် ကုန်စည်များကို အကန့်အသတ်မရှိ တင်ဆောင်ခဲ့သောကြောင့် တအိအိဖြင့် နေးကွေးလေးလံစွာ ရှန်းကန်နေရရှာပေ၏။ ရထားတွဲများထဲ၌လည်း အနံ့အသက်မျိုးစုံ ပျံ့နှံ့လျက်ရှိပေသည်။ ပန်းနံ့၊ သစ်သီးမျိုးစုံအနံ့နှင့် ကုန်ခြောက်အနံ့များ ပေါင်းစပ်ကာ ခေါင်းကိုက်လောက်အောင် နံစော်လျက်ရှိပေတော့သည်။ ခရီးသည်များကျပ်ညပ်ကာ အနေဆင်းရဲလှသောကြောင့် နေရာလုရင်း တစ်ဦးကိုတစ်ဦး ရန်လိုစောင်းမြောင်းနေသည့် အသံများမှာလည်း တစ်လမ်းလုံးညံစီလျက်ရှိပေ၏။

ကျွန်မသွားလိုသောခရီး၌ တစ်ရက်ခြားထွက်သော ဤမီးရထားကိုမှမစီးလျှင် အခြားဆက်သွယ်ရေးယာဉ်မရှိသည်မို့ အလွန်ပင်သည်းခံကာ စီးနင်းခဲ့ရခြင်းဖြစ်ပါသည်။

ကျွန်မသည် ဤမျှဝေးလံသီခေါင်၍ အသွားအလာခက်ခဲကာ ချောင်ကျလှသောဒေသသို့ လာရောက်ဖြစ်လိမ့်မည်ဟု တစ်သက်လုံး စိတ်ပင်မကူးခဲ့ဖူးပါချေ။ လွန်ခဲ့သောခြောက်လအထိပင် ကျွန်မ၏ အာရုံထဲ၌ ဤဒေသနှင့် ပတ်သက်သော အချက်များ ကိန်းအောင်းမနေခဲ့ပါပေ။

မေမေသည် ကျွန်မဖခင်၏ ဇာတိရပ်ရွာကို ကျွန်မမွေးကတည်းက မြှုပ်ကွက်လုပ်ထားခဲ့ပေသည်။ ကျွန်မသည် ကျွန်မ မမွေးခင် ကွယ်လွန်ခဲ့သောဖခင်ကို မမြင်ဖူးရုံမက ဖခင်၏ဇာတိ၊ ဖခင်၏အကြောင်းအရာများကို ဘာတစ်ခုမျှ သိခွင့်မရခဲ့ပါချေ။ မွေးစာရင်း၊ ကျောင်းမှတ်တမ်းနှင့် မှတ်ပုံတင်တွင် ဖော်ပြထားချက်များအရသာလျှင် ကျွန်မဖခင် အမည်မှာ **ဦးခွန်သာမိုး** ဖြစ်ကြောင်း သိခဲ့ရသည်။

မေမေသည် ဖေဖေနှင့်ပတ်သက်၍ ကျွန်မအား ဘာတစ်ခုမျှ ပြောမပြခဲ့ပါ။ ဘွားဘွားကလည်း ''သမီးအဖေနဲ့ပတ်သက်လို့ သမီးအမေကို ဘာမျှသွားမမေးနဲ့။ ဘယ်တော့မျှမမေးနဲ့'' ဟု သတိပေးခဲ့ဖူးလေသည်။

ထို့ကြောင့် ကျွန်မဘွဲ့တစ်ခုရပြီး ကုမ္ပဏီတစ်ခုတွင် စာရင်းကိုင် အလုပ်ဝင်နေချိန်အထိ ဖခင်အကြောင်းကို ကျွန်မမသိခဲ့ရချေ။ မေမေ မသိစေလိုသော အကြောင်းအရာကို ကျွန်မကလည်း သိအောင် မကြိုးစားခဲ့ပါချေ။ ကျွန်မအနေဖြင့် ကျွန်မဖခင်အကြောင်းကို ဒီတစ်သက်မှာ သိစရာအကြောင်း မရှိတော့ဘူးလို့ပင် ထင်မှတ်ခဲ့ပြီး ဖြစ်ပါသည်။

သို့သော် –

***

လွန်ခဲ့သောခြောက်လက ဖြစ်သည်။ ကျွန်မ အလုပ်မှပြန်အလာတွင် မေမေက ကျွန်မကို သူ့အနားသို့ခေါ်ကာ ထူးခြားသော စကားတစ်ခွန်းကိုပြောခဲ့ပါသည်။ ထိုအချိန်သည် မေမေ၏ကျန်းမာရေးအခြေအနေ အန္တုတ်လက္ခဏာဘက်သို့ ပြနေပြီဖြစ်သည့်အချိန် ဖြစ်သည်။

မေမေက ကျွန်မကို စာတစ်စောင်ထုတ်ပေးပြီး အကျိုးအကြောင်း ပြောပြခဲ့၏။

''ဒီစာရောက်နေတာ နှစ်လရှိပြီ သမီး။ သမီးကို အသိပေးသင့် မပေးသင့် မေမေစဉ်းစားနေရတာနဲ့ ခုမှ ပြဖြစ်တော့တယ်''

''ဘာစာများလဲ မေမေ''

''သမီးအဖေရဲ့ ဆွေမျိုးများဘက်က ရေးလိုက်တဲ့စာပါ''

''အို''

''မေမေဟာ သမီးကို သမီးတို့အဖေနဲ့ ပတ်သက်ပြီး ဘာတစ်ခုမျှပြောမပြဘဲ ရေငုံနှုတ်ပိတ်နေခဲ့တယ်။ ဒါဟာ သမီးအဖေအပေါ်မှာ မချစ်ခင်လို့၊ သံယောဇဉ်မရှိလို့ မဟုတ်ဘူးသမီး။ သမီးဖေဖေဟာ မေမေ့အပေါ်မှာ ကြင်နာမှုအပြည့်အဝရှိခဲ့တဲ့ ယောကျ်ားကောင်းတစ်ယောက်ပါ။ ဒါပေမဲ့သူ့အမျိုးတွေကတော့ သူ့ကို မေမေနဲ့ယူလို့ဆိုပြီး စွန့်ပစ်

ခဲ့တယ်။ မေမေ့ကိုလည်း ရစရာမရှိအောင် ချိုးနှိမ်ဆက်ဆံခဲ့ကြတယ် သမီး။ ဒါတွေကို စိတ်နာပြီး သမီးအဖေ မရှိတဲ့နောက် သူ့တို့အကြောင်းကို ထိန်ဝှက်ထားခဲ့တာပဲ။ သူတို့ကလည်း သမီးတစ်သက်မှာ အဆက်အသွယ် မလုပ်ခဲ့ကြဘူး။ ဒီစာဟာ နှစ်ပေါင်းနှစ်ဆယ်ကျော်အတွင်း သူတို့ဘက်က ပထမဆုံး ဆက်သွယ်လာတဲ့ စာတစ်စောင်ပဲ''

''စာက ဘာတဲ့လဲ မေမေ''

''သမီး ဖတ်ကြည့်ရင်သိမှာပါ။ စာရောက်နေတာ နှစ်လရှိပြီ။သမီးကို အသိပေးသင့်မပေးသင့် မေမေစဉ်းစားနေတာနဲ့ ခုမှပြရတယ်။ မေမေလည်း ရောဂါကျွမ်းနေပြီလေ။ လူ့ဘဝမှာ လပိုင်းလောက်ပဲ နေရတော့မှာပါ''

''အို့ မေမေ''

''မေမေ ကိုယ့်အခြေအနေကိုယ် သိပါတယ် သမီး။ မေမေ မရှိတဲ့နောက် သမီးတစ်ယောက်တည်း တစ်ကောင်ကြွက်ဘဝနဲ့ ကျန်ခဲ့မှာကို မေမေ စိုးရိမ်မိတယ်။ မေမေ့အနေနဲ့ ဘယ်လောက်ပဲ စိတ်နာ, စိတ်နာ သူတို့ဟာ သမီးအဖေဘက်က ဆွေမျိုးရင်းခြာတွေပဲ။ သမီး စိတ်တိုင်းကျဆုံးဖြတ်ပါ။ အဖေဘက်က ဆွေမျိုးတွေရှိလျက်နဲ့ သေတဲ့အထိ ထိန်ချန်ထားတာမျိုး မေမေမလုပ်ချင်လို့ စာကို သမီးပေးဖတ်ရတာပဲ။ စာကလည်း သမီးအတွက် အကျိုးရှိမယ့်စာပါ။ သမီးကို အမွေတွေ လွှဲပေးချင်လို့ စကားကမ်းလှမ်းလိုက်တဲ့စာပဲ သမီး''

''ရှင်''

***

တကယ်တမ်း စာကိုဖတ်ကြည့်သည့်အခါတွင်တော့ စာက ဖေဖေ့ဆွေမျိုး တစ်စုံတစ်ယောက် တိုက်ရိုက်ရေးသားလိုက်သောစာ မဟုတ်ပါ။ သူတို့၏ ရှေ့နေက ကြားဝင်ရေးသားထားသော အကြောင်းကြားစာတစ်ခုသာ ဖြစ်ပါသည်။

*သို့ –*

*ဒေါ်ခင်ကျော့ယဉ်*

*ကျွန်တော်သည် ဒေါ်ခင်ကျော့ယဉ်၏ခင်ပွန်း ဦးခွန်သာမိုး၏ မျိုးရိုးစဉ်ဆက်ဖြစ်သော ရွှေဖီမိုးမိသားစု၏ ရှေ့နေတစ်ယောက် ဖြစ်ပါသည်။*

*ယခုအခါ ရွှေဖီမိုးမိသားစုဝင် အတော်များများပင် ကွယ်လွန်အနိစ္စရောက်ခဲ့ပြီး ဖြစ်ပါသည်။ ဒေါ်ခင်ကျော့ယဉ်၏ခင်ပွန်း ဦးခွန်သာမိုးကိုယ်တိုင် ငယ်ရွယ်စဉ်ကပင် ကွယ်လွန်ခဲ့ကြောင်း ကျွန်တော် သိရပါသည်။*

*ရွှေဖီမိုးမိသားစုဝင်ဆို၍ ဦးခွန်သာမိုး၏ တစ်ဦးတည်းသော အစ်မ ဒေါ်နန်းကြာမိုး တစ်ဦးသာလျှင် အသက်ရှင်လျက် ကျန်ရစ်ပါတော့သည်။ ဒေါ်နန်းကြာမိုးသည် အပျိုကြီးတစ်ဦးဖြစ်သည့်အားလျော်စွာ သူမ ကွယ်လွန်ခဲ့ပါက ရွှေဖီမိုး မိသားစု၏ အမွေဆက်ခံခွင့်များ ပြတ်တောက်သွားရမည်ကဲ့သို့ ဖြစ်နေပါသည်။*

ဦးစိုးမြင့်အမည်ရှိ မိသားစုရှေ့နေက ရေးသားလိုက်သည့်စာဖြစ်ပြီး စာထဲ၌ ကျွန်မ၏ကြီးတော် တော်စပ်သူ ဒေါ်နန်းကြာမိုးက ကျွန်မအား သူမနှင့်ဆက်သွယ်စေလိုကြောင်း၊ အမွေဆက်ခံခွင့်ကိစ္စအတွက် လာရောက်စေလိုကြောင်းနှင့် ကျွန်မနှင့်ပတ်သက်သော အချက်အလက်များကို သိလိုပါကြောင်း ရေးသားထားလေသည်။

''မေမေကတော့ ပြတ်လက်စနဲ့ ဖြတ်လိုက်တော့မလို့ပဲ။ နောက်မှ မေမေတစ်ယောက်တည်းသဘောနဲ့ ဆုံးဖြတ်ရင် သမီးအပေါ်မှာ မတရားရာ ကျမှာစိုးလို့ အသိပေးတာပဲ သမီး။ သမီးဘက်က ကြည့်ရင် ကိုယ့်အဖေရဲ့ ရပိုင်ခွင့်ကိစ္စဖြစ်နေလို့ သမီးကြိုက်သလို ဆုံးဖြတ်နိုင်ပါတယ်။ မေမေ ဘာမျှဝင်ပြီးတိုက်တွန်းတာလည်း မလုပ်ချင်ဘူး။ တားမြစ်တာလည်း မလုပ်ချင်ဘူး။ သမီးစိတ်တိုင်းကျ ဆုံးဖြတ်ပါ''

ကျွန်မသည်လည်း ဆုံးဖြတ်ရန် ဇဝေဇဝါ ဖြစ်ခဲ့ရပါသည်။ မေမေက ခွင့်ပြုသည်ဆိုသော်လည်း မေမေ့ခံစားချက်များကို ကျွန်မ ထည့်သွင်းစဉ်းစားခဲ့ပါသည်။ ရွှေဖီမိုးမိသားစုထဲသို့ ကျွန်မ သွားရောက်ခြင်းအတွက် မေမေ မည်သို့ခံစားရမည်လဲ။ ကျန်းမာရေးမကောင်းတော့သော မိခင်အိုကြီးကို စိတ်ဝေဒနာ ထပ်ဆင့်မခံစားစေလိုတော့ပါ။

သည်လိုနှင့် စာကိုမပြန်ဖြစ်ဘဲ အမျိုးမျိုး စဉ်းစားဆင်ခြင်နေမိရာ နာတာရှည် ဝေဒနာသည်မိခင်ကြီး ကွယ်လွန်သွားသည်အထိပင်။

မေမေ ကွယ်လွန်ပြီးနောက်ပိုင်းမှသာ ကျွန်မသည် ရွှေဖီမိုးမိသားစုထံ စာပြန်ကြားဆက်သွယ်ဖြစ်တော့၏။

ကျွန်မဘက်က ဆက်သွယ်လိုက်သည့်အခါတွင်တော့ ကျွန်မ၏ကြီးတော်ကြီး ဒေါ်နန်းကြာမိုးသည် ဝမ်းပန်းတသာ စာပြန်ကြားလာခဲ့ပါသည်။

အဘွားကြီးမှာလည်း အသက်ကြီးပြင်းလှပြီဖြစ်ကာ မေမေ့ကဲ့သို့ပင် နာတာရှည်ဝေဒနာ ခံစားနေရသောရောဂါသည်တစ်ယောက်ဖြစ်ကြောင်း သူမ၏စာအရ သိခဲ့ရပါသည်။ ပြန်စာကို သူမကိုယ်တိုင် ရေးသားခြင်း မဟုတ်ဘဲ နှုတ်တိုက်ပြောပြသည်ကို တစ်စုံတစ်ယောက်က ရေးပေးထားခြင်းဖြစ်ပါသည်။

*တူမကြီး မူရာကျော့ယဉ်*
*ကြီးကြီးရဲ့အကြောင်းကြားစာကို ပြန်ကြားတဲ့အတွက် ဝမ်းသာမိပါတယ်။*

ဟု အစချီကာ ကျွန်မအား အမြန်လာရောက်စေလိုကြောင်း၊ သူမအသက်မသေမီ လာရောက်ပါမည့်အကြောင်း၊ ရွှေဖီမိုး၏အမွေများအား လက်ခံပါရန်နှင့် မသေခင်တစ်ဦးတည်းသော တူမလေးအား မြင်တွေ့သွားလိုကြောင်းများကို သနားစဖွယ် ဖွဲ့နွဲ့ရေးသားထားပေသည်။ သူမကိုယ်သူမ 'ကြီးကြီး' ဟု သုံးနှုန်းထားပေ၏။

မေမေပြောပြခဲ့သော နောက်ကြောင်းများ၌ ဒေါ်နန်းကြာမိုးသည် 'မိန်းမကြမ်း'နေရာ၌ ပါဝင်လျက်ရှိသည်။ မေမေ့ကို ချူစား မြှူစားတဲ့ မိန်းမ၊ သူတို့မောင်ကို တကယ်မချစ်ဘဲ ပစ္စည်းမက်လို့ မာယာနဲ့ဖြားယောင်းတာ စသည်ဖြင့် စွပ်စွဲခဲ့သည်ဟု ဆိုပေသည်။

ကျွန်မထံရေးသားလိုက်သည့်စာတွင်မူ တူမလေးတစ်ယောက်အပေါ်ထားသည့် ကရုဏာတရားများ ပြည့်လျှမ်းနေသည်ဟု ထင်မိပေသည်။ ဒေါ်နန်းကြာမိုးအတွက် မေမေ့အပေါ်မြင်သည့်အမြင်ကတခြား၊ ကျွန်မအပေါ်ထားတဲ့ သဘောထားကတခြား ဖြစ်ကောင်းဖြစ်ပေမည်။ သို့မှမဟုတ် အသက်ကြီးလာ၍ ငယ်ကစိတ်များ ပြောင်းလဲသွားခြင်းလည်း ဖြစ်ပေမည်။

ကြီးတော်ကြီး၏စာနှင့်အတူ ရှေ့နေကြီးဦးစိုးမြင့်၏ စာတစ်စောင်ပါ စာအိတ်တစ်အိတ်ထဲတွင် ပူးလျက်ပါလာခဲ့သည်။

ရှေ့နေကြီး၏စာထဲတွင် 'မမူရာကျော့ယဉ်'အား အမွေလွှဲအပ်မည့်ကိစ္စများ ကြိုတင်ဆောင်ရွက်ထားနိုင်ရန်အတွက် မူရာကျော့ယဉ်သည် ဦးခွန်သာမိုး၏ သမီးအစစ်အမှန်ဖြစ်ကြောင်း အထောက်အထားများအား ပို့ပေးရန်'' ရေးသားထားလေသည်။

သို့ဖြင့် ကျွန်မသည် ကျွန်မ၏မွေးစာရင်းမူရင်း၊ မှတ်ပုံတင်မိတ္တူနှင့် လက်ရှိရိုက်ကူးထားသော ကျွန်မ၏ ဓာတ်ပုံအချို့ကို ပေးပို့လိုက်ရပေသည်။

ကျွန်မအဖို့ ရွှေဖီမိုးမိသားစုထံ ပြန်လည်ခိုလှုံရာ၌ ညော့်သွားညော့်လာလုပ်လို့ မဖြစ်နိုင်ပါချေ။ ခဏတစ်ဖြုတ်သွား၊ အမွေတွေလက်ခံယူပြီး ပြန်လာတာမျိုး လုပ်လို့မဖြစ်ပါ။ ရွှေဖီမိုးသို့ သွားရောက်နေထိုင်မှသာ သင့်လျော်ပေမည်။ အလုပ်မှလည်း အပြီးအပိုင် နှုတ်ထွက်၊ ရန်ကုန်မြေကိုလည်း စွန့်ခွာရပေမည်။ မေမေကွယ်လွန်ပြီးနောက်ပိုင်း ရန်ကုန်မြေကို စွန့်ခွာရန် လွယ်ကူသွားလေပြီ။ ကျွန်မအတွက် ဘာဆွေမျိုးသားချင်း၊ ဘာသံယောဇဉ်မျှ မရှိတော့ပါ။

ရွှေဖီမိုးစံအိမ်ကြီးဆီသို့ သွားရောက်ရမည့်ကိစ္စမှာမူ ချက်ချင်း အကောင်အထည် မပေါ်ခဲ့ချေ။ ကျွန်မသည် ကုမ္ပဏီ၌ စာရင်းစစ်ခေါင်းဆောင်အဖြစ် တာဝန်ယူထားရလေရာ ချက်ချင်းအလုပ်ထွက်လို့ မဖြစ်နိုင်ခဲ့ပေ။ ရုံးချုပ်နှင့် နယ်ရုံးများမှ စာရင်းများကို ရှင်းလင်းပေးနေရသည်နှင့် သုံးလခန့် ကြာသွားခဲ့လေသည်။

ထို့နောက် ကျွန်မသည် ရန်ကုန်မှ ကျွန်မတို့ငှားရမ်းထားသောအိမ်ခန်းလေးကို ပြန်အပ်လိုက်သည်။ ရွှေဖီမိုးသို့ မထွက်ခွာမီ ကျွန်မသူငယ်ချင်းအိမ်၌ ဆယ့်ငါးရက်ခန့် နေထိုင်ခဲ့ရပါသေးသည်။

ကုမ္ပဏီမှ အလုပ်ကိစ္စအားလုံးပြီးမှပင် ရွှေဖီမိုးသို့ ကျွန်မထွက်လာနိုင်တော့၏။ ကျွန်မ ဖောင်ဖျက်လာခဲ့ခြင်းပင် ဖြစ်ပါတော့သည်။ ရွှေဖီမိုးမှ ကျွန်မ၏ကြီးကြီး ဒေါ်နန်းကြာမိုးတစ်ယောက် ကျွန်မအား နွေးထွေးစွာ ကြိုဆိုနေလိမ့်မည် ဆိုသော မျှော်လင့်ချက်ကို ရင်ဝယ်ပိုက်လျက် ကျွန်မ ထွက်လာခဲ့ပါလေပြီ။

ကျွန်မအတွက် ကြီးကြီးကို ဒုက္ခမပေးချင်၍ ကျွန်မ၏ခရီးစဉ်ကို အကြောင်းကြားမနေတော့ပါ။ ရွှေဖီမိုးအထိ လာရောက်ရမည့်ခရီးစဉ်ကို ရှေ့နေကြီးဦးစိုးမြင့်က စာရေးညွှန်ကြားထားပြီးဖြစ်၍ ကိုယ့်နည်းကိုယ့်ဟန်ဖြင့်သာ ရောက်အောင်သွားပါတော့မည်။

ယခုတော့ ကျွန်မရည်ရွယ်ခဲ့သောခရီးစဉ်မှာ နိဂုံးချုပ်ပေတော့မည်။

ရှေ့တွင်ဆိုက်ရောက်မည့်ဘူတာမှာ 'မင်းအိုင်ဘူတာ' ဖြစ်ပေ၏။ ရှေ့နေကြီး၏ လမ်းညွှန်ချက်အရ မင်းအိုင်ဘူတာမှ သုံးမိုင်ခန့်ဝေးသောအရပ်၌ ရွှေဖီမိုးမိသားစု၏ ဟော်နန်းဟောင်းကြီး ရှိပေသည်။

ကျွန်မ၏ဖခင်သည် ရှမ်းပဒေသရာဇ် စော်ဘွားမျိုးရိုးထဲမှ အနွယ်တော်တစ်ဦးဖြစ်ပေ၏။

မီးရထားက မင်းအိုင်ဘူတာတွင်ရပ်နားရန် ဥသြသံရှည်ဆွဲ လိုက်လေသည်။

♛ ♛ ♛ ♛ ♛

၂

မင်းအိုင်ဘူတာတွင် ရထားပေါ်မှဆင်းသူမှာ ကျွန်မတစ်ယောက်တည်းသာ ရှိပေသည်။ ထူးဆန်းပေစွ။ ဤမျှ ပြည့်ကျပ်သိပ်နေသောရထားပေါ်မှ လူပေါင်းများစွာထဲတွင် မင်းအိုင်ဘူတာ၌ ဆင်းသက်သူမှာ ကျွန်မတစ်ယောက်တည်းရှိသတဲ့။

ကျွန်မသည် အံ့သြမနေနိုင်အားပေ။ ရှေ့ဆက်ရမည့်ခရီးအတွက် စီစဉ်ရဦးမည်။ မီးရထားအိုကြီးကလည်း သူ့ခရီးသူ ဆက်လက်ထွက်ခွာသွားပါပြီ။

စုတ်ချာချာဘူတာရုံလေးထဲ၌ ခရီးသည်ဆို၍ ကျွန်မတစ်ယောက်တည်းသာ ရှိပါသည်။

ယူနီဖောင်းခပ်နွမ်းနွမ်းကို ဝတ်ဆင်ထားသည့် ရထားဝန်ထမ်းတစ်ဦးကို ကျွန်မ မြင်တွေ့လိုက်သည်။

ကျွန်မက ထိုဝန်ထမ်းဆီသို့ လျှောက်သွားကာ မေးမြန်းကြည့်လိုက်၏။

''ကျွန်မ ရွှေဖီမိုးအိမ်ကြီးဆီ သွားချင်ပါတယ်ရှင်။ ကျွန်မ ဘယ်လို ခရီးဆက်နိုင်မလဲ၊ လမ်းညွှန်ပေးပါရှင်''

အသက်အတော်ကြီးနေပြီဖြစ်သော ဝန်ထမ်းအဘိုးကြီးက ကျွန်မကို အံ့သြဟန်ဖြင့် မျက်လုံးပင့်ကြည့်လေ၏။ သူ့ထံမှ အရက်နံ့ ထောင်းခနဲ ထွက်လာသည်။ သူ့မျက်လုံးမှိန့်မှိန့်များကလည်း အတော်သောက်ထားဟန် သက်သေပြနေ၏။ ကြည့်ရသည်မှာ နေ့ညမရွေး အရက်သောက်နေသူတစ်ဦး ဖြစ်ဟန်တူပါသည်။ အပေါ်စားအရက်နံ့ ချဉ်စူးစူးကြီးကို နှာခေါင်းမရှုံ့မိစေရန် ကျွန်မ စိတ်တင်းထားရ၏။

''မင်းသွားဖို့ မလွယ်တော့ဘူး မိန်းကလေး၊ ရထားက ဒီနေ့ တော်တော်နောက်ကျသွားတာကိုး။ မိုးချုပ်နေပြီကွယ့်''

''ကျွန်မ သိရသလောက် ရွှေဖီမိုးဟာ ဘူတာနဲ့ သုံးမိုင်လောက်ပဲ ဝေးပါတယ်ရှင်''

''မှန်တယ်လေ၊ မင်းသာ ယောကျ်ားလေးဆိုရင်တော့ ခြေကျင်လျှောက်သွားဖို့ ငါက အကြံပေးမှာပေါ့။ ပြီးတော့ လဆုတ်ရက် ဖြစ်နေသေးတယ်ကွယ့်။ လမ်းမှာ မီးရောင်ဆိုလို့ ဘာတစ်ခုမျှ မရှိဘူး မိန်းကလေး''

''သွားစရာ ယာဉ်တစ်ခုခုမျှ မရှိဘူးလားရှင်။ အဲဒီဘက်ကိုသွားတဲ့ အဖော်အလျော်ရှိရင်လည်း ကျွန်မ ခြေကျင်လျှောက်လိုက်သွားပါ့မယ်။ ကျွန်မမှာ သယ်စရာပြုစရာ လေးလေးလံလံ မပါပါဘူး ဦး''

''ခက်တာပဲ၊ မမှောင်သေးရင် ငါ့သမီးကို စက်ဘီးနင်းပြီး ပို့ခိုင်းပေးပါတယ်။ ဒီအချိန်ကြီးတော့ သမီး မိန်းကလေးမို့ ငါလည်း စိတ်မချဘူးဟေ့။ ဒါပေမဲ့ မင်းမပူပါနဲ့၊ ဟောဟိုမှာ မီးလင်းနေတဲ့အိမ်ကြီး တွေ့လား''

အဘိုးအိုက ဘူတာနှင့် ဖားလွယ်ခုတ်မှ မီးလင်းနေသောနေရာကို လက်ညှိုးထိုးပြရင်း ပြောသည်။

''မီးစက်ခုတ်သံလည်း ကြားမှာပေါ့။ အဲဒါ ဒီရွာရဲ့ ကောင်စီဥက္ကဋ္ဌ အိမ်ပဲ။ မင်း ကောင်စီဥက္ကဋ္ဌအိမ်မှာ တစ်ညတည်းခိုလို့ ရပါတယ်။ ဥက္ကဋ္ဌ က သဘောကောင်းတယ်။ သူ့မှာ သမီးတွေလည်းရှိတော့ မင်းအတွက် မိန်းမဖော်ရတယ်။ ဘာမှစိတ်ပူစရာမရှိပါဘူး၊ သူတို့က ကူညီနေကျပါ၊ ဥက္ကဋ္ဌအိမ်ကို သွားလိုက်ပါ''

အဘိုးအိုက သူတတ်စွမ်းသမျှ လမ်းညွှန်လိုက်ပြီးနောက် သူ့တာဝန်ကုန်သွားသည့်သဖွယ် နေရာမှ ထွက်ခွာ သွားလေတော့သည်။

ကျွန်မသည် စိတ်အပျက်ကြီး ပျက်သွားမိတော့၏။ သုံးမိုင်လောက်ခရီးကို ဆက်သွားဖို့ခဲယဉ်းလောက်အောင် ဒီအရပ်ဟာ ခေါင်လေသလား။

ဘူတာလေးထဲက ကျွန်မ ထွက်လာခဲ့သည်။ လမိုက်ညဖြစ်၍ အပြင်လောကတစ်ခုလုံး မှောင်နေလေ၏။ ဥက္ကဋ္ဌအိမ်မှ မီးအလင်းရောင် တစ်ခုတည်းသာ ပတ်ဝန်းကျင်၌ အလင်းရောင်အဖြစ် ရှိနေသည်။

ကျွန်မက ဘူတာအပြင်ဘက်အရောက်တွင် မျက်လုံးကစားကြည့်လိုက်ရာ မှိတ်တုတ်တုတ်မီးရောင်အချို့နှင့် ခပ်နွမ်းနွမ်းအိမ်ကလေးများကိုသာ မြင်ရလေ၏။ ဥက္ကဋ္ဌအိမ်တစ်ခုတည်းသာ မီးစက်သံတထိန်းထိန်းနှင့် မီးများလင်းလက် နေပေသည်။

ကျွန်မက ဥက္ကဋ္ဌအိမ်ဆီသို့လျှောက်သွားရန် လမ်းကိုဖြတ်ကူးဖို့ ပြင်လိုက်သည်။

ထိုစဉ်မှာပဲ လမ်း၏တစ်ဖက်ဆီမှ မောင်းနှင်လာသော မြင်းလှည်းတစ်စီး၏အသံကို ကျွန်မ ကြားလိုက်ရ လေသည်။ တခွပ်ခွပ်ဖြင့် မြင်းပြေးလာသောခွာသံကို ဦးစွာကြားရကာ အမှောင်ထုကြားမှ ထွက်ပေါ်လာသော မြင်း လှည်းတစ်စီးကို မြင်လိုက်ရလေ၏။

မြင်းလှည်း၏ ပေါင်းမိုးထိပ်၌ ဘက်ထရီမီးပွင့်လေးတစ်ခုသာ တပ်ဆင်ထားပေသည်။ အမှောင်ထုထဲ၌ မြင်းခွာသံနှင့်အတူ မီးပွင့်လေး ရွေ့လျားလာပုံကို ပိုးစုန်းကြူးတစ်ကောင် ပျံသန်းလာသည့်သဖွယ် မြင်တွေ့နေရခြင်း ဖြစ်ပါသည်။

ရွှေဖီမိုးသည် မည်သည့်ဘက်ခြမ်း၌ရှိမှန်း ကျွန်မ မသိပါ။ သို့သော် ကျွန်မသည် ရှားရှားပါးပါးတွေ့ရသော မြင်းလှည်းကို အားကိုးတကြီးဖြင့် လက်ပြတားဆီးလိုက်မိလေ၏။

မြင်းလှည်းက ကျွန်မရှေ့၌ ရပ်တန့်သွားလေသည်။

''တစ်ဆိတ်ရှင် ကျွန်မ ရွှေဖီမိုးအိမ်ကြီးဆီ သွားချင်ပါတယ်။ ကျွန်မကို လိုက်ပို့နိုင်မလား။ ဒါမှမဟုတ် လမ်း ကြုံပါသလားရှင်''

''ဟေ''

မြင်းလှည်းမောင်းသမားထံမှ အာမေဍိတ်သံ ထွက်လာလေ၏။

''ငါကလည်း ရွှေဖီမိုးကိုသွားဖို့ ထွက်လာတာဟေ့၊ လမ်းကြုံသမှ ကွက်တိပဲ။ မင်း မြင်းလှည်းခတောင် ပေးစရာမလိုဘူး။ တက် ့ တက်''

မြင်းလှည်းမောင်းသမား အဘိုးအိုက အားရဝမ်းသာပြောလိုက်လေသည်။

''နောက်ကနေ တက်ပေတော့''

ကျွန်မသည် မြင်းလှည်းနောက်ဘက်မှ ခြေနင်းကလေးကို အားပြုကာ မြင်းလှည်းပေါ်သို့တက်လိုက်သည်။

မြင်းလှည်းပေါ်တွင် ရှိနှင့်ပြီးပစ္စည်းတစ်ခုက အတော်နေရာယူထားသောကြောင့် ခက်ခဲစွာပင် တက်လိုက်ရ လေ၏။ ထိုအရာသည် အတော်ရှည်လျားကာ မြင်းလှည်းအိမ်၏ အပြင်ဘက်ထိပင် ထိုးထွက်နေပေ၏။ ထင်းစည်းကြီး လား၊ သစ်သားချောင်းများကို စုစည်းထားခြင်းလား အမှောင်ထဲ၌ သေချာမမြင်ရပါပေ။

''ရပလား''

မြင်းလှည်းမောင်းသမားအဘိုးအိုက မြင်းလှည်းမောင်းသူနေရာမှ ဆင်းမလာခဲ့ပါ။ ကျွန်မကို အဆင်ပြေမပြေ ရှေ့မှလှမ်း၍ မေးနေ၏။

ကျွန်မက ရှိနှင့်ပြီးပစ္စည်းဘေးတွင် တိုးကပ်ထိုင်လိုက်ရင်း ပြန်ဖြေလိုက်သည်။

''ဟုတ်ကဲ့၊ ရပါပြီ အဘ''

အဘိုးအိုက မြင်းကို ကျာပွတ်ဖြင့် ရွှမ်းခနဲရိုက်ကာ ထွက်ခွာစေလိုက်၏။ မြင်းလှည်းကလေးသည် တရွေ့ရွေ့ဖြင့် မင်းအိုင်ရွာမှ ထွက်ခွာလာခဲ့လေသည်။

***

မြင်းလှည်းဆရာသည် ကျွန်မ မြင်းလှည်းပေါ်သို့ရောက်ကတည်းက ဘာစကားမျှမပြောတော့ဘဲ မြင်းလှည်းကိုသာ မောင်းနှင်လျက် ရှိလေသည်။

သူသည် အတော်အိုမင်းနေသော အဘိုးအိုတစ်ယောက်ဖြစ်ကာ အသားအရေဟူ၍ မရှိသလောက်ပင် ပိန်လှီလျက်ရှိပေ၏။ သူ၏သွင်ပြင်ကို ပေါင်းမိုးထိပ်မှ ငါးတိုင်အား ဘက်ထရီမီးပွင့်လေးမှတစ်ဆင့် မြင်သာနေရပေသည်။ မီးပွင့်လေးလှုပ်လိုက်တိုင်း အဘိုးအို၏အရိပ်မှာ လမ်းမပေါ်၌ ယိမ်းထိုးလှုပ်ရှားနေပေ၏။

လမိုက်ညဖြစ်၍ တစ်လမ်းလုံးမှောင်မည်းနေပေရာ ပြင်ပရှုခင်းကို သဲကွဲအောင် မမြင်တွေ့နိုင်ပါပေ။ ကြည့်လေရာရာတွင် လမ်းဘေး၌ ယိမ်းထိုးနေသော သစ်ပင်ကြီးများသဏ္ဍာန်ကို ဝိုးတဝါးမြင်နေရပေ၏။ လမ်းမှာလည်း ကြမ်းတမ်းလှပေသည်။ ကျွန်မသည် မြင်းရထားအတွင်း၌ ဟိုသည်ယိမ်းလှုပ်နေပေ၏။

ပေါင်းမိုးထိပ်၌ တပ်ဆင်ထားသောမီးပွင့်လေးက ယိမ်းလှုပ်နေလေရာ အလင်းရောင်သည် မြင်းလှည်းအတွင်း ဝင်လာလိုက် ထွက်သွားလိုက်နှင့် ရှိနေလေ၏။ ကျွန်မအသားနှင့် ထိနေသောအရာကို မီးရောင်ဝင်လာခိုက် သတိထားကြည့်မိရာ ထိုအရာသည် သေတ္တာတစ်လုံး ဖြစ်နေသည်ကို တွေ့ရပေ၏။ သေတ္တာတစ်လုံး။ သာမန်ရှိရိုးရှိစဉ် သေတ္တာထက် ပို၍ရှည်လျားနေသော သေတ္တာတစ်လုံးပင် ဖြစ်ပါ၏။

အခြေအနေအရပ်ရပ်၏ နှိုးဆွမှုကြောင့် ကျွန်မစိတ်များ ချောက်ချားလာခဲ့သည်။ ဘာအကြောင်းကြောင့်လို့ တိတိကျကျမပြောတတ်ဘဲ ကျွန်မစိတ်များ မလုံမလဲဖြင့် ထိတ်ထိတ်လန့်လန့် ခံစားလာရလေသည်။ တိတ်ဆိတ်မှုသည်ပင် ကျွန်မကိုချောက်ချားအောင် နှိုးဆွနေခြင်း ဖြစ်တော့သည်။

အဘိုးအိုက မြင်းဇက်ကြိုးကိုဆွဲကာ ပုံမှန်ပင် ခရီးနှင်လျက်ရှိလေ၏။

မြင်းလှည်းမောင်းနေသော အဘိုးအိုကို ကြည့်ရသည်မှာ အရိုးစုတစ်ကောင်က မြင်းလှည်းကို မောင်းနှင်နေပုံမျိုးနှင့် တူလှပေသည်။ အသားအရေဟူ၍ မည်မည်ရရမရှိသော သူ့လက်များတွင် တံတောင်ဆစ်နေရာ၊ လက်ကောက်ဝတ်နေရာများ၌ အရိုးများ ငေါ်ထွက်နေသည်။ အသားရောင်ကလည်း အမဲခြောက်ကဲ့သို့ မည်းနက်ခြောက်ကပ်နေပေ၏။

ကျွန်မစိတ်ထဲ၌ မသိုးမသန့်ခံစားလာရသည်။ သေခြင်းတရား၏ အရိပ်အယောင်များကို ထင်ယောင်မြင်ယောင်လာမိသည်။ ရထားမောင်းနေသော အဘိုးအိုကပင် သူအိုအသွင်၊ သူနာသဏ္ဍာန်မျိုး ပေါ်လျက်ရှိပေသည်။

အရိုးစုတစ္ဆေတစ်ကောင်က ကျွန်မကို မရဏလမ်းသို့ ဆောင်ကြဉ်းနေသယောင် ထင်မှတ်လာမိလေသည်။

ဘုရားရေ ကျွန်မ ဒီမြင်းလှည်းပေါ်ကို တက်လိုက်လာတာ ဘယ်သူမျှ မသိပါလား။ ဒီမြင်းလှည်းဖြင့် ကျွန်မလိုက်ပါသွားကြောင်းကို မျက်မြင်သက်သေတစ်ယောက်မျှ မရှိ။ အဘိုးအိုသည် သာမန်လူသားတစ်ယောက်မှ ဟုတ်ပါရဲ့လား။ ကျွန်မကိုတင်ဆောင်၍ ဘယ်နေရာကို သွားနေသလဲ။ ရွှေဖီမိုး ဘယ်နေရာမှာရှိမှန်းမသိသော ကျွန်မသည် သူခေါ်ဆောင်ရာသို့ ယုံယုံကြည်ကြည် လိုက်ခဲ့မိသည်။ သူဘာလဲ၊ သူလူတစ်ယောက် ဟုတ်ရဲ့လား၊ သူဟာ နာနာဘာဝတစ္ဆေသရဲတစ်ကောင်လား။

ပဟေဠိများစွာ ရင်ထဲတွင် ထင်ဟပ်လာသော ကျွန်မသည် လက်ရှိအနေအထားကို သည်းမခံနိုင်တော့ပေ။ အပြောင်းအလဲတစ်ခုခု ပြုလုပ်ရန် ကြိုးစားမိတော့သည်။

ကျွန်မက ထိုင်နေပုံကို အနည်းငယ် ပြုပြင်လိုက်သည်။ လှုပ်လှုပ်ရှားရှားပြု၍ ရဲဆေးတင်လိုက်သည်။

ဒီအတိုင်း တိတ်ဆိတ်စွာထိုင်လျက် လိုက်ပါလာတာထက် စကားစမြည်ပြောနေခြင်းက ကြောက်ရွံ့စိတ် ထိတ်လန့်စိတ်များကို ပြေပျောက်စေမည်ဟု ထင်မိသည်။

ကျွန်မသည် သူနှင့်စကားပြောရန် ကြိုးစားလိုက်၏။

***

''အဘက ဘယ်အထိသွားမှာလဲဟင်၊ ရွှေဖီမိုးအထိပဲလား၊ ဆက်သွားဦးမှာလား''

ကျွန်မက စကားစလိုက်သောကြောင့် အဘိုးအိုသည် နောက်သို့ လှည့်ကြည့်လိုက်လေသည်။ အပေါ်စီးမှ မီးရောင်အောက်တွင် မျက်ခုံးရိုး၏အရိပ်က ထိုးကျနေသောကြောင့် သူ၏မျက်လုံးများကို မမြင်ရပေ။ အရိပ်မည်းက အတွင်းဘက်ချိုင့်နေသော မျက်လုံးနှင့် ခွက်သောပါးပြင်ကို ဖုံးကွယ်ထားလေသည်။ သူ့တွင် မျက်လုံးများမှ ပါပါလေစ ဟု ထင်ရလေ၏။ ခေါင်နေသောသွားများသာ မီးရောင်အောက်၌ ထင်ရှားနေလေရာ အဘိုးအိုကို ကြည့်ရသည်မှာ အရိုးခေါင်းတစ်ခုနှင့် တူနေပေတော့၏။

''မင်း ဒီလိုမေးပုံထောက်တော့ မင်းဟာ ရွှေဖီမိုးက လူတစ်ယောက် မဟုတ်ဘူးပေါ့''

''ရှင်''

''ရွှေဖီမိုးကလူဆိုရင် ငါဘယ်သူဆိုတာ သိနေရမယ်လေ''

''ဟုတ်ပါတယ်၊ ကျွန်မ ရန်ကုန်က လာတာပါ''

''ရန်ကုန်က ဒါဖြင့် မင်း အသုဘကို မမီတော့ဘူးပေါ့ မိန်းကလေး'

''ဘာရှင့်၊ အသုဘ ဟုတ်လား''

''အေးလေ မင်း၊ နန်းကြာမိုးရဲ့ အသုဘကိုလာတာ မဟုတ်ဘူးလား''

''အမယ်လေး ဒေါ်နန်းကြာမိုး၊ ကျွန်မ ကြီးကြီး ဒေါ်နန်းကြာမိုး သေသွားပြီလား၊ ဟုတ်ရဲ့လား အဘ၊ ပြောစမ်းပါ''

''မင်း မသိဘဲကိုး၊ နို့ မင်းက အသုဘကိစ္စအတွက် လာတာမဟုတ်ဘူးလားကွယ့်''

အဘိုးအိုက ကျွန်မနှင့် စကားစပြောချိန်မှစ၍ မြင်းလှည်းအိမ်အတွင်းဘက်သို့လှည့်ကြည့်ကာ စကားပြောလာခဲ့သည်။ မြင်းလှည်းက သူ့ဘာသာသူသွားလျက်ရှိလေ၏။ မြင်းသည် ဤခရီးလမ်းကို သွားလာနေကျဖြစ်ပုံရသည်။

''နန်းကြာမိုး ပြီးခဲ့တဲ့လပြည့်နေ့က သေတယ်။ ဒီအရပ် ထုံးစံအတိုင်း လပြည့်နေ့သေရင် နေ့ကူးအောင် မထားရဘူး။ ချက်ချင်း သင်္ဂြိုဟ်ရတယ်။ သူ့အသုဘကို ညကြီးမှာ ချခဲ့ရတာပေါ့''

''အို''

''ဒီနေ့ လပြည့်ကျော် ၈ ရက်ဆိုတော့ သူသေတာ ၈ ရက်ရှိပြီ။ ရက်လည်ဆွမ်းသွတ်တောင် လုပ်ပြီးပြီလေ''

ကျွန်မကို ကြီးကြီးသေကြောင်း အကြောင်းကြားသူ မရှိခဲ့လို့လား။

ရှေ့နေကြီးဦးစိုးမြင့်ကတော့ အကြောင်းကြားကောင်း ကြားမည် ထင်ပါ၏။ ကျွန်မသည် ရန်ကုန်မှမထွက်ခွာမီ ငှားထားသောအခန်းကို အပ်ပစ်ခဲ့သည်။ သူငယ်ချင်းအိမ်တွင် ဆယ့်လေးငါးရက်နေခဲ့သည်။ ကုမ္ပဏီမှ နုတ်ထွက်ပြီး အချိန်ဖြစ်ရာ နာရေးအကြောင်းကြားချက် ရောက်လာသည့်တိုင် ကျွန်မရှိရာကို သတင်းဆက်မပို့နိုင်ခြင်းမျိုးလည်း ဖြစ်နိုင်လေသည်။

ကျွန်မသည် ကြားရသောသတင်းစကားကြောင့် နွမ်းလျသွားသည်။ စိတ်ရောကိုယ်ပါ မောဟိုက်သွားလေသည်။

ရွှေဖီမိုးမှ ကျွန်မအားကြိုဆိုမည့် တစ်ဦးတည်းသော ဆွေမျိုးသားချင်းမှာ ကျွန်မမရောက်မီ ကွယ်လွန်နှင့်လေပြီ။ ကျွန်မကို ကြိုဆိုမည့်သူ မရှိတော့။

အဘိုးအိုက ကျွန်မနှင့်စကားပြောအပြီးတွင် ရှေ့တူရူသို့ မျက်နှာပြန်လှည့်ကာ မြင်းလှည်းကို ဆက်မောင်းနေလေသည်။

ကြိုဆိုမည့်သူမရှိသော ကျွန်မအတွက် နေရာသစ် ဝန်းကျင်သစ်တွင် မည်သို့ဆက်၍စခန်းသွားရမည်လဲ။ ကျွန်မခေါင်းထဲ၌ အတွေးများ ယောက်ယက်ခတ်နေတော့သည်။

''ဟီ ဟီ ဟီ ့ဟား ဟား ဟား''

ရုတ်တရက် မြင်းလှည်းမောင်းသောအဘိုးအိုထံမှ ရယ်မောသံ ထွက်ပေါ်လာလေ၏။

''ဟား ့ဟား ့ဟား ့ဟား ့ဟင်း ဟင်း ဟင်း''

''ဘာရယ်တာလဲ အဘ''

''သဘောကျလို့ပါ၊ သဘောကျလို့ပါ ဟား ဟား ဟား''

''ရှင်''

''ကြည့်စမ်း ့ငါဟာ အသုဘခေါင်းတလားတစ်ခုကို အဲဒီ ခေါင်းတလားထဲမှာ သေမယ့်လူနဲ့အတူတူ မြင်းရထားတစ်စီးတည်းမှာ တင်ပြီး သယ်လာခဲ့တယ်၊ ရယ်စရာမကောင်းဘူးလား''

''ဘာရှင့်''

'ငါဟာ ခေါင်းတလားချည်းသက်သက် လုပ်ရောင်းတဲ့လူပါ။အသုဘချတဲ့ သုဘရာဇာ မဟုတ်ပါဘူး။ ခုတော့ ငါ့အဖြစ်က အသုဘချလာသလိုဖြစ်နေပြီ။ အဟေး ့ဟေး ဟေး''

''အဘ၊ ဘာတွေပြောနေတာလဲ''

''ဩော် ့မိန်းကလေးနယ် ့ဟောဒီရထားပေါ်မှာ တင်လာတဲ့ပစ္စည်းဟာ တခြားမဟုတ်ဘူးကွယ့်။ အလောင်းထည့်တဲ့ ခေါင်းတလားတစ်လုံးပဲ''

''အို''

ကျွန်မသည် ရှိရင်းစွဲထက်ပိုရှည်နေသည့် သေတ္တာတစ်လုံး သ ့့ဏ္ဍာန်ကို ခုမှပင် သဘောပေါက်တော့၏။

''ပြီးတော့ အဲဒီခေါင်းတလားဟာ တခြားသူအတွက် မဟုတ်ဘူး၊ မင်းအတွက်ပဲ''

''ဘာရှင်''

''မင်းသေရင် အသုဘချဖို့ ခေါင်းတလားလေ ့ဟား ဟား ဟား''

''တော်တော့၊ ဒါ နောက်စရာမဟုတ်ဘူး အဘ''

''မနောက်ပါဘူးကွယ်၊ ငါ့တစ်သက်မှာ တစ်ခါမျှလည်း မနောက်ပြောင်ခဲ့ဖူးပါဘူး။ အမှန်ပြောနေတာပါ၊ ဟောဒီ ခေါင်းကြီးဟာ မင်းအတွက် ရည်ရွယ်ပြီးလုပ်ထားတဲ့ ခေါင်းတစ်လုံးပဲ။ မယုံရင် မင်း ဖတ်ကြည့်လေ။ မင်း နာမည် ***မူရာကျော့ယဉ်*** မဟုတ်လား၊ ခေါင်းနံရံမှာ အဲဒီနာမည်ကို ရေးထားတယ်ကွယ့်''

''ဟင်''

ကျွန်မက လက်ဆွဲအိတ်ထဲမှ လက်နှိပ်ဓာတ်မီးကို ထုတ်ယူလိုက်သည်။

သူ ပြောသောအရာပေါ်သို့ ထိုးကြည့်လိုက်၏။

အမှန်ပင် ထိုအရာသည် အသုဘခေါင်းတလားတစ်ခု အမှန် ဖြစ်နေပါ၏။ ကျွန်းသားဖြင့်ပြုလုပ်ထားဟန်တူပြီး အနားနှင့်ထောင့်များ၌ ကနုတ်ပန်းများ ရေးခြယ်ထားပေသည်။

ကျွန်မက ခေါင်း၏အလယ်နံရံဆီသို့ ဓာတ်မီးရောင်ကို ရွှေ့လိုက်သည်။

**''အမယ်လေး''**

မူရာကျော့ယဉ်
အသက် (      ) နှစ်

ဆိုသောစာသားကို ထင်ထင်ရှားရှားကြီး ဖတ်ရှုလိုက်ရပါလေ၏။

''တွေ့ပြီ မဟုတ်လား၊ အဲဒါဟာ မင်းအတွက် မင်းသေရင် အသုဘချဖို့ ခေါင်းပဲကွယ့်။ ငါစေတနာထားပြီး အကောင်းဆုံးဖြစ်အောင် လုပ်ထားပါတယ် မိန်းကလေး''

''ဒါ ဘာသဘောလဲ၊ ဒါဘာသဘောလဲ၊ ရှင်ကရော ဘယ်သူလဲ၊ ကျွန်မနာမည်ကို ဘယ်လိုသိနေတာလဲ၊ ကျွန်မ ကျွန်မကို ဘာသဘောနဲ့ ဒီလိုစော်ကားရတာလဲ ဟင်''

''စော်ကားတယ်၊ ဒီလိုထင်ရင် မင်းမှားမှာပေါ့ မိန်းကလေးရဲ့။ တကယ်တော့ မင်းရဲ့ကြီးတော်ကြီးက မင်းအတွက် စီစဉ်ပေးသွားတာပါ၊ နန်းကြာမိုးကိုယ်တိုင် စီစဉ်ခဲ့တဲ့အစီအစဉ်ပါ''

''မဖြစ်နိုင်ဘူး''

''ရွှေဖီမိုးမိသားစုများဟာ မျိုးရိုးစဉ်ဆက် ဒီအလေ့အထကို ကျင့်သုံးခဲ့တယ်လေ။ သူတို့ဟာ မသေခင်ကတည်းက ကိုယ်သေရင် အသုဘချမယ့် ခေါင်းတလားကို စိတ်ကြိုက်ပြုလုပ်ထားတတ်ကြတယ်ကွယ့်။ ဒါဟာ ရွှေဖီမိုး မိသားစုရဲ့ ဓလေ့ထုံးစံပဲ''

''အို''

''ငါဟာ ရွှေဖီမိုးမိသားစု အစဉ်အဆက်အတွက် အသုဘခေါင်းတွေကို တစ်ဦးတည်း ဒိုင်ခံပြီးလုပ်ပေးခဲ့တဲ့ လုပ်ငန်းရှင်တစ်ယောက်ပဲ။ ငါဟာ မင်းတို့ရဲ့ အဘိုးလက်ထက်ကစပြီး အိမ်သားအားလုံးအတွက် ခေါင်းတွေကို ပြုလုပ်ပေးခဲ့ရတယ် မူရာကျော့ယဉ်''

''အို''

''သူတို့အားလုံး ငါလုပ်ပေးတဲ့ခေါင်းကို ကျေနပ်ခဲ့ကြတယ်ကွယ့်။ ဟဲ ့ဟဲ ့ငါ့အတွက် ခေါင်းလုပ်ပေးခွင့် မရခဲ့တဲ့ ရွှေဖီမိုးမိသားစုဝင်ဆိုလို့ တစ်ယောက်ပဲရှိတယ်။ အဲဒါကတော့ မင်းအဖေ ခွန်သာမိုးပဲ''

''တော်ပါတော့''

''ခွန်သာမိုးတစ်ယောက် ငယ်ငယ်ကတည်းက ရွှေဖီမိုးမိသားစုထဲက ထွက်သွားလိုက်တာ ဘယ်ရောက်လို့ ဘယ်ပေါက်မှန်း မသိခဲ့ဘူး။ ငါဟာ သူ့အတွက် ခေါင်းတစ်လားလုပ်ပေးခွင့်ရမယ်အထင်နဲ့ စောင့်မျှော်ခဲ့သေးတာပေါ့။ သူအရပ်တစ်ပါးမှာ သေခဲ့ပြီလို့ ငါသိခဲ့ရတာ မကြာသေးဘူး။ ခုတော့ ခွန်သာမိုးအစား သူ့သမီး မင်းအတွက်ပဲ ခေါင်း လုပ်ပေးခွင့် ရတော့တယ်။ ငါကျေနပ်ပါတယ်၊ ငါ့အသက် ၇၀ ကျော်ပြီလေ။ အသက် ၇၀ အတွင်းမှာ မင်းတို့ရဲ့ မြင့်မြတ်တဲ့မိသားစုဝင်တွေကို မျိုးဆက်သုံးဆက်တိတိ ခေါင်းလုပ်ပေးခွင့်ရတဲ့အတွက် ငါကျေနပ်ပါတယ်။ နှစ်ပေါင်းငါး ဆယ်ကျော် ငါ့ကို အသုံးပြုတဲ့အတွက်လည်း ငါက မင်းတို့ ရွှေဖီမိုးမျိုးဆက်များကို ကျေးဇူးတင်ပါတယ် ဟား ့ဟား''

''တော်ပါတော့ရှင်၊ တော်ပါတော့၊ ကျွန်မ ဆက်ပြီးကြားနိုင်တဲ့ အင်အားမရှိတော့ဘူး။ လူမသေခင် ခေါင်းကြိုလုပ်ထားတယ်ဆိုတာ ကျွန်မ တစ်သက်မှာ မကြားခဲ့မကြုံခဲ့ဘူးလို့ ကျွန်မ လက်မခံနိုင်ဘူး။ ဒီအဖြစ်ကိုလည်း အလွန်ပဲ စက်ဆုပ်ရွံ့ရှာမိတယ်။ မကြားပါရစေနဲ့တော့''

''ဒါဆိုရင် မင်းအထင်တွေ မှားနေပြီပေါ့ မိန်းကလေး။ ခေါင်းကြိုလုပ်တာဟာ တမလွန်ကို ဘဝကူးတဲ့အခါ လှလှပပဖြစ်အောင် ကြိုတင်ပြင်ဆင်ခြင်းပဲ။ မင်းကို ခုချက်ချင်းသေစေတော့ဆိုတဲ့စိတ်မျိုးနဲ့ လုပ်တာမှမဟုတ်ပဲ။ ခေါင်းပေါ်မှာ မင်းနာမည်ရေးထားပေမဲ့ အသက်ကိုတော့ ကွက်လပ်ထားထားတာ မင်းတွေ့မှာပေါ့။ အသက်ကိုတော့ မင်းသေတဲ့ အခါကျမှ ကျန်ရစ်သူတွေက မင်းသေတဲ့ အသက်အရွယ်အတိုင်း ကွက်လပ်ထဲမှာ ဖြည့်ကြလိမ့်မယ်ကွယ့်။ မင်းရဲ့ကြီးတော်ကြီး နန်းကြာမိုးဟာ မင်းကို ရွှေဖီမိုးမိသားစုဝင်တစ်ယောက်လို့ အသိအမှတ်ပြုပြီး ဟောဒီ ခေါင်းတလားကို ခမ်းခမ်းနားနား လုပ်ခိုင်းခဲ့တာကွယ့်။ မင်းအလာလမ်းကို ခေါင်းကြီးနဲ့အတူ ကြိုဆိုဖို့ သူက စီစဉ်ထားခဲ့တာ''

''အို ့တော်ပါတော့''

''ဒါတွေကို နန်းကြာမိုး ငါ့ကိုပြောပြထားလို့ ငါသိနေရတာ။ သူ့ရဲ့နောက်ဆုံးမျိုးဆက်သွေး မင်းလေးအတွက် ခေါင်းကို အကောင်းဆုံး ဖြစ်အောင်လုပ်ပေးဖို့ ငါ့ကို ဈေးကြီးပေးပြီး အပ်နှံခဲ့တာလေ။ ပြောသေးတယ်၊ ငါ့အတွက် လည်း ဒါဟာ ရွှေဖီမိုးမိသားစုအတွက် ခေါင်းလုပ်ပေးရတာ နောက်ဆုံးဖြစ်လိမ့်မယ်တဲ့။ မှန်ပါတယ် မူရာကျော့ယဉ်၊ ငါ့အသက်ကလည်း ကြီးလှပြီလေ၊ မင်းကလည်း အပျိုဆိုတော့ မင်းနောက်မှာ ပွားလာမယ့်မျိုးဆက်သစ်ဆိုတာ အကြာ ကြီးစောင့်ရလိမ့်ဦးမယ်။ ရွှေဖီမိုးရဲ့ နောက်မျိုးဆက်တွေအတွက် ခေါင်းတလားကို ငါလုပ်ပေးနိုင်တော့မယ် မဟုတ်ဘူး။ မင်းအတွက်လုပ်ပေးတဲ့ ဟောဒီ ခေါင်းတလားကြီးဟာ ငါ့အတွက် နောက်ဆုံးပဲဖြစ်မှာပါ''

ကျွန်မသည် အဘိုးကြီး၏စကားများကို ဆက်သည်းမခံနိုင်တော့ပေ။

''ကဲ ့ရှင်ပြောစရာစကား ဒါအကုန်ပဲလား။ ကျွန်မကတော့ ဆက်ပြီး မကြားချင်တော့ပါဘူး။ ကျွန်မကို မြင်းလှည်းသာ ရပ်ပေးပါတော့။ ဘာပဲဖြစ်ဖြစ် ကျွန်မဟာကျွန်မ ဆက်လျှောက်သွားတော့မယ်။ မြင်းလှည်း ရပ်ပေးပါ''

ကျွန်မက သည်းမခံနိုင်တော့သည့်အဆုံး အဘိုးကြီးအား အော်ဟစ်ပြောဆိုလိုက်လေသည်။

''မြင်းလှည်းကို ရပ်ရမယ်၊ ဟုတ်၊ ဟုတ်တာပေ့ါ။ ရပ်ရမှာပေ့ါ။ ဘာဖြစ်လို့လဲဆိုတော့ ရွှေဗီမိုး အိမ်ကြီးရှေ့ကို ရောက်နေပြီလေ။ မင်းရဲ့ခရီးဆုံးကို ရောက်ပါပြီ၊ ရပ်လိုက်ပါပြီကွယ်''

''ဟင်''

မြင်းလှည်းက တုံ့ခနဲ ရပ်သွားသည်။

ကျွန်မက မြင်းလှည်းပေါ်မှ ခုန်ဆင်းလိုက်သည်။

ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်သည်။

အမှောင်ထုကြောင့် သဲကွဲစွာမမြင်ရသေး။ ကျွန်မအမြင် အာရုံများ ကြည်လင်လာသည့်အခါ ကျွန်မတို့သည် ကျယ်ဝန်းလှသော ခြံကျယ်ကြီးတစ်ခုရှေ့၌ ရောက်နေသည်ကို တွေ့လိုက်ရလေ၏။ အိမ်အိုကြီးတစ်လုံးကို ခြံကြီး၏ အလယ်တည့်တည့်တွင် ထီးထီးမားမားကြီး မြင်တွေ့လိုက်ရ၏။ အိမ်ကြီးက သစ်ပင်များထက်ပင် မြင့်မားကာ အမှောင် ထုထဲတွင် မိုးကောင်းကင်သို့ ထိုးထွက်နေလေသည်။ အိမ်ကြီးမှာ လမ်းမမှ အတန်ပင် အလှမ်းကွာဝေးနေပေ၏။

အဘိုးကြီးက မြင်းလှည်းရှေ့မှ ခုန်ဆင်းလိုက်ကာ နောက်သို့ပတ်လာရင်း အခေါင်းကြီးကို မြင်းလှည်းအိမ်ထဲမှ ဆွဲထုတ်လိုက်သည်။

''မနေ့က ညအထိတော့ ဒီအိမ်မှာ ဖဲဝိုင်းတွေရှိသေးလို့ မီးတွေ လင်းထိန်နေတာပဲကွယ့်။ ဒီနေ့တော့ နန်းကြာ မိုးသေတာ တစ်ပတ်ကျော်သွားပြီဆိုတော့ မယ်အိုဇာက ဖဲဝိုင်းလုပ်ခွင့်မပြုတော့ဘူး ထင်ပါရဲ့''

အမည်နာမအသစ်တစ်ခုကို ကျွန်မ ကြားလိုက်ရခြင်း ဖြစ်ပါသည်။

**''မယ်အိုဇာ''**

''မယ်အိုဇာဆိုတာ ဒီအိမ်က ဘဏ္ဍာစိုးမိန်းမကြီးပဲ။ ငါ သူ့ကို ရအောင်ခေါ်ပေးပါ့မယ်''

အဘိုးအိုက ခေါင်းတလားကိုထမ်း၍ မ,ထုတ်လိုက်သည်။ ပြီး မြေကြီးပေါ်သို့ချထားလိုက်၏။ ကျွန်မက ခေါင်းကိုမကြည့်မိအောင် မျက်နှာလွှဲထားလိုက်လေသည်။

အဘိုးအိုသည် ဝင်းတံခါးအဝသို့သွားကာ အတွင်းသို့ အော်ခေါ်လိုက်၏။

''မယ်အိုဇာ ့မယ်အိုဇာ''

အဘိုးအို၏အော်သံကြောင့် အနီးအနားသစ်ပင်များမှ အိပ်တန်းတက်နေသောငှက်များ လန့်ပျံသွားကြလေ သည်။

''မယ်အိုဇာ ့ ဗျိုး ့မယ်အိုဇာ''

အိမ်အတွင်းထဲမှ ခွေးဟောင်သံထွက်ပေါ်လာလေသည်။

''မယ်အိုဇာ့ ကျုပ်ခေါ်နေတာ ကြားရဲ့လား''

''ဗျိုး''

အတွင်းထဲမှ ပြန်ထူးသံထွက်ပေါ်လာ၏။ အသက်ကြီးကြီး မိန်းမကြီးတစ်ယောက်၏အသံ ဖြစ်သည်။

''ဒီမှာ မူရာကျော့ယဉ် ရောက်နေပြီ။ ကျုပ်မြင်းလှည်းကြုံနဲ့ သူ့ကို ခေါ်လာတယ်။ သူ့အတွက် ခေါင်းကို လာပို့ရင်း ခေါ်လာတာဗျို့။ အိမ်ရှေ့မှာ ခေါင်းရော လူရော ထားခဲ့ပြီ၊ ထွက်ကြိုလိုက်ပေတော့ဗျို့''

အဘိုးအိုက အိမ်အတွင်းဘက်သို့ အကျိုးအကြောင်းစုံလင်အောင် အော်ပြောလိုက်ပြီးနောက် သူ့မြင်းလှည်း ပေါ်သို့ ခုန်တက်လိုက်လေသည်။

''အဘက ပြန်တော့မလို့လား''

''အေး ့မယ်အိုဇာ မင်းကိုထွက်ခေါ်ပါလိမ့်မယ်။ ငါတော့ သွားပြီဟေ့''

ကျွန်မသည် တစ်လမ်းလုံး မနှစ်မြို့စွာ ဆက်ဆံခဲ့သော အဘိုးကြီး ထွက်သွားပုံကိုကြည့်ကာ အားကိုးရာမဲ့သလို ဖြစ်သွားမိသည်။

အဘိုးကြီးက မြင်းလှည်းကိုမောင်းနှင်ကာ တရွေ့ရွေ့ထွက်ခွာသွားသည်။ မြင်းခွာသံပျောက်ဆုံးသွားသည်အထိ ကျွန်မ မလှုပ်မယှက် ရပ်နေမိ၏။

အိမ်ထဲမှ မည်သူတစ်ဦးတစ်ယောက်မျှ ထွက်မလာသေး။

အိမ်ရှေ့အမှောင်ထုထဲဝယ် ကျွန်မတစ်ယောက်တည်း။

ဆောင်းလေက အသည်းထဲအထိ အေးစိမ့်အောင် တိုက်ခတ်လို့။

ပတ်ဝန်းကျင်တစ်ခုလုံးကလည်း မှောင်မည်းလို့။

ကျွန်မဘေးတွင် လူသေအလောင်းထည့်သည့် ခေါင်းတလားကြီးတစ်လုံးက လဲလျောင်းလျက်။ ထိုခေါင်းတလားသည်လည်း ကျွန်မသေလွန်သည့်အခါ ကျွန်မအလောင်းကို ထည့်သွင်းသင်္ဂြိုဟ်မည့် ခေါင်းတလားကြီး ဖြစ်နေသည်။

ကျွန်မကို နွေးထွေးစွာကြိုဆိုမည့် ကြီးကြီးဒေါ်နန်းကြာမိုးလည်း မရှိတော့ပါလား။ ကျွန်မ မြင်ခွင့်ပင် မကြုံလိုက်ရသော ကြီးတော်ကြီးသည် ကျွန်မရောက်မလာမီ သေနှင့်လေပြီ။

ရန်ကုန်ကိုပြန်ဖို့လည်း ကျွန်မအတွက် မလွယ်ကူတော့။ ကျွန်မအတွက် နေစရာထိုင်စရာ၊ အလုပ်အကိုင်၊ အားကိုးအားထားပြုစရာလူ စသည့် တစ်စုံတစ်ခုမျှ ရန်ကုန်တွင် မရှိတော့ပါ။

အမှောင်ထုကြီးသည် ကျွန်မကိုယ်ပေါ် ပိကျလာသည် ထင်မိ၏။ ကျွန်မကိုယ်ပေါ်သာမဟုတ်၊ ကျွန်မဘဝတစ်ခုလုံးပေါ်သို့ အမှောင်ထုကြီး ပြိုကျလာခြင်းဖြစ်သည်။

အမှောင်ထဲမှ ကျွန်မဘဝ ..

ရှေ့တိုးရမည်လား ..

နောက်ဆုတ်ရမည်လား ..

ခရီးဆက်ရမည်လား ..

လာလမ်းပြန်ရမည်လား ..

ကျွန်မ ဘယ်လိုဆုံးဖြတ်ရမလဲ ..

အမှောင်ထုရယ်၊ အလောင်းကောင်ထည့်သည့် ခေါင်းတလားတစ်လုံးရယ်၊ ကျွန်မရယ်၊ အနာဂတ်မဲ့သော အတွေးများရယ်..

♛ ♛ ♛ ♛ ♛

၃

အတန်ငယ်ကြာမှပင် ခြံဝင်းအတွင်းမှ စက်နှိုးသံတစ်ခု ထွက်ပေါ်လာကာ ရုတ်တရက် မီးများလင်းထိန်သွားသည်ကို တွေ့လိုက်ရလေ၏။

မီးစက်နှိုးလိုက်ခြင်း ဖြစ်ပေမည်။

လင်းလက်လာသောမီးရောင်ကြောင့် ကျယ်ပြန့်မြင့်မားလှသော နှစ်ထပ်အိမ်ကြီး၏သွင်ပြင်မှာ ခြီးအလယ်တည့်တည့်၌ ထင်ထင်ရှားရှားကြီး ရှိနေတော့သည်။

အိမ်ရှေ့တံခါးပေါက်ကြီးပွင့်လာကာ လူသုံးဦး၏ အရိပ်သဏ္ဍာန် ထွက်ပေါ်လာလေ၏။

လူသုံးဦးသည် အိမ်ရှေ့ဘက်ဆီသို့ ကျွန်မကို ကြိုဆိုရန် လျှောက်လာကြသည်။ သွက်လက်ဖျတ်လတ်ဟန်တူသော လူငယ်တစ်ဦးအသွင်က ရှေ့ဆုံးမှ ရောက်လာလေ၏။ သူသည် ဝင်းတံခါးဝကြီးဆီသို့ ဦးစွာ ရောက်လာကာ တံခါးမကြီးအား ခတ်ထားသောသော့ခလောက်ကြီးကို သူ့လက်ထဲမှသော့တံကြီးဖြင့် ထိုးဖွင့်လိုက်လေ၏။

တံခါးပွင့်သွားသည်နှင့် လူသုံးဦးက ခြံအပြင်တွင်ရပ်နေသော ကျွန်မထံ လျှောက်လှမ်းလာလေသည်။ မီးရောင်ကိုနောက်ကျောခိုင်းထား၍ သူတို့၏မျက်နှာများကိုတော့ ကျွန်မပီပြင်အောင် မမြင်သာသေးပါ။

လူရွယ်က ကျွန်မဆီသို့ ဦးဆုံးရောက်လာကာ ကျွန်မရှေ့တွင် ရပ်လိုက်လေသည်။

''မမမူရာ ့ဟာ ့ မမမူရာက လှလိုက်တာဗျာ''

''အို''

မျှော်လင့်မထားသော အပြောအဆိုကြောင့် ကျွန်မအံ့အားသင့်သွားမိသည်။ သူ မည်သူလဲ။ ကျွန်မကို ဘာကြောင့် မမမူရာလို့ တရင်းတနှီး ခေါ်လိုက်ရတာလဲ။ သူသည် ကျွန်မ ထက်ငယ်သောလူငယ်တစ်ဦး ဖြစ်တာတော့ သေချာပါသည်။

''မောင်မောင်၊ မူရာကျော့ယဉ် ခုမှရောက်တယ်။ အိမ်ထဲ ဝင်ပါစေဦး''

နောက်မှပါလာသောအမျိုးသမီးက ပြောလိုက်ခြင်း ဖြစ်လေသည်။

မောင်မောင်ဆိုသူနှင့်အတူ အမျိုးသမီးနှစ်ယောက်ပါလာရာ တစ်ယောက်က အိုမင်းရင့်ရော်ပြီး ခါးကိုင်းနေသော အဘွားအိုတစ်ဦးဖြစ်သည်။ မြင်းလှည်းသမားအဘိုးအိုပြောခဲ့သော ဒေါ်အိုဇာဆိုသူ ဖြစ်ပေလိမ့်မည်။ မောင်မောင့်ကို စကားလှမ်းပြောလိုက်သူမှာ ကျွန်မနှင့် အသက်မတိမ်းမယိမ်းခန့်ဖြစ်မည်ဟု ခန့်မှန်းရသော အမျိုးသမီး ဖြစ်ပေ၏။

''သခင်မလေး ့သခင်မလေးရောက်လာလို့ ဒေါ်အိုဇာ ဝမ်းသာပါတယ်။ ဒီနေ့မှ ရထားကလည်း အတော်နောက်ကျသကိုး။ ရောက်လာမယ်ဆိုတာကြိုသိရင် ဘယ်လောက်မိုးချုပ်ချုပ် ကျွန်မ ဘူတာရုံမှာ လာကြိုနေမှာပါ''

ဒေါ်အိုဇာက ကျွန်မရှေ့တွင် ရိုကျိုးစွာရပ်ကာ ပြောလိုက်သည်။ တကယ်တော့ သူမ၏ခါးသည် ကိုင်းနေပြီးသားဖြစ်ရာ ကျွန်မရှေ့တွင် ရပ်လိုက်သည်၌ ဦးညွှတ်အရိုအသေပေးသကဲ့သို့ ဖြစ်နေပြီး ဖြစ်ပါသည်။

''ဟုတ်ကဲ့၊ ကျွန်မအတွက် အပန်းကြီးမှာစိုးလို့ အကြောင်းမကြားခဲ့တာပါ။ လမ်းခရီးကိုလည်း ဒီလောက်ခက်ခဲမယ် မထင်ခဲ့ဘူးလေ။ ကျွန်မ ့ကျွန်မလည်း ကြီးကြီးကို တွေ့ခွင့်မရလိုက်လို့ စိတ်မကောင်းဖြစ်ရပါတယ်''

''သခင်မကြီးက မသေခင် သူ့တူမလေးကို မြင်ချင်လွန်းလို့ သခင်မလေးအလာကို စောင့်နေရှာတာပါ။ သခင်မလေးနဲ့ တစ်ပတ်ပဲ လွဲသွားတယ်။ မနေ့ကပဲ သခင်မကြီး ရက်လည်တယ်''

ဒေါ်အိုဇာက ပြောအပြီးတွင် မျက်လုံးအိမ်မှ မျက်ရည်များကို သုတ်လိုက်သည်။ အသက်ကြီး၍ မျက်ဝတ်ထွက်တာလား၊ ဝမ်းနည်း၍ မျက်ရည်ကျသည်လား မသိနိုင်ပေ။

''ကဲပါ ့အိမ်ထဲကျမှ အကျိုးအကြောင်းတွေ၊ မိတ်ဆက်စကားတွေပြောကြစို့၊ ဝင်ကြရအောင်''

အမျိုးသမီးက လောဆော်လိုက်သည်။

''အပြင်မှာလည်း သိပ်မှောင်နေပြီ မဟုတ်လား၊ လာ့ မူရာကျော့ယဉ်၊ မမတို့ အိမ်ထဲဝင်ကြစို့''

ထိုအမျိုးသမီးက သူ့ကိုယ်သူ မမ ဟု နာမ်စားသုံးရင်း ကျွန်မကို လက်ကမ်းပေးလိုက်သည်။

''သယ်စရာတွေများသလား''

''ကျွန်မမှာ သယ်စရာ အိတ်တစ်လုံးပဲ ပါပါတယ်''

''ဒေါ်အိုဇာ သယ်ခဲ့ပါ့မယ်''

''အို ့မဟုတ်တာ''

အသက်ကြီးပြီး ခါးကိုင်းနေသော မိန်းမကြီးတစ်ယောက်က ကျွန်မအထုပ်ကို သယ်ပေးမည့်အဖြစ်မှာ ကြည့်မကောင်းလှ၍ ကျွန်မက ငြင်းပယ်ရင်း လက်ဆွဲအိတ်ကို ကောက်ကိုင်လိုက်သည်။

''အခေါင်းကြီးကိုတော့ မောင်မောင်ထမ်းခဲ့မယ်နော်''

မောင်မောင်ဆိုသူလူငယ်က ပြောလိုက်သည်။

''ဟဲ့ ့မောင်မောင်၊ အလောင်းထည့်တဲ့အခေါင်းကို နင် သယ်စရာလား။ ဘယ်မှာလဲ၊ မောင်ပုနဲ့မသိန်းတို့ လင်မယား၊ အခိုင်းအစေတွေဟာ သိပ်နှောင့်နှေးပါလား၊ နှီးထားခဲ့တာတောင် ထမလာသေးဘူး''

''ဟော ့သူတို့လာကြပါပြီ''

ပြောဆိုနေစဉ်မှာပင် ့အိမ်ထဲမှ အလုပ်သမားဖြစ်ပုံရသော ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက် ထွက်လာလေသည်။ မမဆိုသူ၏အပြောအရ အိမ်အလုပ်သမားလင်မယား ဖြစ်ဟန်တူလေ သည်။

''မောင်ပု၊ အခေါင်းကြီးကိုအိမ်ထဲသွင်းခဲ့။ မသိန်း၊ မူရာကျော့ယဉ် လက်ထဲက အထုပ်ကိုသယ်ခဲ့။ ကဲ ့လာ ့မူရာကျော့ယဉ်၊ အိမ်ထဲကျမှ စကားအေးအေးဆေးဆေး ပြောကြရအောင်'

အားလုံးကို မမကပင် ဦးဆောင်အမိန့်ပေးသွားခဲ့သည်။

***

အိမ်ထဲသို့ရောက်ပါပြီ။

မီးစက်နှိုးထားရ၍ထင်သည်၊ မီးချောင်းတစ်ချောင်းသာ ဧည့်ခန်းတွင်ထွန်းထားသောကြောင့် အလင်းရောင် အားနည်းလျက်ရှိပေ၏။ ဧည့်ခန်းကြီးက မီးချောင်းတစ်ချောင်း၏အရောင်ဖြင့် မလုံလောက်အောင် ကျယ်လွန်းလှပေ သည်။

ကျွန်မက အိမ်ကြီးအနေအထားကို ယေဘုယျလေ့လာလိုက်သည်။

အိမ်ကြီးသည် ခမ်းနားမှုနှင့်ဟောင်းနွမ်းမှု အားပြိုင်နေသလိုဖြစ်နေပေ၏။ တစ်ချိန်က ခမ်းနားကြီးကျယ် ခဲ့ပုံရသော အိမ်အပြင်အဆင်မှာ ပြုပြင်မွမ်းမံမှုအားနည်း၍ ဟောင်းနွမ်းရင့်ရော်လာပုံမျိုးပင်။

''ထိုင်ပါ သခင်မလေး''

ဒေါ်အိုဇာက ကုလားထိုင်တစ်လုံးကိုညွှန်ပြကာ ကျွန်မကို ပြောလိုက်သည်။ သူထိုင်ခိုင်းသောကုလားထိုင်မှာ ဆက်တီထိုင်ခုံ၏ထိပ်ဘက်တွင်ရှိသော ကုလားထိုင်ဖြစ်ပါ၏။ ဒေါ်အိုဇာက နံရံတွင်ချိတ်ထားသော ဖုန်သုတ်ကြက်မွေး ကိုယူကာ ကုလားထိုင်ကို လှည်းကျင်းလိုက်၏။

ကျွန်မက နီးရာကုလားထိုင်တစ်လုံးတွင်သာ ဝင်ထိုင်လိုက်သည်။

''အို ့သခင်မလေး၊ သခင်မလေးထိုင်ရမှာက ဒီထိပ်က ကုလားထိုင်ပါ၊ ဒီမှာပဲ ထိုင်ပါ''

ကျွန်မအား သခင်မတစ်ယောက်သဖွယ် အလေးတယူပြုနေခြင်းကို ကျွန်မ မနေတတ်ပေ။ သို့သော် ဒေါ်အို ဇာကျေနပ်အောင် သူမ ပြသောကုလားထိုင်မှာပင် ထိုင်လိုက်ရ၏။

မမသည် ဘေးဘက်မှ အခြားကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။ မမ၏အပြုအမူမှာ အနည်းငယ် ကြမ်းတမ်းသွားသယောင် ထင်မိပေ၏။

''မောင်မောင်၊ မင်းလည်းဝင်ထိုင်၊ တို့မောင်နှမ မူရာကျော့ယဉ်နဲ့ မိတ်ဆက်ရအောင်။ ပြီးမှ အိမ်က အခိုင်းအစေတွေနဲ့ မိတ်ဆက်ပေးတာပေါ့''

မမက ပြောလိုက်ခြင်းဖြစ်ပါသည်။

မောင်မောင်သည် မမနှင့်ဘေးချင်းကပ်လျက်ခုံတွင် ဝင်ထိုင်လိုက်၏။

ဒေါ်အိုဇာကတော့ ကျွန်မကုလားထိုင်ဘေးတွင် ရိုကျိုးစွာရပ်လျက်ရှိပေသည်။ သူမသည် အရိုးအပြိုင်းပြိုင်း ထအောင် ပိန်လှီကာ ခါးကိုင်းနေသော အဘွားအိုတစ်ဦးဖြစ်သည်။ ဒေါ်အိုဇာကို ကျွန်မက ထိုင်ခိုင်းချင်သော်လည်း မမ နှစ်သက်ပုံမရသဖြင့် မပြောရဲချေ။

မမသည် ဤအိမ်တွင် မည်သည့်အဆင့်ရှိသလဲ။ မည်သို့ အရေးပါအရာရောက်သလဲ။ ကျွန်မနှင့်ရော မည်သို့ တော်စပ်သလဲ။ ကျွန်မ ဘာမျှ မသိသေးပေ။

မမက ဒေါ်အိုဇာကို အခိုင်းအစေတစ်ယောက်ဟု ပြောလိုက်ခြင်းမှာ ရိုးရိုးလား၊ ကျွန်မသိအောင် တမင် ပြောသလား မသိပေ။

''မူရာကျော့ယဥ် ရောက်လာမယ်ဆိုလို့ မမတို့မျှော်နေခဲ့တာ ကြာပြီကွယ့်။ မမနာမည်က **မေခင်မိုးမြင့်** ပါ။ မောင်မောင်က မမရဲ့ မောင်လေး **အာကာမောင်မောင်** တဲ့။ တို့နဲ့ မူရာကျော့ယဥ်ဟာ ဆွေမျိုးသားချင်းတွေ ပေါ့ကွယ်''

''ဟုတ်ကဲ့''

''ပြီးတော့ မေမေ ရှိသေးတယ်။ မမတို့အမေလေ၊ မေမေက နေမကောင်းလို့ အိပ်နေပြီ။ မေမေနဲ့တော့ မနက်မှမိတ်ဆက်ပေးတော့မယ်''

''ဟုတ်ကဲ့ပါ မမမေခင်''

''မမမိုးလို့ပဲ ခေါ်ကြတယ်ကွယ့်''

''ဟုတ်ကဲ့ မမမိုး''

''မောင်မောင့်ကိုတော့ အားလုံးက မောင်မောင်လို့ပဲ ခေါ်ကြတယ်လေ။ တို့မောင်နှမဟာ မူရာကျော့ယဥ်အတွက် အားကိုးရမယ့်သူတွေပါ မူရာကျော့ယဥ်''

''ကျွန်မကိုလည်း မူရာလို့ပဲ ခေါ်နိုင်ပါတယ် မမမိုး''

''အင်း ့ဒီအိမ်မှာ အရေးပါအရာရောက်တဲ့သူတွေကတော့ ဒါပါပဲ။ ကျန်တာတွေက အခိုင်းအစေတွေလေ၊ ဟြော်ဲ့ မူရာ့ဘေးမှာ ရပ်နေတာ ဒေါ်အိုဇာလေ၊ သူက မီးဖိုချောင်ကိစ္စ စီမံခန့်ခွဲတယ်''

ကျွန်မက ဒေါ်အိုဇာကိုလှည့်ကြည့်လိုက်သည်။ ဒေါ်အိုဇာသည် မေခင်မိုးမြင့်ပြောသည့်စကားများကို အရေးမစိုက်သလို မျက်နှာသေဖြင့် ရပ်နေ၏။ သူမက ကျွန်မကိုသာ ကြည့်နေပါသည်။

''ဒေါ်အိုဇာ့နာမည်ကိုတော့ လိုက်ပို့တဲ့အဘိုးကြီးပြောပြခဲ့လို့ ရောက်ရောက်ချင်း သိပြီးပါပြီ။ အဘိုးကြီးက ဒေါ်အိုဇာဟာ ဒီအိမ်ရဲ့ဘဏ္ဍာစိုးလို့ ပြောခဲ့ပါတယ်''

မေခင်မိုးမြင့်က ခပ်ဟဟရယ်မောလိုက်သည်။

''ဘဏ္ဍာစိုး ဟုတ်လား၊ ဟင်း ့ဟင်း ့ဈေးဖိုးလေး နည်းနည်းပါးပါး ကိုင်သုံးရတာကို ပြောနေတယ် ထင်ပါရဲ့ကွယ်''

မေခင်မိုးမြင့်က ဒေါ်အိုဇာ၏အနေအထားကို လှောင်ပြောင်သရော်လိုက်ခြင်းပင် ဖြစ်ပေမည်။

တစ်ချိန်လုံး ငြိမ်နေသော ဒေါ်အိုဇာက စကားတစ်ခွန်း ဝင်ပြောလိုက်၏။

''သခင်မလေးရှင့်၊ တကယ်တော့ ဒေါ်အိုဇာဟာ သခင်မလေးရဲ့အဘိုးလက်ထက်ကတည်းက ဒီအိမ်မှာ ရှိနေတဲ့ 'ကျွန်' တစ်ယောက်ပါ။ ဒေါ်အိုဇာဟာ အရှင်သခင်တွေကို သိတတ်ပြီး တာဝန်ကျေပွန်လို့ ဒီအချိန်ထိ ကျွန်သက်ရှည်နေတာပါရှင့်။ အခုလည်း သခင်မလေးအလာကို စောင့်ရမယ်လို့ သခင်မကြီးဒေါ်နန်းကြာမိုးက မိန့်ကြားခဲ့လို့ ကျွန်မဟာ သခင်မလေးအလာကို စောင့်နေပါတယ်။ ကျွန်မကို ဒီအိမ်မှာ ကျွန်အဖြစ် ဆက်ထား,မထားဆိုတာကတော့ သခင်မလေးရဲ့သဘောပါ။ သခင်မလေးက ထွက်သွားပါတော့ဆိုတာနဲ့ ဒေါ်အိုဇာ ဒီအိမ်က ထွက်သွားပါ့မယ် သခင်မလေး''

အဘွားကြီးနှုတ်မှ ထွက်လာသောစကားများက မထင်မှတ်လောက်အောင်ပင် ရှည်လျားကာ၊ ပညာသားလည်း ပါလွန်းလှသည်ဟု ကျွန်မ ရိပ်မိပေသည်။

''မဟုတ်တာပဲ ဒေါ်အိုဇာရယ်၊ အဘိုးအဘွားလက်ထက်ကတည်းက နေလာတဲ့အိမ်အလုပ်သမားတစ်ယောက်ကို ကျွန်မရောက်လာမှ ထုတ်ပစ်ရမယ်လို့၊ ကျွန်မ ဒါမျိုးမလုပ်ပါဘူး။ ဒါတွေစဥ်းစားဖို့လည်း အချိန်စောပါသေးတယ် ဒေါ်အိုဇာ''

''ဟုတ်ကဲ့ပါ သခင်မလေး၊ ဒေါ်အိုဇာကလည်း သခင်မလေးဟာ ဟောဒီအိမ်ကြီးနဲ့ ပတ်သက်လာရင် သြဇာအာဏာအရှိဆုံး၊ ဒီမှာ ရှိနေသမျှလူတွေကို သခင်မလေးသဘောနဲ့ နှင်ချလိုက နှင်ချနိုင်ပါတယ်ဆိုတာ သိရအောင် ပြောပြတာပါရှင့်''

ဒေါ်အိုဇာကား မခေလှပါကလား။

ထိုစဉ် အခေါင်းကြီးကိုထမ်းလျက် မောင်ပုအိမ်ထဲသို့ ဝင်လာလေသည်။ သူ့ဇနီးမသိန်းကတော့ ကျွန်မအိတ်ကလေးကိုကိုင်လျက် အခန်းထောင့်၌ မတ်တပ်ရပ်နေပေသည်။

''သူတို့က မောင်ပုနဲ့မသိန်းပါတဲ့ သခင်မလေး၊ ဒေါ်အိုဇာလိုပဲ အခိုင်းအစေတွေပါ၊ သူတို့က လင်မယားပါ''

ဒေါ်အိုဇာကပင် မိတ်ဆက်ပေးလိုက်ခြင်းဖြစ်သည်။

အခိုင်းအစေဆိုတဲ့အသုံးအနှုံးမှာ ဤအိမ်တွင်သုံးစွဲနေကျပဲလား၊ မေခင်မိုးမြင့်က ချိုးချိုးနှိမ်နှိမ်ပြောထား၍ အရွဲ့တိုက်သုံးနှုန်းလိုက်ခြင်းပေပဲလား မသိပေ။ နောင်မှသာ သည်လိုအသုံးအနှုန်းမျိုး မသုံးရန် ပြောရပေတော့မည်။

''အခေါင်းကြီးကို ဘယ်မှာထားရမလဲ မမမိုး''

မောင်ပုက မေခင်မိုးမြင့်ကို မူတည်၍မေးလိုက်သည်။

''ဟုတ်သားပဲ၊ မူရာကျော့ယဉ်ကိုထားဖို့ ပြင်ထားတဲ့အခန်းကို နာရေးဖြစ်လိုက်တော့ ပစ္စည်းတွေထည့်လိုက်မိတယ်''

''သခင်မလေး၊ သခင်မကြီးဒေါ်နန်းကြာမိုးနေသွားတဲ့ အပေါ်ထပ်ကအခန်းကိုမှာပဲ နေပါလားရှင့်။ သခင်မလေးအတွက် အခန်းပြင်ထားပေမဲ့ အခန်းထဲကို ပစ္စည်းတချို့ထည့်လိုက်မိလို့ပါ၊ နောက်နေ့မှပဲ ပြန်ရှင်းပေးပါ့မယ်''

''သင့်သလိုသာ စီစဉ်ပါ ဒေါ်အိုဇာ''

''ဒါဖြင့် ကျွန်တော် အခေါင်းကြီးကို အပေါ်ထပ်အခန်းထဲ ပို့ထားလိုက်တော့မယ်''

''အို ့ကိုမောင်ပု၊ နေပါဦး''

ကျွန်မက အလန့်တကြား ဟန့်တားလိုက်သည်။

''ကျွန်မအနေနဲ့ အခေါင်းကြီးလုပ်ထားတဲ့ထုံးစံဟာ ဒီမိသားစုထုံးစံဆိုတာ သိခဲ့ရပြီးပါပြီ။ ဒါပေမဲ့ အခေါင်းကြီးတစ်ခုနဲ့ တစ်ခန်းတည်းနေရမယ်ဆိုတာတော့ ကျွန်မစိတ်က မသန့်သေးဘူးရှင့်။ တစ်ဆိတ်ကျေးဇူးပြုပြီး အခေါင်းကို တစ်နေရာမှာပဲ ထားပေးပါလား''

''အို ့ဟုတ်တာပေါ့၊ ဒါအတွက် စိတ်မပူပါနဲ့ မူရာကျော့ယဉ်။ မောင်ပု၊ အခေါင်းကို နောက်ဖေးဘက်မှာပဲ ထောင်ထားလိုက်''

မေခင်မိုးမြင့်က ဝင်၍အမိန့်ပေးလိုက်သည်။

''ပြီးရင် မင်းတို့လင်မယား အပေါ်ထပ်ကအခန်းကို နည်းနည်းပါးပါး သန့်ရှင်းရေးသွားလုပ်ထားလိုက်ဦး''

''ကြီးကြီးနေသွားတဲ့အခန်းမှာ မမမူရာနေလို့ သင့်တော်ပါ့မလား မမ''

တစ်ချိန်လုံးငြိမ်နေသော အာကာမောင်မောင်က ဝင်ပြောလိုက်သည်။

''ဘာဖြစ်လို့လဲ မောင်မောင်''

''လူသေထားတဲ့အခန်းဖြစ်နေလို့ပါ၊ ပြီးတော့ အပေါ်ထပ်မှာ မမမူရာ တစ်ယောက်တည်း ဖြစ်နေလိမ့်မယ်''

''ကိစ္စမရှိပါဘူး မောင်မောင်၊ မမမူရာ နေရဲပါတယ်''

ကျွန်မက ပြေလည်အောင် ဝင်ပြောလိုက်သည်။

''ဒီလိုရှိတယ် မူရာကျော့ယဉ်''

မေခင်မိုးမြင့်က ပြောပြန်သည်။

''တို့အားလုံး အောက်ထပ်မှာပဲ နေကြတယ်ကွယ့်။ လောလောဆယ် ကြီးကြီးနေသွားတဲ့အခန်းမှာ မူရာကျော့ယဉ်ကိုထားတာက အဲဒီ အခန်းမှာ မီးဆင်ပြီးသားရှိလို့ပါ''

''ရှင်''

''ဒီလိုလေ ဒီအရပ်ကခေါင်တော့ လျှပ်စစ်မီးမရှိဘူးကွယ့်။ ကိုယ်ပိုင်မီးစက်ကိုပဲ သုံးရတာ၊ မီးစက်နဲ့ဆိုတော့ အကုန်အကျများမှာစိုးပြီး အခန်းတိုင်းမှာ မီးသွယ်မထားဘူးလေ။ လူနေတဲ့အခန်းတွေမှာပဲ မီးပွင့်မီးချောင်းတွေ တပ်ထားတယ်။ ကြီးကြီးနေသွားတဲ့အခန်းက မီးသွယ်ပြီးသားအခန်းဖြစ်နေလို့ မူရာကျော့ယဉ်နေဖို့စီစဉ်ရတာပါ''

''ဟုတ်ကဲ့၊ ရပါတယ် မမမိုး''

အပေါ်ထပ်တွင် အခန်းသန့်ရှင်းရေးသွားလုပ်သော မသိန်း ပြန်ရောက်လာသည်။

''အခန်းပြင်ဆင်ပြီးပါပြီ သခင်မလေး''

မသိန်းက ကျွန်မကိုရည်ရွယ်၍သာ သတင်းပေးပို့လေ၏။

''ကဲ ့ မူရာကျော့ယဉ်ကို အပေါ်ထပ်လိုက်ပို့လိုက်ကြ။ မူရာရေ ့ မမတို့နဲ့ မနက်မှ အေးအေးဆေးဆေး ပြန်ဆုံကြတာပေါ့နော်''

မေခင်မိုးမြင့်က နှုတ်ဆက်စကားဆိုသည်။

''ဟုတ်ကဲ့ပါ မမမိုး''

ကျွန်မသည် ထိုင်နေရာမှ ထလိုက်၏။

အားလုံးလည်း ထိုင်ရာမှထလိုက်ကြလေသည်။

ထိုအခါမှပင် ဧည့်ခန်းနံရံ၌ ချိတ်ထားသော ပန်းချီကားကြီးများကို ကျွန်မ သတိပြုလိုက်မိတော့၏။

ကျွန်မက ပန်းချီကားကြီးများကို ရပ်ကြည့်နေမိသည်။

ပန်းချီကားကြီးမှာ လေးချပ်ဖြစ်ပြီး လူလေးဦး၏ပုံများကို ရေးဆွဲထားခြင်းဖြစ်ပေသည်။ အပေါ်တန်းတွင် ယှဉ်လျက်ချိတ်ထားသော ကားချပ်နှစ်ခုမှာ ကျွန်မ၏အဘိုးအဘွားများပုံဖြစ်ပေမည်။

ထို့အောက်ဘက်တွင် ပုံနှစ်ပုံ ယှဉ်လျက်ချိတ်ထားပြန်၏။ ညာဘက်မှပုံမှာ ကျွန်မဖေဖေ ဦးခွန်သာမိုးပုံ ဖြစ်ပါသည်။ ဖခင်ကို ဓာတ်ပုံထဲမှာသာ မြင်ဖူးခဲ့သော်လည်း ကျွန်မ မှတ်မိပါသည်။

သို့ဆိုလျှင် ဘယ်ဘက်မှပုံမှာ ကြီးကြီးဒေါ်နန်းကြာမိုးပင် ဖြစ်ပေလိမ့်မည်။ ငယ်နုစဉ်ကရိုက်ထားသောပုံများမို့ နုပျိုမှုနှင့်အတူ မာန်မာန 'အရိပ်အယောင်များ ယှက်သန်းနေပေ၏။

''ဒီဘက်က ကြီးကြီးဒေါ်နန်းကြာမိုးပုံပေါ့နော်''

''ဟုတ်ပါတယ်၊ မူရာကျော့ယဉ် ကြီးကြီးကို မမြင်ဖူးသေးဘူးနော်''

''ဟုတ်ပါတယ် မမမိုး၊ ကြီးကြီးက မူရာ့ကို ဆက်သွယ်ခဲ့ပေမဲ့ ဓာတ်ပုံလေးတစ်ပုံတောင် ထည့်မပေး လိုက်ဘူးလေ''

''မူရာ့ဆီရေးတဲ့စာတွေကို ကြီးကြီးနှုတ်တိုက်ချပေးတဲ့အတိုင်း မမမိုး ရေးပေးတာပါကွယ်။ ကြီးကြီးဓာတ်ပုံ ထည့်မပေးတာကတော့ မူရာကျော့ယဉ်လာတဲ့အခါ ကြီးကြီးနဲ့တွေ့ရမယ်လို့ထင်တာကိုး။ ကြီးကြီးက အမှတ်မထင် ကွယ်လွန်သွားလို့သာ မဟုတ်လား''

''ဟုတ်ပါတယ်လေ''

''ပြီးတော့ ကြီးကြီးက အသက်ကြီးပြီး အိပ်ရာထဲလဲနေတဲ့ လူမမာလေ၊ လောလောလတ်လတ် ရိုက်ထား တဲ့ပုံလည်း ရှိမှ မရှိတာကိုး။ ဟောဒီပုံထဲမှာ အများကြီးနုပျိုသေးတာပေါ့။ အသက်သုံးဆယ်လောက်ကပုံ ထင်ပါရဲ့။ မသေခင် ကြီးကြီး တော်တော်ကျသွားခဲ့တာကွယ့်''

ကျွန်မသည် ပုံအဖြစ်သာမြင်တွေ့ခွင့်ရှိတော့သော ဆွေမျိုးရင်းချာများကို ငေးကြည့်နေမိ၏။ ကျွန်မဘဝတွင် ဖခင်ကိုလည်း မမြင်တွေ့ဖူးခဲ့၊ အဘိုး၊ အဘွားနှင့်ကြီးတော်များ၏ပုံများကိုပင် ဤအိမ်ရောက်မှ မြင်တွေ့ခွင့်ရတော့ သည်။

''တကယ်တော့ ကြီးကြီးဆုံးသွားတာကို ဒီရောက်မှ ကျွန်မ သိရတာပါ မမမိုး၊ ခေါင်းလာပို့တဲ့အဘိုးကြီး မြင်းလှည်းပေါ်မှာပြောပြလို့ မကြာခင်ကမှ သိရတာပါ''

''အို''

''ဟင်''

ကျွန်မအပြောကြောင့် အားလုံး အံ့အားသင့်သွားကြပုံပေါ်သည်။

''တို့က ရှေ့နေကြီးဦးစိုးမြင့် အကြောင်းကြားပေးလိမ့်မယ်ထင်တားတာ၊ မူရာကျော့ယဉ် အသုဘမမီတာကို တော့ အကြောင်းအမျိုးမျိုးကြောင့် နောက်ကျနေတယ်ပဲ ထင်မိတာလေ''

''ဦးစိုးမြင့်ကလည်းဗျာ၊ ဘာလို့အကြောင်းကြားမပေးတာပါလိမ့်။ ဦးစိုးမြင့်ကပဲ အဆက်အသွယ် လုပ်ပေးနေတော့ မောင်မောင်တို့က မမမူရာလိပ်စာကို မသိဘူးလေ''

''ဦးစိုးမြင့်က အကြောင်းကြားပေးပါလိမ့်မယ် မောင်မောင်။ မမမူရာက ဒီမလာခင် အလုပ်ကထွက်၊ ငှားထားတဲ့အိမ်ကို ပြန်အပ်ပြီး သူငယ်ချင်းအိမ်မှာ နှစ်ပတ်လောက် နေနေသေးတာလေ။ ဦးစိုးမြင့် အကြောင်းကြားစာဟာ မမမူရာ အလုပ်လုပ်တဲ့ကုမ္ပဏီကို ရောက်ချင် ရောက်နေပါလိမ့်မယ်။ ကြားမှာ အဆက်အသွယ်ပြတ်နေလို့ပါ''

''သခင်မလေး နားလိုက်ပါတော့၊ ခရီးလည်း ပန်းလာတယ်၊ မိုးလည်း ချုပ်လာပါပြီ။ ဒေါ်အိုဇာ အပေါ်ထပ်ကို လိုက်ပို့ပါ့မယ်''

ဒေါ်အိုဇာက ကျွန်မကို သတိပေးပြောကြားလိုက်သည်။

''ဟုတ်ကဲ့ ဒေါ်အိုဇာ၊ သွားကြစို့''

မေခင်မိုးမြင့်နှင့် အာကာမောင်မောင်ကိုနှုတ်ဆက်ကာ ဒေါ်အိုဇာနှင့်အတူ အိမ်ပေါ်ထပ်သို့တက်ခဲ့လေသည်။

***

ရှည်လျားလှသော တစ်ဆစ်ချိုးလှေကားကြီးအတိုင်း တက်လာခဲ့ရာ မြင့်မားသော အိမ်အပေါ်ထပ်သို့ ရောက်ခဲ့လေသည်။

ကျွန်မနေရမည့်အခန်းမှာ အစွန်ဘက်ကျသောအခန်း ဖြစ်ပုံရသည်။ စင်္ကြံလမ်းအတိုင်း အတော်ကြာကြာ လျှောက်ခဲ့ရပေ၏။ ရှည်လျားသော စင်္ကြံလမ်းတစ်လျှောက် မီးလုံးလေးတစ်လုံးသာ ထွန်းညှိထားပါသည်။

အခန်းထဲသို့ ကျွန်မရောက်သည်နှင့် မောင်ပုနှင့်မသိန်းတို့ ထွက်သွားကြသည်။ ကျွန်မနှင့်ဒေါ်အိုဇာသာ ကျန်ရစ်ခဲ့ပါ၏။

ကျွန်မက အခန်းကိုမျက်လုံးဝေ့ကြည့်လိုက်သည်။

လူတစ်ယောက်စာအတွက် အတော်ကျယ်ဝန်းသော အခန်းတစ်ခန်း ဖြစ်ပါသည်။ ခုတင်တစ်လုံးနှင့် ဗီရိုနှစ်လုံးအပြင် စားပွဲနှင့်ဆက်တီတစ်စုံကိုထည့်ထားသည့်တိုင် ကျယ်ဝန်းလျက်ရှိသေးသည်။ ခေါင်းရင်းဘက်မှာရော၊ ဘေးဘက်မှာပါ ပြတင်းပေါက်များကိုတွေ့ရ၏။

''သခင်မလေးရောက်လာလို့ ဒေါ်အိုဇာ အရမ်းဝမ်းသာမိတယ်''

ဒေါ်အိုဇာက လှိုက်လှိုက်လှဲလှဲ ပြောလိုက်သည်။

''သခင်မလေးသာ ရောက်မလာရင် ထမင်းဟင်းချက်စားဖို့တောင် ခက်လိမ့်မယ်။ ဒေါ်အိုဇာ့မှာ စျေးဖိုးကုန်လုပြီလေ''

''ရှင်''

ကျွန်မက ဒေါ်အိုဇာ့ကို အလန့်တကြားကြည့်လိုက်လေ၏။ ခရီးရောက်မဆိုက် ဒေါ်အိုဇာ ကျွန်မဆီက စျေးဖိုး တောင်းနေတာလား။

''စျေးဖိုး ဟုတ်လား၊ မမမိုးတို့က ဒေါ်အိုဇာ့ကို စျေးဖိုးမပေးဘူးလား''

ဒေါ်အိုဇာက မျက်နှာကို မဲ့ရွဲ့ပြလိုက်သည်။

''သူ့တို့မှာ ဘယ်က ပိုက်ဆံရှိလို့ ပေးနိုင်မှာလဲ သခင်မလေး။ သူတို့မှာ ဘာဝင်ငွေမှ မရှိဘူး။ သူတို့ မိသားစုသုံးယောက်လုံး သခင်မကြီးဆီမှာ လာပြီးခိုလှုံနေကြတာပါ''

''ဒါနဲ့ မမမိုးတို့မိသားစုဟာ ကျွန်မနဲ့ဆွေမျိုးသားချင်းတွေဆို၊ ဘယ်လိုတော်တာလဲ၊ ဒေါ်အိုဇာ သိသလား''

''စပ်မှတော်တဲ့ ဆွေမျိုးအဝေးကြီးတွေပါ သခင်မလေး။ သူတို့စကားတွေမယုံပါနဲ့။ ဒါတွေ အေးအေးဆေးဆေးတော့ ဒေါ်အိုဇာ ပြောပြပါ့မယ်''

''သူတို့က အိုးခွဲချက်စားကြလို့ ဒေါ်အိုဇာ့ကို စျေးဖိုးမပေးတာလားဟင်''

ဒေါ်အိုဇာက ပြုံးလိုက်ပြန်သည်။

''အိုးခွဲချက်စားရအောင် ဘယ်ကပိုက်ဆံရှိလို့လဲ သခင်မလေးရယ်၊ တော်လို့ သခင်မကြီးနန်းကြာမိုးဆီမှာ လာပြီးခိုလှုံနေတာပါဆို''

''အို''

''တော်လို့'' ဆိုသည့်စကားလုံးကို လေးလေးနက်နက်ကြီး ပြောလိုက်ခြင်းဖြစ်သည်။

''သခင်မကြီးဆီက အမွေရနိုးနိုးနဲ့ လာပြီး ကပ်ချိုင်နေကြတာလေ။ သခင်မကြီးက သခင်မလေးကို ဆက်သွယ်ပြီး ခေါ်လိုက်တော့ သူတို့ တော်တော်မခံချိမခံသာဖြစ်နေကြတယ် သခင်မလေး။ သခင်မလေးလည်း သူတို့မိသားစုကို သတိထားပါ''

''တော်ပါတော့ ဒေါ်အိုဇာ''

မေခင်မိုးမြင့်က ဒေါ်အိုဇာကိုချိုးနှိမ်ဆက်ဆံခဲ့သလို ဒေါ်အိုဇာကလည်း မေခင်မိုးမြင့်ကို နှိမ့်ချပြောဆိုလျက်ရှိပေသည်။ မေခင်မိုးမြင့်က ပြောင်ချိုးနှိမ်ခဲ့ခြင်းဖြစ်ပြီး၊ ဒေါ်အိုဇာကတော့ ကွယ်ရာတွင် စကားတင်းဆို ခြင်းဖြစ်ပါသည်။ ကျွန်မအနေဖြင့် မည်သူ့စကားကိုမျှ တစ်ဖက်သတ် ယုံကြည်လို့ မဖြစ်ပါ။ ကျွန်မအနေနှင့် ဤအိမ်ကြီးမှ လူများ၏သဘောထားနှင့်အနေအထားကို အများကြီးလေ့လာရပါဦးမည်။

လောလောဆယ် ကျွန်မခေါင်းခဲမိသည်မှာ ဒေါ်အိုဇာ စျေးဖိုးတောင်းနေသည့်ကိစ္စ ဖြစ်သည်။ ကျွန်မအနေနှင့် ဤအိမ်သို့ မှီခိုသူတစ်ဦးဖြစ်သာ ရောက်လာခြင်းဖြစ်သည်။ အရှင်သခင်တစ်ဦးအဖြစ်ရောက်လာခြင်း မဟုတ်ပါ။ တစ်မိသားစုလုံးအတွက် စျေးဖိုးထုတ်ပေးလောက်အောင်လည်း မကြွယ်ဝပါ။ ဒေါ်အိုဇာက စျေးဖိုးကို ယခုပေးရမည်ဟု တောင်းဆိုနေခြင်းမဟုတ်သော်လည်း တစ်အိမ်လုံး၏စားဝတ်နေရေးမှာ ကျွန်မအပေါ်တွင်ရှိသည်ဟု ဆိုလိုရာကျနေပေသည်။

''အရင်ကရော အိမ်ရဲ့စျေးဖိုးကို ဘယ်လိုစီစဉ်သလဲ ဒေါ်အိုဇာ''

''သခင်မကြီးကပဲ ထုတ်ပေးပါတယ်။ သခင်မကြီးက ငွေနဲ့ ဘဏ်စာရင်းတွေ အားလုံးကို ရှေ့နေဦးစိုးမြင့်ဆီမှာ အပ်ထားတာလေ။ ရှေ့နေကြီးက သခင်မလေးကို ငွေနဲ့ပစ္စည်းတွေအားလုံး လွှဲပေးမှာပါ။ သခင်မလေးရောက်နေပြီ သတင်းကြားတာနဲ့ ရှေ့နေကြီး ရောက်လာပါလိမ့်မယ် သခင်မလေး။ ငွေရေးကြေးရေးအတွက် ဘာမျှမပူပန်ပါနဲ့။ သခင်မကြီး ထားခဲ့တဲ့ငွေတွေ အများကြီးပါ''

ဒေါ်အိုဇာက ကျွန်မ၏စိုးရိမ်ပူပန်မှုကို သိသည့်အလား ပြောလိုက်လေသည်။ ကျွန်မလည်း အသက်ရှူချောင်သွားရ၏။

''ဒါနဲ့ ဒေါ်အိုဇာ၊ ဒေါ်အိုဇာဟာ ကျွန်မမေမေတို့အရွယ်လောက်ရှိပါတယ်။ ကျွန်မကို သခင်မလေးလို့ မခေါ်စေချင်ဘူး။ ဒါမျိုးခေါ်ရမယ့် ခေတ်မျိုးလည်း မဟုတ်တော့ပါဘူး''

''ဒေါ်အိုဇာ နှုတ်ကျိုးနေပါပြီ သခင်မလေး။ ရွှေဖီမိုးမိသားစုဝင်တွေအားလုံးကို သခင်ခေါ်ရတာထုံးစံပဲ။ ဒီအတိုင်းပဲခေါ်ပါရစေ။ ပြီးတော့ ခေါ်ဖို့လည်းလိုအပ်လို့ပါ သခင်မလေး''

''လိုအပ်လို့''

''ဟုတ်ပါတယ်၊ မေခင်မိုးမြင့်လေ ့ သူ့ကိုယ်သူ ရွှေဖီမိုးမိသားစုနဲ့ဆွေမျိုးရင်းချာယောင်ယောင်နဲ့ ဘဝင်မြင့်နေတဲ့ မိန်းကလေးပေါ့။ ရွှေဖီမိုးရဲ့အမွေတွေကို သူတို့ပဲရမယ်လို့ အပိုင်တွက်ထားတာလေ။ သခင်မလေးရောက်လာတော့ သူမျှော်လင့်စရာမရှိတော့ဘူး။ အရင်ကတည်းကလည်း ဘာမျှမဆိုင်တာ၊ မေခင်မိုးမြင့်က သခင်မလေးလို့ သိပ်အခေါ်ခံချင်နေတာလေ။ သခင်မလေးလို့ခေါ်ဖို့ကို နှုတ်က ဖွင့်ပြောခဲ့တာပေါ့။ ဒေါ်အိုဇာတို့က သိပြီးသား။ မခေါ်နိုင်ဘူး၊ မခေါ်ခဲ့ဘူး၊ အဲဒီတော့ ဘဝင်မြင့်နေတဲ့ မေခင်မိုးမြင့် သူ့ကိုယ်သူသိသွားအောင် သူ့ရှေ့မှာ တမင်သက်သက်ကို များများခေါ်ပေးဖို့လိုပါတယ် သခင်မလေး''

ဒေါ်အိုဇာသည် အာဂအဘွားကြီးပါတကား။

ကျွန်မက သက်ပြင်းကိုချလိုက်မိသည်။

''ဒေါ်အိုဇာရယ်၊ ဒေါ်အိုဇာတို့ အာဃာတတွေကလည်း ကြီးလှချေလား။ အင်းလေ ့ကျွန်မလည်း ဒါတွေကို လေ့လာရပါဦးမယ်''

''ခရီးရောက်မဆိုက် သခင်မလေး စိတ်အနှောင့်အယှက် ဖြစ်သွားပလား''

''ရပါတယ် ဒေါ်အိုဇာ၊ ပြီးတော့ အခိုင်းအစေတို့၊ ကျွန်တို့ဆိုတဲ့ အသုံးအနှုန်းတွေကိုလည်း မသုံးစေချင်ဘူး။ ဒီခေတ်မှာ လူတစ်ယောက်ကို ကျွန်အဖြစ် ဆက်ဆံလို့လည်း မရတော့ပါဘူး။ ဒေါ်အိုဇာတို့ဟာ အိမ်အလုပ်သမား တွေပါ၊ အလွန်ဆုံး အိမ်ဖော်လို့သုံးရင် တော်ပြီပေါ့''

''ဟုတ်ကဲ့ပါ သခင်မလေး၊ သခင်မလေး သဘောထားကြီးတာကို ဒေါ်အိုဇာ သိပ်ဝမ်းသာပါတယ်''

''ကျွန်မ နားဖို့ကောင်းပြီထင်တယ် ဒေါ်အိုဇာ''

ကျွန်မက လက်မှနာရီကိုကြည့်ရင်း ပြောလိုက်သည်။

''ဟုတ်ကဲ့၊ သခင်မလေး ခရီးပန်းလာတယ်။ နားပါတော့ရှင်၊ ဟောဒီမှာ ဖယောင်းတိုင်ထုပ်နဲ့ မီးခြစ်ပါ။ ခုတင်ဘေးက စားပွဲမှာ ဒေါ်အိုဇာ တင်ခဲ့မယ်''

ဒေါ်အိုဇာက ပစ္စည်းများကို စားပွဲပေါ်တွင် သွားတင်လိုက်သည်။

''ကျွန်မမှာလည်း ဓာတ်မီးတစ်လက် ပါလာပါတယ်''

''ဓာတ်မီးနဲ့မလုံလောက်ဘူး သခင်မလေး၊ ညရေးညတာသုံးရင် ဖယောင်းတိုင်ထွန်းမှ ဖြစ်မှာလေ။ ခဏနေရင် မီးစက်ကိုပိတ်ပစ်တော့မှာ။ မီးစက်က သခင်မလေးရောက်လာလို့ ဖွင့်တာပါ။ အမြဲ မသုံးနိုင်ပါဘူး၊ ဆီကရှားတယ်လေ''

''ဪ ့ဒီလိုလား''

ဒေါ်အိုဇာက ကျွန်မကိုနှုတ်ဆက်ကာ ထွက်သွားသည်။ အခန်းတံခါးကို အပြင်မှစေ့ပိတ်ပေးရင်းမှ –

''တံခါးကို ကလန့်ထိုးအိပ်နော် သခင်မလေး''

ဟု သတိပေးလိုက်လေသည်။

***

ဒေါ်အိုဇာ ထွက်သွားသည်နှင့် ကျွန်မက အိမ်နေရင်း အဝတ်အစားများကို လဲလှယ်ဝတ်ဆင်လိုက်သည်။

အဝတ်လဲရင်း အခန်းကိုမျက်လုံးကစားကြည့်လိုက်ရာ စားပွဲပေါ်၌ ဆေးဘူးအချို့ကို တွေ့ရသည်။ ဗမာဆေး ရော၊ နိုင်ငံခြားဆေးတွေပါ တွေ့ရ၏။ ဒေါ်နန်းကြာမိုး သောက်သုံးခဲ့သောဆေးများကို မသိမ်းရသေးဘဲ ရှိဟန်တူသည်။

အဝတ်လဲပြီးသည်နှင့် ကျွန်မက ခုတင်ပေါ်တက်၍ လဲလျောင်းလိုက်သည်။ ခြင်ထောင်ကိုချကာ အနားစများ ကို မွေ့ရာအောက်သို့ သွင်းလိုက်၏။ ဓာတ်မီးကိုလည်း မမေ့မလျော့ယူထားကာ ခေါင်းအုံးဘေးတွင် ထားလိုက်သည်။

ဓာတ်မီးကိုထားစဉ် တစ်စုံတစ်ခုကို လက်နှင့်စမ်းမိ၍ ယူကြည့်လိုက်ရာ အနှိပ်ဘုတစ်ခုကို တွေ့ရလေ၏။ လူကြီးသူမများ အညောင်းအညာဖြေရာတွင် အသုံးပြုသော ဘုလုံးလေးနှစ်လုံးတွဲလျက်ပါသည့် အနှိပ်ဘု ဖြစ်ပါသည်။

အနှိပ်ဘုလေးကိုတွေ့မှ တစ်နေ့နှင့်တစ်ညလုံး ခရီးရှည်လာခဲ့ရ၍ ကျောညောင်းနေသည်ကို သတိရသွားလေ သည်။ ကျွန်မက အနှိပ်ဘုလေးကို ကျောအောက်တွင်ထည့်ကာ အညောင်းပြေ အောင်လုပ်လိုက်၏။ အနှိပ်ဘုကို ကျောအောက်တွင် နေရာလိုက်ရွှေ့ပေးရင်း အညောင်းဖြေလိုက်ရာ အတော်အတန် အကြောလျော့သွားလေသည်။

ထိုစဉ်မှာပင် လျှပ်စစ်မီးချောင်းအရောင်မှာ မှေးမှိန်ရင်းမှ လုံးဝပြတ်တောက်သွားလေသည်။ မီးစက်သံလည်း တိတ်သွားလေ၏။ မီးစက်ကို ပိတ်ပစ်လိုက်ခြင်းပင်ဖြစ်ပါသည်။ မီးစက်သံ တထိုင်းထိုင်းကို တောက်လျှောက်မြည်နေ စဉ်က သတိမပြုမိသော်လည်း ပိတ်လိုက်သည့်အခါမှ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားသည်ကို သတိ ထားလိုက်မိလေသည်။

တစ်ခန်းလုံး အမှောင်ထုထဲ ရောက်သွားခဲ့ပြီ။

ပုရစ်အော်သံနှင့် သစ်ပင်များကို လေတိုးသံများသာ ပြင်ပဆီမှ ပျံ့လွင့်လာနေ၏။

ကျွန်မသည် မျက်လုံးများလေးလံကာ အိပ်ပျော်တော့မည်ကဲ့သို့ရှိသည်။ သို့သော် ချက်ချင်းလည်း အိပ် မပျော်သေး။

ကျွန်မစိတ်ထဲ၌ ယနေ့ကြုံခဲ့ရသော အဖြစ်အပျက်များကို တွေးကာ ရင်မောနေမိသည်။

ကြီးတော်ဖြစ်သူက နွေးထွေးစွာကြိုဆိုလိမ့်မည်ဟု တထစ်ချယုံကြည်ချက်ဖြင့် ထွက်လာခဲ့သော ကျွန်မ၊ ဉည်ရောက်တော့ တစ်ဦးတည်းသော ဆွေမျိုးသားချင်းမှာ သေဆုံးနေနှင့်ပြီ။ လမ်းခရီးတွင် ကျွန်မအတွက် ပြုလုပ်ထားသော အခေါင်းကို သယ်လာသည့် ရထားနှင့်မှ တိုက်တိုက်ဆိုင်ဆိုင်ကြုံရကာ ထိတ်လန့်ချောက်ချားခဲ့ရသည်။

အိမ်ရောက်တော့လည်း ပဋိပက္ခပေါင်းများစွာဖြင့် ကြိုဆိုခြင်းခံခဲ့ရသည်။

ဆွေမျိုးသားချင်းပါဆိုသော မေခင်မိုးမြင့်နှင့် အာကာမောင်မောင်တို့မောင်နှမ။ သူတို့သည် ကျွန်မနှင့် မည်ကဲ့သို့ဆွေမျိုးသားချင်း တော်စပ်ပါသနည်း။

အိမ်တော်ပါ ကျွန်ရင်းဟုဆိုသောဒေါ်အိုဇာ။ ဒေါ်အိုဇာ ပြောသောစကားများကိုရော ကျွန်မမည်သည့်အဆင့်ထိ ယုံကြည်ရမည်နည်း။

ကျွန်မ မတွေ့ဆုံရသေးသော မေခင်မိုးမြင့်တို့မိခင် ရှိသေးသည်။

ပြီးတော့ ရွှေနေကြီးဦးစိုးမြင့် ရှိသေးသည်။

ကျွန်မ၏အနာဂတ်သည် မည်သို့ဖြစ်လာလိမ့်မည်နည်း။

ဤခရီးစဉ်သည် ဖောင်ဖျက်၍ထွက်လာခဲ့သော ကျွန်မအတွက် မှန်ကန်အကျိုးရှိသောခရီးစဉ်တစ်ခု ဖြစ်လာပါ့မလား။

ရှေ့ဆက်၍ ကျွန်မ ဘာတွေ တွေ့ရ ကြုံရ ဆုံရဦးမည်လဲ။

♛ ♛ ♛ ♛ ♛

## ၄

နောက်တစ်နေ့မနက်တွင် ကျွန်မသည် အိပ်ရာမှ လန်းဆန်းစွာ နိုးလာခဲ့ပါသည်။

ကျွန်မက အိပ်ရာမှထကာ ခြင်ထောင်ကို တင်လိုက်သည်။ ပြတင်းပေါက်များကို ဖွင့်ကြည့်လိုက်သည်။ အခန်းသည် ထောင့်စွန်းကျသော အခန်းဖြစ်၍ ခေါင်းရင်းဘက်တွင်ရော ဘေးဘက်တွင်ပါ ပြတင်းပေါက်များရှိနေ၏။

ကျွန်မက ပြတင်းနှစ်ပေါက်စလုံးကို ဖွင့်လိုက်သည့်အခါ နံနက်ခင်းအလင်းရောင်ဖြင့် အခန်းတစ်ခုလုံး လင်းသွားလေသည်။ ကျွန်မသည် အခန်းအနေအထားကို အကဲခတ်ကြည့်လိုက်သည်။

ညက သတိမထားမိခဲ့သော နာရီအိုကြီးတစ်လုံးကို နံရံတွင် တွေ့ရသည်။ နာရီကြီးမှာ အိုမင်းလှပြီဖြစ်ကြောင်း အသွင်အပြင်ကပင် ဖော်ပြနေပါသည်။ နာရီအမှတ်အသားကို ဖော်ပြသောဂဏန်းများမှာ ရောမဂဏန်းများ ဖြစ်ပါသည်။ ရှေးဟောင်းနာရီကြီး၏ ဒိုင်ခွက်မှာ ထမင်းစားပန်းကန်ပြားတစ်ချပ်စာမက ကြီးမားလှပါ၏။ အောက်ဘက်တွင် ချိန်သီးပါသော မှန်အိမ်ရှိပြီး ချိန်သီးမှာ ရပ်နေလေသည်။ စက်ပျက်နေသော နာရီကြီး ဖြစ်ပုံရပေ၏။

နာရီကိုမြင်မှ အချိန်ကိုသတိရကာ ကျွန်မကစားပွဲပေါ် ချွတ်တင်ထားသောလက်ပတ်နာရီလေးကို ယူကြည့်လိုက်သည်။ နံနက် ၈ နာရီ ထိုးပေပြီ။ ကျွန်မ အိပ်ရာထချိန်မှာ နောက်ကျနေပေပြီ။ ခရီးပန်းသောကြောင့် တစ်ရေးတည်း အိပ်ပျော်သွားခြင်းဖြစ်ပါ၏။

ကျွန်မက ပြတင်းပေါက်ဆီသွားရပ်ကာ ပြင်ပရှုခင်းများကို ငေးမောကြည့်နေလိုက်လေသည်။

ကြည့်လေရာရာ၌ ထင်းရှူးပင်များ၊ ယူကလစ်ပင်များကိုတွေ့နေရသည်။ သစ်ပင်များပေါ်၌ နှင်းရည်များ ဆမ်းလျက်ရှိပေ၏။ နှင်းမှုန် နှင်းဖွဲများကြောင့် ကျယ်ဝန်းသောခြံကျယ်ကြီး၏ အစွန်းထိပင် မမြင်ရပါချေ။ ကျွန်မကြီးပြင်းခဲ့ရာ ရန်ကုန်နှင့်ခြားနားလှပါသော မြင်ကွင်းများပင်တည်း။

ကျွန်မက ကိုယ်လက်သန့်စင်ရန်အတွက် ကျွန်မ၏လက်ဆွဲအိတ်ထဲမှ သွားတိုက်ဆေး၊ သွားပွတ်တံများ ထုတ်ကာ ပြင်ဆင်လိုက်၏။

အခန်းတံခါးကိုဖွင့်လိုက်သည်တွင် အခန်းရှေ့၌ ရိုကျိုးစွာ ရပ်နေသော ဒေါ်အိုဇာကို မြင်လိုက်ရလေ၏။

''အို ့ဒေါ်အိုဇာ၊ ကျွန်မကို လာနှိုးတာလား''

''ဟုတ်ကဲ့ သခင်မလေး''

''တံခါးခေါက်လိုက်ရောပေါ့''

''ဒေါ်အိုဇာ ရောက်နေတာ ကြာပါပြီ။ သခင်မလေး နိုးအလာကို စောင့်နေပါတယ်''

''ဩော် ့ဒေါ်အိုဇာရယ်''

''ရေချိုးခန်းကို ဒေါ်အိုဇာ လိုက်ပြပါ့မယ်၊ အပေါ်ထပ်မှာပဲ ရှိပါတယ် သခင်မလေး''

ကျွန်မသည် ဒေါ်အိုဇာ ဦးဆောင်သွားရာနောက်သို့ လိုက်လာခဲ့၏။ ဒေါ်အိုဇာက အိမ်နောက်ဘက်သို့ ခေါ်ဆောင်သွားသည်။

''သခင်မလေး ရောက်နေပြီဆိုတာ ရှေ့နေကြီးဦးစိုးမြင့်ကို သတင်းပို့ဖို့ မောင်မောင်က လိုက်ပို့ပါလိမ့်မယ်''

''ကျွန်မ ဦးစိုးမြင့်နဲ့ သွားတွေ့ရမှာပေါ့''

''ဟုတ်ကဲ့၊ မြို့ကိုသွားရမှာပါ။ မောင်မောင်က ဆိုင်ကယ်နဲ့ လိုက်ပို့ပါလိမ့်မယ်''

''မော်တော်ဆိုင်ကယ်လား ဒေါ်အိုဇာ''

''ဟုတ်ပါတယ်၊ မြို့ကို မင်းအိုင်ရွာကနေ ကားစီးရင်စီး၊ ကားကလည်း မနက်အစောကြီးထွက်တဲ့ တစ်စင်းပဲရှိတာပါ။ ရထားက အချိန်မမှန်ဘူးလေ။ အိမ်မှာ ဆိုင်ကယ်တစ်စီးရှိတယ်။ မောင်မောင် လိုက်ပို့ပါလိမ့်မယ်။ သခင်မလေး ဆိုင်ကယ်စီးတတ်သလား''

''မစီးတတ်ပါဘူး ဒေါ်အိုဇာ''

''ဒီမှာနေရင်တော့ ဆိုင်ကယ်အစီး သင်ထားဖို့လိုလိမ့်မယ်။ ရေချိုးခန်းက ဒီအခန်းပါ သခင်မလေး၊ ္ခမ်သာနဲ့တွဲလျက်ပါ''

ကျွန်မ ကိုယ်လက်သန့်စင်မှုလုပ်ပြီးချိန်အထိ ဒေါ်အိုဇာက အခန်းရှေ့မှ ရပ်စောင့်နေပေသည်။

''သူတို့ ကော်ဖီသောက်ဖို့ သခင်မလေးကို စောင့်နေကြပါတယ်''

ကျွန်မအခန်းထဲက ထွက်လာလာချင်း ဒေါ်အိုဇာက ပြောသည်။

''ဘယ်သူတွေလဲ ဒေါ်အိုဇာ''

''မေခင်မိုးမြင့်တို့မောင်နှမလေ''

''အို ့အားနာစရာဖြစ်နေပြီ၊ ကျွန်မ အိပ်ရာထနောက်ကျသွားတယ်''

''ကိစ္စမရှိပါဘူး၊ သူတို့က သခင်မလေးကို စောင့်ရမှာပေါ့။ သခင်မလေး သနပ်ခါးလိမ်းလေ့ရှိသလား။ ဒေါ်အိုဇာ ကျောက်ပျဉ်သွားယူလိုက်ပါမယ်''

''နေပါစေတော့၊ ကျွန်မမှာ သနပ်ခါးဘူးပါလာတယ်။ လောလောဆယ် ဘူးထဲကသနပ်ခါးပဲ လိမ်းလိုက်တော့မယ်''

မေခင်မိုးမြင့်နှင့် အာကာမောင်မောင် စောင့်နေသည်ဆို၍ ကျွန်မက အပေါ်ယံလောက်ပင် မြန်မြန်ဆန်ဆန် ဖီးလိမ်းခြယ်သလိုက်၏။

ဒေါ်အိုဇာက ကျွန်မနားမှ ထက်ကြပ်မကွာ လိုက်စောင့်ပေးနေပေသည်။

***

မေခင်မိုးမြင့်နှင့် အာကာမောင်မောင်က ကော်ဖီစားပွဲတွင် ကျွန်မကို ထိုင်စောင့်နေကြ၏။

''ဆောရီး မမမိုး၊ မူရာ အိပ်ရာထနောက်ကျသွားတယ်''

''ကိစ္စမရှိပါဘူးကွယ်၊ ခရီးပန်းလာတာပဲ၊ ညက ကောင်းကောင်း အိပ်ပျော်ရဲ့လား''

''ဟုတ်ကဲ့ မမမိုး''

မသိန်းက ကျွန်မတို့သုံးယောက်ရှေ့ရှိ ကော်ဖီခွက်များထဲသို့ အသင့်ဖျော်ပြီးသားကော်ဖီများကို လိုက်၍ လောင်းထည့်ပေး၏။ ကော်ဖီနံ့က မွှေးနေကာ အငွေ့တထောင်းထောင်းထနေသည်။

''ကော်ဖီက ခြီထွက်ကော်ဖီစေ့က ထုတ်ထားတာလေ''

''သြော်''

မေခင်မိုးမြင့်အပြောကြောင့် ကိုယ်ပိုင်ကော်ဖီခြံရှိကြောင်း သိလိုက်ရသည်။

ဒေါ်အိုဇာက ကောက်ညှင်းပေါင်းပန်းကန်များကို ကျွန်မတို့ ရှေ့တွင်လိုက်ချပေး၏။

''ကောက်ညှင်းပေါင်း ပူပူနွေးနွေးလေးပါ သခင်မလေး။ သခင်မလေးစားချင်ရင် ထမင်းကြော် ကြော်ပြီး သားလည်း အဆင်သင့်ရှိပါတယ်''

''မြို့ကိုသွားရဦးမှာလေ။ အဆာခံအောင် ထမင်းကြော်စားလိုက်ပါလား မမမူရာ''

အာကာမောင်မောင်က ပြောလိုက်ခြင်းဖြစ်သည်။

''ကောင်းသားပဲ၊ မူရာ မနေ့က ညစာကို ညနေလေးနာရီလောက်က စားထားတာလေ။ ဝမ်းဟာနေတယ်၊ ထမင်းကြော်စားလိုက်တာ ကောင်းလိမ့်မယ်''

ဒေါ်အိုဇာက ထမင်းကြော်ယူရန် မီးဖိုခန်းထဲသို့ ပျာပျာသလဲ ထွက်သွားလေသည်။

''ဒါနဲ့ မမမိုးတို့အမေရော''

''မေမေက အိပ်ရာထဲက မထနိုင်ဘူး မူရာ။ ကော်ဖီသောက်ပြီးမှ မေမေ့ကို ဝင်တွေ့ပေးပါဦး။ မေမေက မူရာ့ကို တွေ့ချင်နေပါတယ်''

''ဟုတ်ကဲ့၊ အန်တီက ဘာရောဂါဖြစ်နေတာလဲ မမမိုး''

''အစုံပါပဲကွယ်၊ အသက်ကြီးလာတော့ လူကြီးနာဆိုပါတော့။ မမိုးတို့က ကြီးကြီးနန်းကြာမိုး အရင်တောင် မေမေ့ကိုသွားမယ် ထင်မိတာ''

''အို''

ဒေါ်အိုဇာရောက်လာကာ ကျွန်မရှေ့တွင် ထမင်းကြော်ပန်းကန်ချပေးလိုက်၍ စကားပြတ်သွားကြသည်။

ကျွန်မက ထမင်းကြော်ကို နှိုက်စားလိုက်၏။

''ဒါနဲ့ မောင်မောင်က မူရာ့ကို မြို့လိုက်ပို့ပေးမှာဆို''

''ဟုတ်ပါတယ် မမမူရာ၊ မောင်မောင်လိုက်ပို့မှာပါ။ ရှေ့နေကြီး ဦးစိုးမြင့်နဲ့တွေ့ဖို့လေ''

''ဦးစိုးမြင့်က ကြီးကြီးလွှဲပေးခဲ့တဲ့ အမွေပစ္စည်းတွေနဲ့ လုပ်ငန်းကိုင်ငန်းတွေကို မူရာ့ကိုလွှဲပေးပါလိမ့်မယ်။ ရှင်းလည်း ရှင်းပြပါလိမ့်မယ် မူရာ''

ကော်ဖီသောက်အပြီးတွင် မောင်မောင်က ဆိုင်ကယ်အဆင်သင့်ထုတ်ထားရန် အခန်းထဲက ထွက်သွား လေသည်။

ကျွန်မနှင့် မေခင်မိုးမြင့်က မေခင်မိုးမြင့်အမေကိုတွေ့ဆုံရန် ထွက်လာခဲ့သည်။

မေခင်မိုးမြင့်မိခင်မှာ အောက်ထပ်မှအခန်းတစ်ခန်းထဲတွင် နေပါသည်။

ကျွန်မတို့ဝင်သွားတော့ အဘွားကြီးမှာ မှိန်းနေ၏။

''မေမေ''

မေခင်မိုးမြင့်ခေါ်လိုက်မှ အဘွားကြီးက မျက်လုံးကိုဖွင့်ကြည့်သည်။ အိုမင်းနေသော်လည်း အတော်ပင်ချော မောလှပသည့် အဘွားကြီးတစ်ယောက်ဖြစ်ပေသည်။ ငယ်စဉ်က တော်တော်ပင် ချောမောခဲ့မည်ကို ခန့်မှန်းကြည့်နိုင်၏။ အဘွားကြီးက မောင်မောင်နှင့်အတော်ဆင်တူ၏။ မေခင်မိုးမြင့်မှာ မိခင်၏အလှကို ထက်ဝက်မျှလောက်သာ ရထားရှာ လေသည်။

''အို့ မူရာကျော့ယဉ်ပေ့ါ၊ ဟုတ်သလား''

အဘွားကြီးက ကျွန်မကိုကြည့်၍ မေးလိုက်သည်။

''ဟုတ်ပါတယ် အန်တီ''

''မေမေ့နာမည်က ဒေါ်နန်းခက်မာပါ မူရာ။ မေမေ၊ မူရာ ညကပဲ ရောက်တယ်။ ကြီးကြီးဆုံးကြောင်းကို ဒီရောက်မှ ဦးဒိဗ္ဗပြောပြလို့ သိရတယ်တဲ့''

**ဦးဒိဗ္ဗ**ဆိုသည်မှာ ခေါင်းတလားလာပို့သည့် အဘိုးကြီးကို ဆိုလိုဟန်တူပေသည်။

''ရောက်ရောက်ချင်း ကိုဒိဗ္ဗနဲ့ ဆုံလိုက်တယ်ပေါ့။ သိပ်များ ကြောက်သွားသလား မိန်းကလေး''

''အခေါင်းကိစ္စလား အန်တီ။ ကျွန်မအနေနဲ့ ဒါမျိုးမကြုံဖူး မကြားဖူးလို့ အံ့သြလည်း အံ့သြ၊ ကြောက်လည်း ကြောက်သွားမိပါတယ်''

''တို့မျိုးရိုးရဲ့ ထုံးစံပါ၊ အန်တီ့အတွက်လည်း ခေါင်းလုပ်ထား ပြီးပြီလေ''

''အို''

ဒေါ်နန်းခက်မာစကားကြောင့် ကျွန်မက အခန်းထောင့်တွင် လှဲထားသော အခေါင်းကြီးကို သတိထားလိုက်မိသည်။ အခေါင်းတွင် 'ဒေါ်နန်းခက်မာ အသက် ( )နှစ်' ဟု ရေးထိုးထားလေ၏။

''မူရာကျော့ယဉ်က အဖေဘက်ဆွေမျိုးတွေနဲ့ စိမ်းနေတော့ ဒါတွေ ဆန်းနေတာပေါ့လေ။ တူမကြီးက မောင်သာမိုးနဲ့သိပ်တူတာပဲကွယ်''

ဒေါ်နန်းခက်မာက ကျွန်မဖခင် ဦးခွန်သာမိုးကို သတိရဟန်ဖြင့် ပြောနေသည်။ ကျွန်မကိုအဖေတူသမီးလို့ မေမေကလည်း ပြောခဲ့ဖူးပါသည်။

''အင်း ့မာနတွေ ့မာနတွေ''

ဒေါ်နန်းခက်မာက သံဝေဂရသံဖြင့် ရွတ်ဆိုလိုက်သည်။ သူမ ဘာကို ဆိုလိုပါသနည်း။

''မမနန်းကြာမိုးဟာ သိပ်မာနကြီးခဲ့တယ်။ ခွန်သာမိုးကို ရှမ်းအနွယ်တော်ထဲက မိန်းကလေးတစ်ယောက်နဲ့ ပေးစားဖို့လုပ်ထားတဲ့ကြားက ခွန်သာမိုးက မြန်မာမိန်းကလေးတစ်ယောက်နဲ့ လက်ထပ်လိုက်တော့ စိတ်ဆိုးလိုက်တာ အသားတွေ ဆတ်ဆတ်တုန်နေတာပဲ။ ခွန်သာမိုးကို အမွေပြတ်ဆိုပြီး သူ့သဘောနဲ့သူ အဆက်ဖြတ်ပစ်တယ်လေ။ ခွန်သာမိုးကလည်း မာနခဲပဲ၊ သေတဲ့အထိ အိမ်ကို ပြန်မဆက်သွယ်ခဲ့ဘူး''

ကျွန်မဖခင်နှင့် ကြီးကြီးတို့၏နောက်ကြောင်းများကို သတိတရ ပြန်ပြောနေခြင်း ဖြစ်ပေသည်။

''နောက်ဆုံးတော့လည်း ဒီမာနကိုချရတာပဲလေ၊ သူ့ခမျာ သေခါနီး အထီးကျန်နေတော့ တူမလေးကို တွေ့ချင်ရှာတယ်။ လာမယ်လို့ အကြောင်းပြန်လိုက်တော့ သိပ်ပျော်နေတာပေါ့ကွယ်''

''မေမေ၊ ဒီအကြောင်းတွေ နောက်မှအေးအေးဆေးဆေး ပြောပါ၊ မေမေ မောနေပါ့မယ်''

မေခင်မိုးမြင့်က သတိပေးလိုက်သည်။

''အေးပါလေ၊ ဒါနဲ့ ငါ့တူမကြီး မူရာကျော့ယဉ်''

''ပြောပါအန်တီ''

''အန်တီတို့ကတော့ မှီခိုသူပါကွယ်။ မမနန်းကြာမိုး မေတ္တာထားလို့ အန်တီတို့မိသားစုကို ဒီအိမ်မှာ နေခွင့်ပြုခဲ့တယ်။ တူမကြီးကလည်း အန်တီတို့ကို ဆက်ပြီးနေခွင့်ပြုပါလို့''

''အို့ ့မေမေကလည်း သမီးတို့က မူရာနဲ့ဆွေမျိုးရင်းချာ တွေပဲဟာ၊ ဘာတွေပြောနေတာလဲ မေမေရယ်''

မေခင်မိုးမြင့်က ဒေါ်နန်းခက်မာ ပြောသည့်စကားကို ကြိုက်ဟန်မတူဘဲ ဟန့်တားလိုက်သည်။

''သြော် ့တို့ကို လူပိုကြီးတွေလို့ ငြူစူမှာစိုးလို့ပါအေ''

''မဟုတ်တာ အန်တီရယ်၊ ကျွန်မက ခုမှရောက်လာပြီး အန်တီတို့အပေါ်မှာ ဒီလိုစိတ်မျိုးမထားရက်ပါဘူး။ ဆွေမျိုးအချင်းချင်း မထားကောင်းပါဘူး အန်တီ''

ကျွန်မက ပြေရာပြေကြောင်း ဝင်ပြောလိုက်သည်။ တကယ်တော့ ယခုအချိန်အထိ ကျွန်မသည် သူတို့မိသားစုနှင့်မည်သို့ ဆွေမျိုးတော်စပ်မှန်း မသိသေးပါ။ သူတို့သည် ဤအိမ်တွင်နေရခြင်းကို ဘာကြောင့် စိတ်မလုံဖြစ်နေရပါသနည်း။

''လူပိုတွေ မဖြစ်ချင်ပါဘူးကွယ်၊ မောင်မောင်က ဆယ်တန်းအောင်ပြီးပါပြီ မူရာ။ မောင်မောင့်ကို ကော်ဖီခြံမှာဖြစ်ဖြစ်၊ လက်ဖက်ခြံမှာဖြစ်ဖြစ် အလုပ်ခိုင်းပါ၊ သူလုပ်နိုင်ပါတယ်''

''ဒီအိမ်ရဲ့အခြေအနေတွေကို ကျွန်မ ဘာမျှမသိရသေးပါဘူး အန်တီ။ ဘာလုပ်ငန်းတွေရှိမှန်းလည်း မသိသေးပါဘူး၊ အားလုံး လေ့လာပြီးရင် အဆင်ပြေအောင် ကြည့်စီစဉ်မှာပါ''

''ဟုတ်ပါတယ် မေမေရယ်၊ ညီမလေး မူရာကျော့ယဉ်က သမီးတို့အပေါ်မှာ သံယောဇဉ်ရှိပါတယ် မေမေ''

''သာဓုကွယ် ့ သာဓု ့ သာဓု''

အဘွားကြီးသည် စကားတစ်ဆက်တည်း ပြောလိုက်၍ မောသွားဟန်ဖြင့် ပြန်မှိန်းနေသည်။

မေခင်မိုးမြင့်က သွားကြစို့ဟု ဆိုလိုဟန်ဖြင့် မျက်ရိပ်ပြလိုက်၏။

''မေမေ၊ မူရာကျော့ယဉ်က ဦးစိုးမြင့်နဲ့သွားတွေ့ဖို့ မြို့ကိုသွားမှာ၊ မောင်မောင် လိုက်ပို့လိမ့်မယ်၊ သမီးတို့သွားမယ်နော်''

ဒေါ်နန်းခက်မာကို နှုတ်ဆက်၍ အခန်းထဲမှ ထွက်လာခဲ့ကြသည်။

***

အာကာမောင်မောင်က ဆိုင်ကယ်ကို အဆင်သင့်ထုတ်ထားကာ အိမ်ရှေ့မှစောင့်နေ၏။

ရှေ့နေနှင့်တွေ့ရမည်ဖြစ်၍ ကျွန်မက မှတ်ပုံတင်ကအစ လိုအပ်သော စာရွက်စာတမ်းအထောက်အထားများကို အပေါ်တက်ယူလိုက်သည်။

ကျွန်မသည် ဆိုင်ကယ်စီးရမည်ကို စိုးရွံ့နေမိသည်။ ကျွန်မတစ်သက်တွင် မော်တော်ဆိုင်ကယ်ကို မစီးဖူးပါ။ ရန်ကုန်သူဖြစ်၍ စက်ဘီးကိုပင် မစီးတတ်ခဲ့သော ကျွန်မဖြစ်ပါသည်။

''ဖြည်းဖြည်းမောင်းနော် မောင်မောင်''

ကျွန်မက သတိပေးလိုက်သည်။

''စိုးရိမ်စရာမရှိပါဘူး မမမူရာ၊ မောင်မောင်က ဆိုင်ကယ်ကျွမ်းပြီးသားပါ''

''မင်းကျွမ်းကျင်ပေမဲ့ မူရာကတစ်ခါမျှ ဆိုင်ကယ်စီးဖူးတာမဟုတ်ဘူး မောင်မောင်၊ အမြန်မောင်းရင် မူရာကြောက်နေလိမ့်မယ်''

မေခင်မိုးမြင့်က ဝင်ပြောလိုက်ခြင်းဖြစ်၏။

''မူရာရေ ့ဆိုင်ကယ်ကိုကြောက်နေလို့ မဖြစ်ဘူးကွယ့်။ မမမိုးလည်း ဆိုင်ကယ်စီးရတာပဲ။ ဒီမှာနေရင် ဆိုင်ကယ်စီးတတ်ဖို့ လိုလာပြီလေ၊ မူရာကိုယ်တိုင် စီးနိုင်အောင် သင်ထားဖို့လိုတယ်''

''ဟုတ်ကဲ့ပါ မမမိုး''

''ကဲ ့သွားပြီဗျို့''

အာကာမောင်မောင်က ဆိုင်ကယ်ကိုစက်နိုး၍ ထွက်လိုက်သည်။

မေခင်မိုးမြင့်က လက်ပြကျန်ခဲ့၏။

ဒေါ်အိုဇာသည် အိမ်အဝမှရပ်ကြည့်နေလေသည်။

***

ရှမ်းပြည်နယ်၏ရှုခင်းများမှာ ကျွန်မအဖို့ ကြည့်မဝနိုင်စရာချည်း ဖြစ်နေပေသည်။ ပတ်ဝန်းကျင်အနှံ့စိမ်းစိုကာ တောပန်းရောင်စုံ ပွင့်နေပုံများ၊ အနိမ့်အမြင့်မညီညာသော မြေလိမ်မြွေကောက်လမ်းများက ရန်ကုန်မှလွဲ၍ မရောက်ဖူးသော ကျွန်မအတွက် ဆန်းပြားသော ရှုမျှော်ခင်းများပင် ဖြစ်တော့သည်။

ကျွန်မတို့ထွက်လာစက မြူနှင်းမကွဲသေး။ နှင်းမှုန်နှင်းမွှားများဖြင့် ပတ်ဝန်းကျင်သည် ရီဝေနေပေ၏။ လမ်းခရီးရောက်မှ နေတဖြည်း ဖြည်းပွင့်ကာ ကြည်လင်လာသည်။

ကျွန်မက ဆိုင်ကယ်သွားနှုန်းကြောင့် အေးလာ၍ ဆွယ်တာအင်္ကျီကိုဆွဲစေ့ထားလိုက်သည်။

''မြို့ကိုဘယ်လောက်ကြာကြာ မောင်းရလဲ မောင်မောင်''

''မောင်မောင့်ဟာမောင်မောင် တစ်ယောက်တည်းဆိုရင် မိနစ်လေးဆယ်နဲ့ ရောက်တယ်။ မမမူရာပါလို့ အရှိန်လျှော့မောင်းရတော့ တစ်နာရီလောက်တော့ ကြာမှာပေါ့''

''ကြာပါစေကွယ်၊ ရုံးချိန်ကောင်းကောင်း မီပါတယ်''

''မမမူရာကို မောင်မောင် ဆိုင်ကယ်စီး သင်ပေးမယ်နော်။ နောက်ဆို ကော်ဖီခြံတွေ လက်ဖက်ခြံတွေကို မမမူရာ သွားရတော့မှာ''

''မောင်မောင် လိုက်ပို့ပေါ့ကွယ်၊ မမမူရာတော့ ဆိုင်ကယ်မောင်းရမှာ ခပ်ကြောက်ကြောက်ပဲ။ သူများ မောင်းတာ လိုက်စီးရတာတောင် ရင်တုန်လှပြီ''

''အစမို့လို့ပါ၊ ဆိုင်ကယ်မောင်းရတာ ပျော်စရာကောင်းပါတယ် မမရ''

ကျွန်မတို့စကားပြောလိုက်သည့်အခါတိုင်း ပါးစပ်ထဲမှ အငွေ့များထွက်လာသည်ကို သတိပြုမိသည်။ အေးမြသောရာသီဥတုကြောင့်ပင် ဖြစ်ပေမည်။

''ဒါနဲ့ မောင်မောင့်အမေက မမမူရာကို ပြောတယ်။ မောင်မောင့်ကို အလုပ်ထဲမှာ ခိုင်းပါတဲ့။ မောင်မောင်က ဆယ်တန်းအောင်ပြီးသားဆို၊ ဘာအလုပ်မှ မလုပ်ဘူးလားကွယ်။ ကျောင်းရော ဆက်မတက်ဘူးလား''

''မောင်မောင် အဝေးသင်တက်နေပါတယ် မမမူရာ။ ဥပဒေ ဒုတိယနှစ်လေ၊ အလုပ်လုပ်ဖို့က မေမေက နေမကောင်းတော့ မြို့ပေါ်တက်လုပ်ဖို့ ခက်နေတယ်လေ။ မောင်မောင် အလုပ်လုပ်ချင်ပါတယ်၊ မမမူရာ ခိုင်းရင် လုပ်ပါ့မယ်''

''ကြည့်သေးတာပေါ့လေ၊ လုပ်ငန်းတွေအကြောင်းတို့လည်း တစ်ခုမှ မသိရသေးဘူး''

ကျွန်မတို့သည် မြို့သို့ ဆယ်နာရီတိတိတွင် ရောက်ရှိသွား၏။

မောင်မောင်က ဆိုင်ကယ်ကို ဦးစိုးမြင့်ရုံးခန်းရှိရာထိ မောင်းလာခဲ့လေသည်။

***

ရှေ့နေကြီးဦးစိုးမြင့်မှာ ဥပဓိရုပ်ကောင်းပြီး ခန့်ညားသော ပုဂ္ဂိုလ်ကြီးဖြစ်သည်။ အသက်ငါးဆယ်ကျော်အရွယ် ဖြစ်သည်။

ရုံးခန်းထဲအရောက်တွင် မောင်မောင်က မိတ်ဆက်ပေးလိုက်၏။

''မမမူရာကျော့ယဥ် ရောက်လာပါပြီ အန်ကယ်၊ ညကပဲ ရောက်ပါတယ်''

မောင်မောင်မိတ်ဆက်မပေးမီကပင် အခန်းထဲဝင်လာကတည်းက ကျွန်မကို မူရာကျော့ယဥ်အဖြစ် ဦးစိုးမြင့်က သိပြီး ဖြစ်ပေ၏။

''မူရာကျော့ယဥ်က ဓာတ်ပုံထဲကအတိုင်းပါပဲ။ မင်းအဖေ ဦးခွန်သာမိုးနဲ့လည်း ရုပ်ချင်းဆင်တယ်''

''အန်ကယ်နဲ့ ဖေဖေနဲ့ သိပါသလားရှင့်''

''မင်းအဖေက တို့ထက် အသက်ပိုကြီးပါတယ်။ ငယ်ငယ်ကတော့ မြင်ဖူးပါတယ်၊ ခင်တော့မခင်ခဲ့ကြဘူး''

''ဟုတ်ကဲ့''

''ဒေါ်နန်းကြာမိုးရဲ့ အသုဘကိုတော့ မမီတော့ဘူးပေါ့''

''ဟုတ်ကဲ့ အန်ကယ်၊ ကြီးကြီးဆုံးတဲ့အကြောင်းကိုတောင် ဒီရောက်မှ သိရပါတယ်ရှင်''

''ဘာကွယ့်။ အန်ကယ်သံကြိုး ရိုက်လိုက်တယ်လေ''

''ကျွန်မ အိမ်လိပ်စာအတိုင်း ရိုက်လိုက်တာမဟုတ်လား အန်ကယ်။ ကျွန်မက အိမ်ကိုပြန်အပ်ပြီး သူငယ်ချင်း အိမ်မှာသွားနေတာ ရက် ၂၀ လောက်ကြာသွားပါတယ်။ သံကြိုးစာနဲ့ ကျွန်မနဲ့ လွဲသွားခဲ့ပါတယ် အန်ကယ်''

''ဖြစ်ရလေကွယ်၊ မင်းရဲ့အဒေါ်ဟာ မင်းကိုသိပ်တွေ့ချင် မြင်ချင်ခဲ့ရှာတယ်''

''ကျွန်မအဖို့လည်း ကိုယ့်ကြီးတော်ကိုယ် မြင်ခွင့်မကြုံလိုက်ရတော့ပါဘူး အန်ကယ်။ ကြီးကြီးဟာ ဘယ်လို ပုံပန်းသဏ္ဌာန်ရှိမှန်းတောင် ကျွန်မ မသိရတော့ပါဘူး။ အိမ်မှာရှိတဲ့ပန်းချီကားက ငယ်ရွယ်စဥ်က ရိုက်ထားတဲ့ပုံဖြစ်နေတယ်လေ''

ဦးစိုးမြင့် မျက်မှောင်ကြုတ်ကာ စဉ်းစားနေသည်။

''အင်း ့မင်းကြည့်ချင်တယ်ဆိုရင်တော့ လွန်ခဲ့တဲ့လေးနှစ်လောက်က ရိုက်ထားတဲ့ပုံတော့ ရှိတယ်ကွယ့်။ မင်းကြီးတော်ကြီးရဲ့ လှုပ်ရှားမှုကိုပါ တွေ့နိုင်တယ်။ အသံကိုလည်း ကြားနိုင်မယ်လေ''

''ရှင်''

''ဒီလိုပါ ပြီးခဲ့တဲ့လေးနှစ်လောက်က အန်ကယ့်မြေးတွေ ရှင်ပြုပွဲလုပ်ခဲ့တယ်လေ။ အဲဒီတုန်းက ဒေါ်နန်းကြာမိုးဟာ ကျန်းကျန်းမာမာရှိတုန်းဆိုတော့ အလှူကို ရောက်လာတယ်လေ။ အလှူမှာ ရိုက်ထားတဲ့ ဗီဒီယိုခွေထဲမှာ ဒေါ်နန်းကြာမိုးပုံ ကောင်းကောင်းပါတာပေါ့။ အဲဒီအခွေကိုပြန်ရှာပြီး မင်းဆီ ပို့ပေးလိုက်ပါမယ်''

''ကျေးဇူးတင်ပါတယ် အန်ကယ်''

ရှေ့နေကြီးက သူ့ထံမှတစ်ဆင့် လွှဲအပ်ထားသော စာချုပ်စာတမ်းများကို ထုတ်ပြကာ လိုအပ်သည်များကို ရှင်းပြလေ၏။

ရွှေဖီမိုးမိသားစုတွင် လက်ဖက်ခြံနှင့်ကော်ဖီခြံများရှိကာ ထိုလုပ်ငန်းများမှ ဝင်ငွေများ နှစ်စဉ်တိုးပွားလျက်ရှိကြောင်း သိရ၏။ အိမ်နှင့်တကွ လက်ဖက်ခြံ၊ ကော်ဖီခြံပိုင်ဆိုင်မှု စာချုပ်စာတမ်းများကို ကျွန်မအား လွှဲအပ်ပေးသည်။

ထို့နောက် ဘဏ်ငွေစာရင်းများ ရှင်းလင်းရန်အတွက် ဘဏ်သို့ ထွက်ခဲ့ကြလေသည်။

ကျွန်မနှင့်မောင်မောင်က ဆိုင်ကယ်တစ်စီး၊ ဦးစိုးမြင့်က သူ့ဆိုင်ကယ်ဖြင့် ဘဏ်ကိုလိုက်ပါလာသည်။

မန်နေဂျာနှင့်တွေ့ဆုံရန် ကျွန်မတို့စောင့်ဆိုင်းနေစဉ် မောင်မောင်က ဘဏ်အပြင်ဘက်တွင် ကျန်ခဲ့၏။

''မောင်မောင်မရှိတုန်း မူရာကျော့ယဉ်ကို ပြောရဦးမယ်''

''ရှင်''

''တချို့ကိစ္စတွေက လူသိခံလို့မဖြစ်ဘူး မဟုတ်လား''

''ဩော် ့ဟုတ်တာပေါ့ အန်ကယ်''

''ရွှေဖီမိုးအိမ်ကြီးမှာ ပြဿနာအနည်းအကျဉ်း ရှိနေတယ်ကွယ့်''

''အို''

''ထူးထူးဆန်းဆန်းတော့ မဟုတ်ပါဘူးလေ။ ပစ္စည်းခန်းပဲပေါ့၊ လူတွေက လောဘသားတွေ မဟုတ်လား''

''ပြောပါအန်ကယ်''

''ဒေါ်နန်းကြာမိုး အန်ကယ့်ကိုလွှဲအပ်ပေးခဲ့တာတွေဟာ မရွှေ့ပြောင်းနိုင်တဲ့ပစ္စည်းတွေနဲ့ ဘဏ်ငွေစာရင်းပဲ ရှိသေးတယ်။ လက်ဝတ်ရတနာတွေကတော့ ဒေါ်နန်းကြာမိုး လက်ထဲမှာပဲ ရှိနေခဲ့တယ်''

''အို''

''မျိုးရိုးစဉ်ဆက်ထိန်းသိမ်းလာတဲ့ ပတ္တမြားဘယက်ကြီးဟာ တော်တော်တန်ဖိုးကြီးတယ် မူရာကျော့ယဉ်။ ကာလတန်ဖိုး သိန်း ထောင်ဂဏန်းရှိတယ်။ လက်ဝတ်ရတနာလုပ်မထားတဲ့ ပုလဲတွေနဲ့ စိန်တွေလည်း ရှိသေးတယ်''

''ဟုတ်ကဲ့ အန်ကယ်''

''ဒေါ်နန်းကြာမိုးဟာ သူ့ကိုယ်သူ သေမယ်လို့ မထင်သေးဘူးကွယ့်။ မင်းလာတဲ့အထိ နေရဦးမယ်၊ မင်းနဲ့ ဆုံရဦးမယ်လို့မျှော်လင့်နေခဲ့ရှာတယ်။ မင်းရောက်လာမှ လက်ဝတ်ရတနာတွေကို မင်းလက်ထဲ သူကိုယ်တိုင် ထည့်မယ်လို့ အားခဲထားတာလေ''

ကျွန်မရင်ထဲ၌ တင်းကျပ်လာခဲ့သည်။

''ရတနာပစ္စည်းတွေ အန်ကယ့်ကို ပြခဲ့တယ်။ လွန်ခဲ့တဲ့ ၆လလောက်ကပဲ၊ မင်းနဲ့အဆက်အသွယ်ရပြီး နောက်ပိုင်းပေါ့။ သူ ကွယ်လွန်တဲ့ အချိန်မှာတော့ အဲဒီရတနာတွေဟာ ပျောက်နေတယ် မူရာကျော့ယဉ်''

'''အို''

''ရွှေဖီမိုးမှာ မေခင်မိုးမြင့်တို့နဲ့ ဒေါ်အိုဇာနဲ့ကလည်း မတည့်ကြဘူး''

''ဒါတော့ တစ်ညတည်းနဲ့ ကျွန်မကိုယ်တွေ့ကြုံခဲ့ရပါပြီ အန်ကယ်''

''အေးကွယ်၊ ဒေါ်နန်းကြာမိုးရဲ့ ရတနာထုပ်ကို သူကွယ်လွန်ချိန်မှာ ရှာကြည့်တော့ မတွေ့ရဘူး။ ဒါကို မေခင်မိုးမြင့်တို့နဲ့ ဒေါ်အိုဇာနဲ့ သူယူပါတယ် ငါယူပါတယ်နဲ့ အပြန်အလှန် စွပ်စွဲနေကြတယ်ကွယ့်''

''ဟင့် ဒါတော့ ကျွန်မ ခုထိမသိရသေးပါဘူး အန်ကယ်''

''ဒါက ဒီလိုရှိတယ်လေ။ သူတို့က ဒေါ်နန်းကြာမိုး အန်ကယ့်ကိုများ အပ်ထားခဲ့လေသလားလို့ သံသယ ရှိနေတာကိုးကွယ့်။ မေခင်မိုးမြင့်ကဆိုရင် အသုဘချတဲ့နေ့မှာ အန်ကယ့်ကို ဖွင့်တောင် မေးတယ်။ အန်ကယ်က ဒီကလေးမ စပ်စုပုံကိုမကြိုက်တာနဲ့ မင်းနဲ့ဆိုင်တဲ့ကိစ္စ မဟုတ်ဘူး။ မူရာကျော့ယဉ်လာမှ ငါတို့အချင်းချင်းရှင်းမယ်လို့ ခပ်တင်းတင်း ပြောလိုက်ရတယ်ကွယ့်''

''သြော် ဒါကြောင့် အန်ကယ့်ဆီသွားမယ့်ကိစ္စကို သူတို့ ဒါလောက်စိတ်ဝင်စားနေကြတာကိုး''

''တစ်ခုသိထားဖို့က ဒေါ်နန်းကြာမိုးဟာ ရတနာထုပ်ကို အန်ကယ့်ကို မအပ်ခဲ့ဘူး။ ရတနာထုပ်ကို ရှာလို့ ကလည်း မတွေ့ဘူး။ ဒီတော့ ရတနာထုပ် ပျောက်နေတာကတော့ ကေန်ပဲ မူရာကျော့ယဉ်။ ဒီပြဿနာဟာ တစ်နေ့မဟုတ်တစ်နေ့ တက်လာတော့မှာပဲ''

''အန်ကယ်ကရော ဘယ်လိုထင်သလဲရှင့်''

''အန်ကယ်တော့ မထင်တတ်အောင်ပဲကွယ်။ သူတို့အချင်း စွပ်စွဲသလို ဒေါ်အိုဇာသော်လည်းကောင်း၊ မေခင်မိုးမြင့်တို့ဘက်ကသော်လည်းကောင်း တစ်ဖက်ဖက်က ရတနာထုပ်ရထားရင် ရတဲ့သူဟာ ဒီအိမ်မှာ နေတော့မှာ မဟုတ်ဘူး။ ထွက်သွားမှာပဲလေ''

''ဟုတ်တာပေါ့။ အန်ကယ်စဉ်းစားတာ မှန်ပါတယ်''

''အဲဒီအတိုင်းစဉ်းစားမယ်ဆိုရင် ရတနာထုပ်ဟာ အမှန်တကယ် ပျောက်နေတာလည်း ဖြစ်နိုင်တာပဲ။ ပျောက် နေတာမှန်ရင်လည်း နှမြောစရာသိပ်ကောင်းတယ် မူရာကျော့ယဉ်။ ဒီတော့ မူရာကျော့ယဉ်လည်း ပညာတတ်တစ် ယောက်ပဲကွယ်။ ကိုယ့်နည်းကိုယ့်ဟန်နဲ့ စုံစမ်းတာ စုံစမ်း။ ကိုယ့်ဆင်ခြင်ဉာဏ်နဲ့ ကြံဆသင့်တာ ကြံဆကြည့်ပေါ့''

ကျွန်မက သက်ပြင်းကို ချလိုက်မိလေသည်။ ကျွန်မသည် အဒေါ်ဖြစ်သူ၏ ဆန္ဒအရလာရောက်ခဲ့ခြင်းသာ ဖြစ်သည်။ ရွှေဖီမိုးတွင် မှီခိုနေထိုင်ရန် လာရောက်ခဲ့ခြင်းသာဖြစ်သည်။ ဤမျှကြီးမားသော ပြဿနာများနှင့် ရင်ဆိုင် ရလိမ့်မည်ဟု မတွေးမိခဲ့ပါချေ။ ယခုတော့ ကျွန်မသည် ပြဿနာအားလုံးကို ဒိုင်ခံဖြေရှင်းရင်ဆိုင်ရပေတော့မည်။

''အန်ကယ်ဟာ မင်းအဒေါ်ရဲ့ ယုံကြည်လွှဲအပ်ခံရတဲ့ ရှေ့နေတစ်ယောက်ပါ မူရာကျော့ယဉ်။ ပုဂ္ဂိုလ် ရေးအနေနဲ့လည်း ခင်မင်ရင်းနှီးကြပါတယ်။ ဘာကိစ္စဖြစ်ဖြစ် အန်ကယ့်ကိုလာပြီး တိုင်ပင်နိုင်ပါတယ်။ အန်ကယ် ကူညီ ဖို့အသင့်ပါ''

''ကျေးဇူးတင်ပါတယ် အန်ကယ်ရယ်''

''နောင်မှာ ဘယ်ကိစ္စအတွက်ပဲဖြစ်ဖြစ် မူရာကျော့ယဉ်ဟာ ကိုယ်တိုင် စဉ်းစားဆုံးဖြတ်ရတော့မယ်။ မင်း အတွက် မင်းအထက်မှာ လူမရှိဘူး။ မင်းဟာ ခုအချိန်မှာ ရွှေဖီမိုးမျိုးဆက်ရဲ့ အရေးပါအရာရောက်ဆုံးလူပဲ။ ဒီတော့ မင်းသတ္တိမွေးပါ၊ သတ္တိရှိပါ မူရာကျော့ယဉ်။ မင်း ရင်ဆိုင်ဖြေရှင်းရမယ့်ကိစ္စတွေကို အန်ကယ် အများကြီးကြိုမြင်ထား လို့ ပြောတာပါ။ ကြောက်လည်း ကြောက်မသွားနဲ့။ ဘယ်သူ့ကိုမျှလည်း မယုံနဲ့။ ကိုယ့်အားကိုယ်ကိုးပါ''

ဦးစိုးမြင့်စကားများကြောင့် ကျွန်မရင်များ တင်းကျပ်၍လာခဲ့သည်။ သက်ပြင်းကို ရှိုက်မိသည်။

ကျွန်မသည် ပြဿနာအားလုံးကို ရင်ဆိုင်ဖြေရှင်းရန် အရည်အချင်း ပြည့်ဝသူ ဟုတ်ရဲ့လား။

♛ ♛ ♛ ♛ ♛

၅

ရှေ့နေကြီး ပြောလိုက်သောစကားများမှာ မှန်လှပါပေ့။

ရွှေဖီမိုးသို့ပြန်ရောက်ပြီး ကျွန်မအပေါ်ထပ်သို့ တက်သွားသည် နှင့် မေခင်မိုးမြင့်နောက်မှ လိုက်လာလေသည်။ ကျွန်မက မြို့မှဝယ်လာသောပစ္စည်းပစ္စယအချို့ကို နေရာချထားနေချိန်ဖြစ်သည်။

''မူရာ ့မမမိုး ဝင်ခဲ့ပါရစေ''

မေခင်မိုးမြင့်က တံခါးကိုခေါက်ရင်း အသံပြုလိုက်သည်။

''တံခါးက စေ့ရုံစေ့ထားတာပါ မမမိုး၊ ဝင်ခဲ့ပါ''

ကျွန်မစကားဆုံးသည်နှင့် မေခင်မိုးမြင့် အခန်းထဲရောက်လာသည်။

မေခင်မိုးမြင့်က ဆက်တီကုလားထိုင်တွင် ဝင်ထိုင်လိုက်ကာ–

''ဦးစိုးမြင့် လွှဲပေးတဲ့ပစ္စည်းတွေထဲမှာ ပတ္တမြားဘယက်နဲ့ လက်ဝတ်ရတနာတွေပါသလား မူရာ''

''အန်ကယ်ဦးစိုးမြင့်က မူရာ့ကို ဘဏ်စာရင်းနဲ့ စာချုပ်စာတမ်းတွေပဲ လွှဲပေးလိုက်တာပါ မမမိုး၊ ပစ္စည်းဆိုလို့ ဘာမှမပါပါဘူး''

''အမယ်လေး''

မေခင်မိုးမြင့်က သူ့ရင်ဘတ်သူ အလန့်တကြား ရိုက်လိုက်ကာ လူကလည်း ကုလားထိုင်နောက်မှီကိုမှီရင်း အရုပ်ကြိုးပြတ် ဖြစ်သွားသည်။

''ဒါ ့ဒါဆို သေချာပြီ မူရာ၊ ပစ္စည်းတွေကို ဒေါ်အိုဇာ ခိုးထားတာပဲ''

''အို ့မမမိုး၊ ဘာကိုဆိုလိုတာလဲဟင်''

ကျွန်မက မသိချင်ယောင်ဆောင်၍ မေးလိုက်သည်။

''ကြီးကြီးမှာ သိပ်တန်ဖိုးကြီးတဲ့ ပတ္တမြားဘယက်ကြီးတစ်ကုံး ရှိတယ်ကွယ့်။ ပြီးတော့ စိန်တွေ၊ ပုလဲတွေလည်း ရှိတယ်။ ဒါတွေကို နဂိုကတည်းက ဦးစိုးမြင့်ကို အပ်မထားဘူးဆိုတာ မမမိုးတို့ သိတယ်။ ဒါပေမဲ့ ကြီးကြီးဆုံးတော့ အဲဒီပစ္စည်းတွေရှာမတွေ့ဘူး။ သေချာပါပြီ၊ ဒေါ်အိုဇာ ခိုးထားတာပဲဖြစ်မှာပါ''

''ဘာလို့ ဒီလိုပြောနိုင်ရတာလဲ မမမိုး''

''ကြီးကြီးကို သူပဲ အနီးကပ်ပြုစုခဲ့တာလေ။ သေခါနီးအချိန်မှာ ကြီးကြီးသိပ်ပြီး သတိမကောင်းတော့ဘူး။ ပြုစုရင်းနဲ့ ခိုးထားတာနေမှာပေါ့''

''မမမိုးရယ်၊ ဒေါ်အိုဇာက ဒီအိမ်မှာ သူစိမ်းပဲ။ ဒါလောက် အဖိုးတန်တဲ့ပစ္စည်းတွေ သူ့လက်ထဲရောက်နေရင် ဒီအိမ်မှာ သူ ဘယ်နေတော့မလဲ၊ ထွက်သွားမှာပေါ့''

''လူတွေသံသယကင်းအောင် အခြေမပျက် နေပြနေတာဖြစ်မှာပေါ့။ ပန်းတောဘက်မှာ သူ့အမျိုးတွေရှိတယ် မူရာ။ အဲဒီကိုပို့ထားလို့လည်း ဖြစ်တာပဲ''

''ကြီးကြီးက သတိမကောင်းတော့ဘူးဆို၊ တစ်နေရာရာမှာ ကြီးကြီးကိုယ်တိုင်ပဲ ဝှက်ထားခဲ့တာမျိုး မဖြစ်နိုင်ဘူးလား၊ မူရာတို့ ရှာကြည့်ကြတာပေါ့''

''ရှာပြီးပါပြီ မူရာ၊ တစ်အိမ်လုံးနှံ့အောင်ရှာပြီးပါပြီ။ ဟောဒီအခန်းဆိုရင် သုံးလေးခါ အကြိုအကြားမကျန် ရှာပြီးပြီ၊ မတွေ့ဘူး။ ဒေါ်အိုဇာကို သိပ်မယုံနဲ့နော် မူရာ။ သူဟာ ကိုယ့်အဆွေအမျိုးထဲက မဟုတ်ဘူး။ ပြီးတော့ အခိုင်းအစေတစ်ယောက်၊ မမမိုးတော့ ဒီမိန်းမကြီးကို တစ်စက်မှ မယုံဘူး''

''မူရာလည်း လူပေါင်းစုံနဲ့ ဆက်ဆံဖူးပါတယ်။ အထိုက်အလျောက်လည်း အတွေ့အကြုံရှိပါတယ်။ မူရာ လူကဲခတ်တတ်ပါတယ် မမမိုး။ ရတနာတွေကိစ္စကို သိပ်သွေးမပူဘဲ မူရာတို့စဉ်းစားကြတာပေါ့။ မမမိုး ထင်သလို ဒေါ်အိုဇာ ယူထားတယ်လို့ထင်ရင်လည်း မူရာ ဒေါ်အိုဇာ့ကို ပညာသားပါပါ လှည့်ပတ်မေးမြန်းကြည့်ပါ့မယ်''

''အေးလေ ့တကယ်တော့ ဒါတွေဟာ ငါ့ညီမပစ္စည်းတွေပါ။ မမမိုးတို့နဲ့ မဆိုင်ပါဘူး။ မူရာ အကျိုးယုတ်မှာစိုးလို့ မမမိုးက ပြောတာပါကွယ်''

မေခင်မိုးမြင့်က ညည်းညူရင်း အခန်းထဲမှထွက်သွားလေသည်။

မေခင်မိုးမြင့်ထွက်သွားပြီး မကြာခင်ပင် ဒေါ်အိုဇာအခန်းထဲသို့ ရောက်လာပြန်သည်။

''သခင်မလေး၊ ရေချိုးချင်ချိုးလို့ရပါပြီ၊ ခုလိုနွေခင်းမျိုးက ဒီလိုဒေသမျိုးမှာ ရေချိုးလို့အကောင်းဆုံးပါ။ ဒေါ်အိုဇာ ရေနွေးလည်း ကျိုထားပြီးပါပြီ''

''ရေနွေးက ဘာလုပ်ဖို့လဲ ဒေါ်အိုဇာ''

''ရေကအေးတော့ ရေနွေးနဲ့စပ်ချိုးမှ ကောင်းမှာလေ''

''ကျွန်မ သက်ကြီးရွယ်အိုမှ မဟုတ်ဘဲ ဒေါ်အိုဇာရယ် ့ မလိုပါဘူး။ ကျွန်မအတွက် ဒါလောက်အပင်ပန်း မခံပါနဲ့''

''သခင်မလေးက ဒီကရာသီနဲ့ နေသားမကျသေးလို့ စီစဉ်ပေးတာပါ သခင်မလေး။ ဒါနဲ့ သခင်မလေး''

ဒေါ်အိုဇာက ကျွန်မအနီးသို့ တိုးကပ်လာသည်။

''ဒေါ်အိုဇာ စပ်စုတာ မဟုတ်ပါဘူး၊ သိချင်လို့မေးပါရစေ''

''ပြောပါ ဒေါ်အိုဇာ''

''ရွှေနေကြီးလွှဲပေးတဲ့ပစ္စည်းတွေထဲမှာ ပတ္တမြားဘယက် ပါသလားဟင်''

''မပါပါဘူး ဒေါ်အိုဇာ''

''ဟင် ့ဒေါ်အိုဇာလည်း ထင်သားပဲ၊ သခင်မကြီး ဆုံးခါနီးအချိန်အထိ သခင်မကြီးလက်ထဲမှာ ရတနာ ပစ္စည်းတွေ ရှိနေတုန်းပါ။ သခင်မကြီးက ဒါတွေကို သခင်မလေးလာမှ သခင်မလေးလက်ထဲ သူကိုယ်တိုင်ထည့် မယ်ဆိုပြီး ထားထားတာ သခင်မလေး။ ရွှေနေကြီးဆီ အပ်မထားဘူးဆိုတာ ဒေါ်အိုဇာ စကတည်းက သိတယ်''

''ဒါဖြင့်ရင် စကတည်းကပဲ ဒေါ်အိုဇာ သတိထားပြီး ထိန်းသိမ်းပေးဖို့ကောင်းတာပေါ့''

''မှန်ပါတယ် သခင်မလေး၊ ဒါပေမဲ့ သခင်မကြီးဘေးမှာ ဒေါ်အိုဇာ အချိန်ပြည့်နေနိုင်တာ မဟုတ်ဘူး။ မေခင် မိုးမြင့်က ပြုစုမယ်ဆိုပြီး သခင်မကြီးဘေးကို တစ်ချက်တစ်ချက် ရောက်နေတတ်တယ်လေ။ ဒေါ်အိုဇာအထင်တော့ မေခင်မိုးမြင့်ပဲ ပစ္စည်းတွေကို အပျောက်ရိုက်ထားတယ် ထင်တယ်''

''သေပြီးမှလား၊ မသေခင်လား''

''မသေခင်ကတည်းက ဖြစ်မှာပေါ့၊ သခင်မကြီးက တစ်ခါတစ်ခါ သတိလွတ်လွတ်သွားတတ်တယ်လေ။ အဲ့လိုအခါမျိုးမှာ သူ ယူထားတာပဲ ဖြစ်မှာ၊ သခင်မကြီး ဆုံးဆုံးချင်း ဒီအခန်းထဲမှာ အားလုံးရှေ့မှာပဲ ပစ္စည်းတွေ ကိုရှာကြသေးတယ်။ အဲဒီတုန်းကလည်း သူက ဟန်ဆောင်ပန်ဆောင်နဲ့ရော ရှာသေးတာပေါ့ သခင်မလေး။ တကယ် တော့ ပစ္စည်းတွေ သူ့လက်ထဲမှာပါ''

''မျက်မြင်ကိုယ်တွေ့မဟုတ်ဘဲနဲ့ မစွပ်စွဲကောင်းပါဘူးလေ''

''မေခင်မိုးမြင့်ဟာ သိပ်လည်တယ် သခင်မလေး၊ သူ့အမေ နန်းခက်မာလည်း မိန်းမလည်ပဲ''

''တော်ပါတော့ ဒေါ်အိုဇာရယ်''

''ဒေါ်အိုဇာက သခင်မလေး အကျိုးအတွက် ပြောတာပါ။ သခင်မကြီး ထားခဲ့တဲ့ပစ္စည်းတွေ ဆွေမျိုးအရင်း ဖြစ်တဲ့ သခင်မလေး မခံစားရမှာစိုးလို့ ပြောတာပါ''

''သူတို့လည်း ဆွေမျိုးပဲ မဟုတ်လား''

ဒေါ်အိုဇာက မျက်နှာကို မဲ့ရွဲ့လိုက်သည်။

''ဒါတွေကို သခင်မလေး ကောင်းကောင်း မသိသေးဘူးနော် အင်း''

''ကဲ ့ကျွန်မ ရေချိုးတော့မယ် ဒေါ်အိုဇာ''

''ဟုတ်ကဲ့ ့ဟုတ်ကဲ့''

''ဒါနဲ့ ဒေါ်အိုဇာ၊ ကြီးကြီးကို သင်္ဂြိုဟ်တဲ့ သုသာန်ဟာ တော်တော်ဝေးသလားဟင်''

''မင်းအိုင်ရွာသုသာန်မှာပဲ ဂူသွင်းသင်္ဂြိုဟ်ခဲ့တာပါ သခင်မလေး၊ ဘာဖြစ်လို့လဲ''

''ကျွန်မ ကြီးကြီးကို လူချင်းမတွေ့လိုက်ရဘူးလေ။ ကြီးကြီး ထားရစ်ခဲ့တဲ့ အမွေအနှစ်တွေက ကျွန်မ လက်ထဲရောက်နေပြီ။ ကျွန်မ ကြီးကြီးကို ကန်တော့ချင်တယ်။ အုတ်ဂူကိုသွားကန်တော့ချင်တယ်''

''ကောင်းတာပေါ့ သခင်မလေး၊ ဒေါ်အိုဇာ လိုက်ပို့ပါ့မယ်''

''မနက်ဖြန်စီစဉ်လို့ ဖြစ်မလား ဒေါ်အိုဇာ''

''မနက်ဖြန်မနက် သွားကြတာပေါ့ သခင်မလေး''

♛ ♛ ♛ ♛ ♛

၆

ကျွန်မနှင့်ဒေါ်အိုဇာသည် မနက်ရှစ်နာရီအချိန်လောက်တွင် အိမ်မှ ထွက်ခဲ့ကြ၏။

မင်းအိုင်သုသာန်သို့သွားရောက်ရန် ဖြစ်ပါသည်။

မင်းအိုင်ဘူတာမှ ရွှေဖီမိုးအိမ်ကြီးဆီသို့လာခဲ့ရာလမ်းအတိုင်း ရွာဘက်သို့ လျှောက်ခဲ့ရပါသည်။

ကျွန်မတို့သည် နံနက်ခင်းနှင်းထုအောက်တွင် သုံးမိုင်ခန့်ခရီးကို ခြေကျင်လျှောက်လာခဲ့ကြသည်။

လမ်းတွင် ဒေါ်အိုဇာက ရွှေဖီမိုးမိသားစုများနှင့် ပတ်သက်သည့်အကြောင်းများကို တတွတ်တွတ် ပြောလာခဲ့လေ၏။ အထူးသဖြင့် မေခင်မိုးမြင့်တို့ မိသားစုအကြောင်းသာ ဖြစ်ပါသည်။

ဒေါ်အိုဇာပြောပြမှပင် မေခင်မိုးမြင့်တို့နှင့် ကျွန်မ မည်သို့ဆွေမျိုးတော်စပ်သည်ကို ရေလည်စွာ သိခွင့်ရခဲ့ပါတော့သည်။

''နန်းခက်မာဟာ မြို့ပေါ်က မိန်းကလေးတစ်ယောက်ပဲ။ ရွှေဖီမိုးမိသားစုနဲ့ ဘာမျှမပတ်သက်ဘူး။ ရွှေဖီမိုးမိသားစုထဲမှာ ခွန်အုံးလှိုင်ဆိုတဲ့ လူတစ်ယောက် ရှိခဲ့ဖူးတယ် သခင်မလေး။ ခွန်အုံးလှိုင်ဟာ သခင်မလေးရဲ့အဘွား စော်ဘွားကြီးကတော်ရဲ့ မောင်တစ်ဝမ်းကွဲကမွေးတဲ့ သားချင်းတစ်ယောက်ပါ။ ခွန်အုံးလှိုင်နဲ့ သခင်မလေးဖခင် ဦးခွန်သာမိုး၊ သခင်မကြီး ဒေါ်နန်းကြာမိုးတို့နဲ့ဆိုရင် မောင်နှမနှစ်ဝမ်းကွဲတော်သွားပြီပေါ့''

''ဩော်''

''သေချာမှတ်နော် သခင်မလေး၊ ခွန်အုံးလှိုင်ကမှ သခင်မလေးတို့မိဘများနဲ့ နှစ်ဝမ်းကွဲတော်တဲ့သူပါ။ ခွန်အုံးလှိုင်မိဘများ ငယ်ငယ်ကတည်းက ဆုံးပါးသွားတော့ သူ့ကို စော်ဘွားကြီးကတော်က ခေါ်မွေးစားလိုက်တယ်လေ။ ဒီနေရာမှာ မှတ်သားဖို့က ခွန်အုံးလှိုင်ဟာ စော်ဘွားကြီးဘက်က, တော်တဲ့အမျိုးမဟုတ်ဘူး။ စော်ဘွားကြီးကတော်ဘက်က ဝမ်းကွဲအမျိုးတစ်ယောက် ဖြစ်တယ်ဆိုတာပဲ'

ဒေါ်အိုဇာသည် အတော်ပင်အပြောကောင်းသော အဘွားကြီးပါတကား။

''ခွန်အုံးလှိုင်ကို မြို့မှာကျောင်းထားတော့ နန်းခက်မာဆိုတဲ့ အမျိုးသမီးနဲ့ အိမ်ထောင်ကျလာတယ်။ ပညာကိုဆုံးအောင်မသင်ခဲ့ဘူး။ စော်ဘွားကြီးက သူ့တို့ကို ညောင်တန်းရွာက လက်ဖက်ခြံမှာ အလုပ်ပေးထားခဲ့တယ်။ မေခင်မိုးမြင့်ဟာ နန်းခက်မာနဲ့ခွန်အုံးလှိုင်ရခဲ့တဲ့ ကလေးပဲ''

''ဒါဖြင့် မမမိုးဟာ ကျွန်မနဲ့ ညီအစ်မသုံးဝမ်းကွဲ ဖြစ်သွားတာပေါ့''

''ဟုတ်ပါတယ် သခင်မလေး၊ သွေးအဝေးကြီးပါ''

ကျွန်မက မသိမသာပြုံးလိုက်မိသည်။ ဒေါ်အိုဇာသည် မေခင်မိုးမြင့်တို့မိသားစုနှင့် ကျွန်မကို သွေးဝေးကြောင်း အဓိကထားပြောနေခြင်း ဖြစ်ပေ၏။ အာဂအဘွားကြီးပါကလား။

''ဒီပုံအတိုင်း ကောင်းကောင်းမွန်မွန် ပေါင်းသင်းနေမယ်ဆိုရင် သူတို့အကြောင်း ခုလိုမကောင်းပြောစရာ မရှိပါဘူး သခင်မလေး။ နန်းခက်မာဟာ လျှပ်ပေါ်လော်လည်လွန်းတယ်။ သူဟာ ခြံက အလုပ်သမားတစ်ယောက်နဲ့ ဖောက်ပြန်ခဲ့တယ် သခင်မလေး''

''အို''

''ခွန်အုံးလှိုင်ကိုထားရစ်ခဲ့ပြီး နောက်ယောကျ်ားနောက်ကို လိုက်သွားခဲ့တယ်လေ''

''ဩော် ဖြစ်ရလေ''

''မေခင်မိုးမြင့်ကိုပါ ခေါ်သွားခဲ့တယ်။ မောင်မောင်ဟာ နောက်ယောကျ်ားနဲ့ရတဲ့ကလေးပါ သခင်မလေး။ ရွှေဖီမိုးမျိုးဆက် မဟုတ်ပါဘူး၊ ရွှေဖီမိုးနဲ့ ဘာမျှမတော်စပ်ပါဘူး''

''ဒါဖြင့် သူတို့မိသားစုက အခု ဘယ်လိုကြောင့် ဒီအိမ်ကို ရောက်နေရတာလဲ ဒေါ်အိုဇာ''

''သခင်မကြီး သဘောကောင်းလွန်းလို့ပါ။ ခွန်အုံးလှိုင်လည်း သူ့မိန်းမစိတ်နဲ့ အရက်သမားလုံးလုံးဖြစ်ပြီး ငယ်ငယ်ရွယ်ရွယ်နဲ့ ဆုံးရှာတယ်လေ။ နန်းခက်မာရဲ့နောက်ယောကျ်ားလည်း ဆုံးသွားတယ်။ နန်းခက်မာဟာ စီးပွားရေးအဆင်မပြေ ငတ်လည်းငတ်နေတဲ့အချိန်မှာ သခင်မကြီးဆီ အရှက်မရှိရောက်လာပြီး မျက်ရည်ခံထိုး ခိုလှုံခွင့်တောင်းခဲ့တာပဲ သခင်မလေး''

အဖြစ်အပျက်များမှာ အမှန်ဖြစ်လောက်ပါသည်။ သို့သော် ဒေါ်အိုဇာအပြောများက ချိုးနှိမ်သော၊ နှိမ့်ချသော အာဃာတလေသံတွေပါနေသည်ကို ကျွန်မသတိထားမိသည်။

''ကြီးကြီးကလည်း အလွယ်တကူ လက်ခံခဲ့တာပဲလား''

''သခင်မကြီးဟာ ငယ်ငယ်ကတော့ သိပ်စိတ်ကြီးတဲ့ မာနခဲတစ်ယောက်ပါ။ ကြီးလာတော့ မိဘများလည်းဆုံးပါးကုန်၊ တစ်ဦးတည်းသောမောင်နဲ့လည်း အဆက်ပြတ်၊ မောင်လေးလည်း ရန်ကုန်မှာဆုံးသွားပြီဆိုတော့ အထီးကျန်သွားရှာတယ်လေ။ သွေးဝေးပါတယ်ဆိုတဲ့ ခွန်အုံးလှိုင်လည်း မရှိတော့ပဲကိုး။ ဒါနဲ့ပဲ မေခင်မိုးမြင့်ကို အနီးဆုံးဆွေမျိုးသားချင်းရယ်လို့ ထောက်ထားပြီး သူတို့မိသားစုကို လက်ခံလိုက်တာပဲ သခင်မလေး''

''ခုတော့ အန်တီနန်းခက်မာလည်း ငယ်ကလုပ်ရပ်တွေအတွက် နောင်တရလောက်ပါပြီလေ''

''ဘာလုပ်လို့ရော ရနိုင်သေးလို့လဲ သခင်မလေးရယ်၊ လူလည်း အသက်ကြီးပြီ၊ ရောဂါနဲ့ သေခါပဲနီးပြီ ဟာကို''

ကျွန်မသည် ဒေါ်နန်းခက်မာနှင့် တွေ့ဆုံစဉ်က ဒေါ်နန်းခက်မာ ပြောခဲ့သော စိတ်ဓာတ်ကျညှိုးငယ်သည့် စကားအသုံးအနှုန်းများကို သတိရမိလေသည်။ ဒေါ်နန်းခက်မာသည် သူမငယ်စဉ်က ဖောက်ပြန်သောလုပ်ရပ်များအတွက် လိပ်ပြာငယ်နေဟန်တူပေ၏။

''မမိုးနဲ့မောင်မောင်ကတော့ ကောင်းတယ်မဟုတ်လား ဒေါ်အိုဇာ''

''မောင်မောင့်ကိုတော့ မပြောလိုဘူး၊ ပျော်ပျော်နေတတ်တဲ့ ကလေးတစ်ယောက်ပါ။ မေခင်မိုးမြင့်ကတော့ ဘဝင်မြင့်နေတာပဲ။ ဆယ်တန်းလည်း မအောင်ပါဘူး၊ အလကားပါ''

''ဩော်''

''သခင်မလေးကိုသတိပေးချင်တာက အဲဒါပါ သခင်မလေး။ မေခင်မိုးမြင့်ကို သတိထားဖို့လိုတယ်''

''ဘာအတွက်လဲ ဒေါ်အိုဇာ''

''မေခင်မိုးမြင့်က ရွှေဖီမိုးရဲ့အမွေအနှစ်တွေကို သူပဲရမယ်လို့ တထစ်ချ ယုံထားတာလေ။ သခင်မလေးနဲ့ မဆက်သွယ်မိခင်က သူပဲ အနီးစပ်ဆုံးဆွေမျိုး ဖြစ်နေတာကိုး။ သခင်မကြီးက သခင်မလေးကို ရှာဖွေဆက်သွယ်ပြီး အမွေတွေအားလုံးကို သခင်မလေးကိုပဲ လွှဲခဲ့တယ် မဟုတ်လား။ သူတို့အတွက် ခရုဆံကျွတ်ဖြစ်သွားခဲ့ပြီလေ''

''ကျွန်မက မမိုးတို့ကို ဘာကြောင့် သတိထားရမှာလဲ ဒေါ်အိုဇာ''

''အို ့သခင်မလေးနယ်၊ သခင်မလေးရောက်လာလို့ အမွေတွေကို သူလက်လွှတ်လိုက်ရပြီလေ။ သခင်မလေးသာမရှိရင် သူပဲ ဒီအမွေတွေရမှာ မဟုတ်လား။ သခင်မလေးရဲ့အသက်အန္တရာယ်ကိုတောင် လုပ်ကြံမှာစိုးရပါတယ် သခင်မလေးရယ်''

''အို့ ဒေါ်အိုဇာရယ်၊ ဆွေမျိုးသားချင်းအချင်းချင်းပါ။ ဒါ လောက်တော့ မိုက်မဲမယ် မထင်ပါဘူး''

''သခင်မလေး၊ ဆွေမျိုးဆိုပေမဲ့ သွေးလည်းဝေးတယ်၊ ပြီးတော့ ခုမှတွေ့ကြရတာပါ။ နန်းခက်မာဟာ မိန်းမကောင်းတစ်ယောက် မဟုတ်ဘူး။ မိန်းမလည် မိန်းမရှုပ်တစ်ယောက်ပါ။ သခင်မလေးက ခုမှ တွေ့ရလို့သာ သနားစရာ ရောဂါသည်တစ်ယောက်လို့ ထင်နေတာ၊ တကယ်တော့ အကျင့်စာရိတ္တပျက်ပြားနေတဲ့ မိန်းမပါ။ သူ့သမီး မေခင်မိုးမြင့်ဟာလည်း သူ့အတိုင်းလာမှာပဲ သခင်မလေး၊ သတိထားဖို့ လိုတယ်နော့''

ကျွန်မသည် သက်ပြင်းကိုသာ ရှိုက်မိတော့၏။

ရွှေနေကြီးဦးစိုးမြင့် သတိပေးလိုက်သော စကားများမှာ မှန်ပေစွ။ မေခင်မိုးမြင့်က တစ်မျိုး၊ ဒေါ်အိုဇာက တစ်မျိုး ကျွန်မကို အမျိုးမျိုး ပြောဆိုအယုံသွင်းလျက် ရှိလေသည်။ သူတို့ပြောသောစကားများမှာ အမှန်တရားများလည်း ပါပေမည်။ သို့သော် ကျွန်မအနေဖြင့် မည်သူ့စကားကိုမျှ အကြွင်းမဲ့ ယုံကြည်လို့ မဖြစ်ပါ။ အရာရာကို ကျွန်မကိုယ်ပိုင်ဦးနှောက်ဖြင့်သာ ချင့်ချိန်ဆုံးဖြတ်ရမည် ဖြစ်ပေသည်။

''သင်္ချိုင်းကိုရောက်လုပြီ သခင်မလေး''

ဒေါ်အိုဇာက မင်းအိုင်ရွာရှိရာဘက်သို့ ဆက်မလျှောက်ဘဲ ညာဘက်သို့ ချိုးကွေ့လိုက်၏။

မင်းအိုင်ရွာသို့မရောက်မီ ညာဘက်သို့ တောလမ်းအတိုင်း ဆက်လျှောက်လာရာ သုသာန်ကို အဝေးမှ လှမ်းမြင်လိုက်ရလေ၏။

***

သင်္ချိုင်းတွင် ကျွန်မတို့ရွှေဖီမိုးမိသားစုများကို နေရာတစ်ခုတည်း၌ သီးသန့်မြှုပ်နှံထားသည်ကို တွေ့ရပေသည်။

အိုဟောင်းနေသောအုတ်ဂူများမှာ ကျွန်မ၏အဘိုးအဘွားများနှင့် သူတို့၏အထက်မှ ဆွေမျိုးများဖြစ်ပေလိမ့်မည်။ ဘေးအစွန်မှ အသစ်လွင်ဆုံးအုတ်ဂူမှာ ကြီးကြီးဒေါ်ကြာမိုး၏ အုတ်ဂူပင်ဖြစ်၏။

အုတ်ဂူများအားလုံးကို ဝိုင်း၍ ခြံစည်းရိုးခတ်ထားသည်ကို တွေ့ရပေသည်။ ခြံစည်းရိုးအတွင်း၌ နောက်ထပ် အုတ်ဂူများ ပြုလုပ်ရန် နေရာများစွာ ကျန်ပါသေးသည်။

တကယ်တော့ နောက်ထပ်တိုးပွားလာစရာ အုတ်ဂူအရေအတွက် များများစားစား မရှိတော့ပေ။ ကျွန်မသာလျှင် ရွှေဖီမိုး၏ နောက်ဆုံးမျိုးဆက် မဟုတ်ပါလား။

''ရွှေဖီမိုးအမျိုးတွေ အားလုံးကို ဒီအဝန်းအဝိုင်းထဲမှာပဲ ဂူသွင်းသင်္ဂြိုဟ်ပါတယ် သခင်မလေး။ မသေခင် အခေါင်းကြိုလုပ်ထားတာလည်း ရွှေဖီမိုးမိသားစုရဲ့ထုံးစံပါ။ ခုဆို ကြိုလုပ်ထားတဲ့ အခေါင်းသုံးလုံးရှိပါတယ်။ သခင်မလေးအတွက်ရယ်၊ နန်းခက်မာနဲ့မေခင်မိုးမြင့်အတွက်ရယ်ပေါ့။ မောင်မောင်ကတော့ ရွှေဖီမိုးအမျိုးအနွယ် မဟုတ်တော့လို့ သူ့အတွက် အခေါင်းလုပ်ခွင့်ကို သခင်မကြီးက ခွင့်မပြုခဲ့ဘူး''

ဒေါ်အိုဇာက သေလွန်ပြီးနောက်ပိုင်းအထိ ချမှတ်ထားသော ရွှေဖီမိုးမျိုးရိုး၏ထုံးစံများကို ရှင်းပြနေသေးသည်။

ကျွန်မသည် ကြီးကြီးဒေါ်နန်းကြာမိုး၏ အုတ်ဂူရှေ့တွင် ရပ်လိုက်၏။

ကွယ်လွန်သည်မှာ ဆယ်ရက်သာ ရှိသေးသော်လည်း ကျွန်မသည် ကြီးကြီး၏အသုဘကို မမီခဲ့ပေ။ ကြီးကြီး ကွယ်လွန်ကြောင်းကိုလည်း မသိခဲ့ပေ။ ကျွန်မကို မမြင်ဖူးသေးပါဘဲလျက်နှင့် တူမလေးတစ်ယောက်ဆိုသော မေတ္တာတရားဖြင့် အမွေအားလုံးလွှဲပေးခဲ့သော ကျွန်မ၏ကြီးတော်ကြီးကို ကျွန်မ မြင်တွေ့ခွင့်မရလိုက်တော့ပါလား။

ကျွန်မက အုတ်ဂူရှေ့တွင် ဒူးတုပ်ထိုင်လိုက်သည်။ ပျပ်ဝပ်ရိုကျိုးစွာ ဦးသုံးကြိမ်ချကန်တော့လိုက်သည်။

''ကြီးကြီး ့ကြီးကြီးရှိရာကို သမီးမှုရာကျော့ယဉ် ရောက်လာပါပြီ ကြီးကြီး။ သမီးနဲ့ကြီးကြီးတို့ အသက်ရှင်လျက် မဆုံဆည်းလိုက်ရလို့ သမီး ဝမ်းနည်းမိပါတယ်။ သမီး အရောက်နောက်ကျတာကို ခွင့်လွှတ်ပါ ကြီးကြီး။

ကြီးကြီးရဲ့စေတနာမေတ္တာများကို သမီး ခံယူရပါတယ်။ ကြီးကြီး ကောင်းရာဘုံဘဝရောက်ပါစေလို့ သမီး အမျှအတန်း ဝေပါတယ် ကြီးကြီးရယ်''

ကျွန်မသည် ကန်တော့ရင်း နှုတ်မှ အသံထွက်ရေရွတ်လိုက်လေသည်။

ဒေါ်အိုဇာက ဘေးမှထိုင်ကန်တော့ရင်း ကျွန်မစကားများကို နားထောင်ကာ မျက်ရည်သုတ်နေရှာသည်။

''သခင်မကြီးရှင့်၊ မယ်အိုဇာ ကတိပေးပါတယ်။ ရွှေဖီမိုးရဲ့ နောက်ဆုံးမျိုးဆက် မူရာကျော့ယဉ်ကို မယ်အိုဇာ အသက်ရှင်သရွေ့ စောင့်ရှောက်သွားပါ့မယ်။ မယ်အိုဇာဟာ ရွှေဖီမိုးမိသားစုရဲ့ ကျွန်ယုံတစ်ယောက်ပီသစွာ မူရာကျော့ယဉ်ကို သစ္စာရှိစွာ အသက်ထက်ဆုံး စောင့်ရှောက်သွားမယ်လို့ ကတိပေးပါတယ် သခင်မကြီး''

ကျွန်မတို့သည် ကန်တော့ပြီးနောက် အုတ်ဂူပတ်ဝန်းကျင်ကို သန့်ရှင်းရေးပြုလုပ်ကာ ပြန်လာခဲ့ကြသည်။

ကျွန်မတို့အုတ်ဂူရှေ့မှ လှည့်ထွက်အလာတွင် နောက်မှ တရှပ်ရှပ် အသံကိုကြားလိုက်ရ၍ ကျွန်မ ကြက်သီး မွေးညင်းထသွားမိ၏။ ဒေါ်အိုဇာလည်း ထိုအသံကိုကြားပုံရသည်။ နောက်သို့လှည့်ကြည့်လိုက်၏။

ကျွန်မတို့ဆက်လျှောက်လာရာတွင်လည်း ထိုအသံကိုကြားနေရဆဲပင်။ အသံက သစ်ရွက်ခြောက်များပေါ် နင်း လျှောက်လာသော ခြေသံလို အသံမျိုးပင်။ မြေကြီးပေါ်၌လည်း သစ်ရွက်ကြွေခြောက်များ ပြန့်ကျဲနေရာ ကျွန်မတို့ ကိုယ်တိုင် လျှောက်လှမ်းသည့်အခါတွင်လည်း ကျွန်မတို့ ခြေသံမြည်နေလေသည်။

သို့သော် နောက်မှပါလာသောအသံမှာ သီးခြားထွက်ပေါ်လာသောအသံ ဖြစ်ပါ၏။

ကျွန်မက နောက်သို့ ရုတ်တရက် လှည့်ကြည့်လိုက်သည်။

သစ်ရွက်ခြောက်များကြားတွင် ပုတ်သင်ညိုတစ်ကောင်ကို တွေ့ရလေ၏။ ပုတ်သင်ညိုက ကျွန်မကို ခေါင်း မော့်ကြည့်နေလေသည်။ သစ်ရွက်ခြောက်များပေါ်သို့ ပုတ်သင်ညို လျှောက်ပြေးလာ၍ ထွက်ပေါ်လာ သောအသံပါ ကလား။

သို့သော် သင်္ချိုင်းအပြင်ရောက်သည်အထိ နောက်မှလိုက်လာသော ခြေသံလိုလိုအသံကို ကြားနေရဆဲပင်။ သင်္ချိုင်းပြင်ပ၌ သစ်ရွက်ခြောက်များရှိမနေပါ။ ပုတ်သင်ညိုကိုလည်း မတွေ့ရတော့ပါ။

''ဒေါက် ့ဒေါက်'' ဟု မြေပြင်ကို တစ်စုံတစ်ခုနှင့် ထိမိသော အသံလိုလို ကျွန်မ ကြားနေမိသည်။

ထိုအသံကို ရွှေဖီမိုးအိမ်ကြီးသို့ ကျွန်မတို့ ပြန်ရောက်သည်အထိ တစ်လမ်းလုံး ကြားနေရပါသည်။

♛ ♛ ♛ ♛ ♛

၇

ညသည် တိတ်ဆိတ်နေသည်။

ပြင်ပမှ လေတိုက်ခတ်သံကြောင့်လား မသိ။ ကျွန်မ အိပ်ရာမှ နိုးလာခဲ့သည်။ နိုးလာခဲ့သည်ဆိုသော်လည်း နိုးနိုးကြားကြားတော့ မဟုတ်။ ရီရီဝေဝေ၊ ထိုင်းထိုင်းမှိုင်းမှိုင်း၊ အိပ်ချင်စိတ်မပြယ်တပြယ်ဖြင့် နိုးလာခဲ့ခြင်း ဖြစ်သည်။

တစ်နည်းအားဖြင့် အသံကြောင့်သာ ကျွန်မ လန့်နိုးလာခဲ့ခြင်းဖြစ်ပါသည်။

အသံ .

ပထမသော် ကျွန်မသည် အိမ်ပြင်ပမှလေတိုးသံ၊ ထင်းရှူးရွက်အချင်းချင်းရိုက်ခတ်သံနှင့် ပုရစ်အော်သံများကိုသာ သတိပြုမိသည်။

သို့သော် ကြားနေကျ ထိုအသံများက ကျွန်မကို လန့်နိုးစေခဲ့ခြင်း မဟုတ်ပါ။

''ဒေါက် . ဒေါက်''

အခန်းပြင်ပစင်္ကြံဆီမှ ထွက်ပေါ်လာသောအသံ။

တံခါးပေါက်များအားလုံးကို ပိတ်ထား၍ အခန်းတစ်ခုလုံး မည်းမှောင်နေပါသည်။ အမှောင်ထုထဲဝယ် အိမ်တစ်အိမ်လုံးတိတ်ဆိတ်လျက် ရှိပါသည်။

''ဒေါက် . ဒေါက်''

စင်္ကြံဆီမှလာသောအသံက ထွက်ပေါ်နေဆဲဖြစ်သည်။

ကြမ်းပြင်ပေါ်သို့ တစ်စုံတစ်ခုဖြင့် ထိခတ်ရာမှထွက်ပေါ်လာသောအသံ။ ထိုအသံသည် တစ်စတစ်စဖြင့် ကျွန်မအခန်းဆီသို့ နီး၍ နီး၍လာပါသည်။

တစ်စုံတစ်ယောက်သည် ကျွန်မအခန်းဆီသို့ လာရောက်လျက် ရှိသည်။ မည်သူသည် အချိန်မတော်ကြီးတွင် ကျွန်မဆီသို့ လာနေသနည်း။

''ဒေါက် ဒေါက်''

အသံက ကျွန်မအခန်းရှေ့၌ ရပ်တန့်သွားပါသည်။

ပတ်ဝန်းကျင်တစ်ခုလုံး ပြန်လည်ဆိတ်ငြိမ်သွားကာ တိတ်ဆိတ်မှုသာလျှင် ချောက်ချားဖွယ် လွှမ်းမိုး၍ ကျန်ရစ်ပါတော့သည်။

ကျွန်မရင်သည် တထိတ်ထိတ် ခုန်လျက်ရှိသည်။ ဘာရယ်မှန်း မသိဘဲ ချောက်ချားတုန်လှုပ်လျက်ရှိသည်။

တစ်ယောက်ယောက်သည် ကျွန်မအခန်းရှေ့၌ ရောက်ရှိနေလေသလား။ ကျွန်မအား ချောင်းမြောင်းနေလေသလား။

ကျွန်မသည် အိပ်ချင်စိတ်ပြယ်သွားပြီဖြစ်ကာ အခန်းဝသို့ စိုက်ကြည့်နေမိသည်။

အခန်းတံခါးကို ကျွန်မ ကလန့်ထိုးထားခဲ့၍ စိတ်ပူစရာမရှိပါ။

သို့သော် .

ကျွန်မ ကြည့်နေဆဲမှာပင် အရိပ်တစ်ခုသည် တံခါးဝဆီမှ ထွက်ပေါ်လာလေ၏။ အခန်းတံခါးပွင့်သွားလေသလား၊ ပိတ်ထားလျက်ပဲလား။ မှောင်နေ၍ မသဲကွဲလှပါ။

လူရိပ်တစ်ခုသည် ကျွန်မအခန်းထဲသို့ ဝင်လာသည်ကား အမှန်ပင်တည်း။

''ဒေါက် . ဒေါက်''

ကြမ်းပြင်ပေါ်သို့ထိခတ်သောအသံ ထွက်လာပြန်သည်။

အရိပ်သည် ကျွန်မ ခုတင်ရှိရာသို့ ဦးတည်ရွေ့လျားလာလေသည်။ ကျွန်မသည် တစ်ခုခုလှမ်းမေးလိုက်ရန် ပြောလိုက်ရန် ကြိုးစားမိသော်လည်း ထိတ်လန့်တုန်လှုပ်မှုကြောင့် အသံထွက်မလာပါ။

''ဒေါက် ့ဒေါက်''

အခန်းတွင်းသို့ဝင်လာသော ပုံရိပ်သည် လက်ထဲတွင် တောင်ဝှေးတစ်ချောင်းကို ကိုင်ထားပေ၏။ အသံသည် ကြမ်းပြင်ပေါ်သို့ တောင်ဝှေးကို ထောက်လိုက်တိုင်း ပေါ်ထွက်လာသောအသံပါကလား။

တစ်စတစ်စဖြင့် ပုံရိပ်သည် ကျွန်မ ခုတင်နားသို့ နီးလာလေသည်။

ကျွန်မအကြည့်များ အမှောင်ထုထဲတွင် ကျင့်သားရလာသည်နှင့်အမျှ ပုံရိပ်ကို မသဲမကွဲ မြင်တွေ့လိုက်ရလေသည်။

ပုံရိပ်သည် မိန်းမတစ်ယောက်၏ ပုံရိပ်ပင်တည်း။ သူသည် ခါးကိုင်းနေကာ လက်ထဲ၌တောင်ဝှေးတစ်ချောင်းကို ကိုင်ထားသည်။ တောင်ဝှေးကို အားပြု၍ လျှောက်လှမ်းလာခြင်းဖြစ်သည်။ ကြမ်းပြင်ပေါ်သို့ တောင်ဝှေးထောက်သံ 'တဒေါက်ဒေါက်'ဖြင့် ပေါ်ထွက်နေခြင်း ဖြစ်ပါသည်။

သူမသည် အဘွားအိုတစ်ဦးဖြစ်သည်။

ကျွန်မသည် အော်ဟစ်ရန်ကြိုးစားသော်လည်း အာစေးထည့်ခံထားရသကဲ့သို့ ဖြစ်နေသည်။ ကြောက်လန့်မှုနှင့်အတူ အံ့သြမှင်တက်မိနေသည်။

အရိပ်မည်းသည် ကျွန်မခုတင်အနီးသို့ ရောက်လုနီးပေပြီ။

အဘွားအိုအရိပ်မည်းက ကျွန်မခုတင်ဘေးသို့ တိုးကပ်လိုက်သည်။

ကျွန်မသည် သူတစ်ခုခု လုပ်လိုက်မည်စိုးကာ အိပ်ရာမှထရန် ကြိုးစားသော်လည်း အချည်းနှီးပင်။ ကျွန်မကိုယ်သည် ကြောက်ရွံ့မှုကြောင့် တဆတ်ဆတ်တုန်လှုပ်နေကာ ကျောက်ရုပ်တစ်ခုနှယ် လှုပ်မရဘဲ ခိုင်နေလေသည်။

သူသည် ကျွန်မကို ဘာမျှမလုပ်ပါ။

ခုတင်ဘေးရောက်သည်နှင့် အရိပ်မည်းကြီးက ကျွန်မကို ငုံ့ ကြည့်လိုက်လေ၏။

အတန်ကြာကြာပင် ငုံ့ကြည့်နေခဲ့သည်။

ကျွန်မသည်လည်း အားတင်းကာ သူ့ကိုစိုက်ကြည့်နေခဲ့သည်။

အမှောင်ထဲတွင် သူ၏သွင်ပြင်ကို ရေးရေးမျှမြင်နေရပေ၏။

သူမ၏အသားအရေများမှာ တွဲကျနေပေသည်။ မျက်နှာတစ်ခုလုံး အရေခွံများရှုံ့တွကာ အိုမင်းရင့်ရော်နေပေသည်။ အရိပ်မည်း အဘွားအိုက မျက်လုံးများကိုမှေးကာ ကျွန်မကို ငုံ့ကြည့်လျက် ရှိသည်။

ခေါင်းတဆတ်ဆတ် ညိတ်လျက် ရှိသည်။

တစ်ခဏကြာမျှ ကြည့်ရှုပြီးနောက် အရိပ်မည်းအဘွားအိုသည် နောက်ကြောင်းပြန်လှည့်ကာ ကျွန်မ ခုတင်အနီးမှ ခွာလိုက်၏။

သူမသည် လာလမ်းအတိုင်း လှည့်ပြန်သွားလေသည်။

''ဒေါက် ့ဒေါက်''

ကြမ်းပြင်သို့ တောင်ဝှေးထောက်သံသည် စင်္ကြံလမ်းတစ်လျှောက် တဖြည်းဖြည်း ဝေး၍သွားလေသည်။

''ဒေါက် ့ဒေါက်''

တစ်လှမ်းချင်း ဖြည်းလေးစွာလျှောက်လှမ်းသွားရာမှ ထွက်ပေါ်လာသော အသံသည် တစ်စစဖြင့် ဝေးကာ ပျောက်ကွယ်သွားလေသည်။

***

အသံပျောက်ကွယ်သွားသည်နှင့် ကျွန်မ၏အာရုံများ ပြန်လည် နိုးထလာလေသည်။

ကျွန်မသည် ခုတင်ပေါ်မှ လျင်မြန်စွာ ထလိုက်၏။

လက်နှိပ်ဓာတ်မီးဖွင့်ကာ ခုတင်အောက်သို့ဆင်းလိုက်၏။ စားပွဲပေါ်မှ ဖယောင်းတိုင်ကို မီးထွန်းလိုက်သည်။

နာရီကိုကြည့်လိုက်ရာ ညဉ့် ၂ ချက်ထိုးအချိန်ရှိပေပြီ။

ကျွန်မတွင် ကြောက်စိတ်များလွင့်ပျောက်ကာ စူးစမ်းလိုစိတ်များ ထွက်ပေါ်လာလေသည်။

ကျွန်မက အခန်းတံခါးဝသို့ လျှောက်သွားလိုက်သည်။

တံခါးကား ပိတ်လျက်သာပင်။ ကျွန်မ ကလန့်ထိုးထားသည့်အတိုင်း အသားတကျ ပိတ်ထားလျက်ပင် ရှိနေပါ၏။

အရိပ်မည်းအဘွားအိုသည် အခန်းတွင်းသို့ မည်သို့ဝင်ရောက်လာပါသနည်း။ သူသည် နာနာဘာဝဝိညာဉ် ရိပ်တစ်ခုပေလား။ ဝိညာဉ်နာနာဘာဝဖြစ်ပါလျှင် မည်သူ၏ပရဝိညာဉ် ဖြစ်လေသနည်း။ ဤအိမ်ကြီးတွင် ယခင် ကတည်းက ခြောက်လှန့်နေသော သရဲတစ္ဆေပင်လား။

သို့မှမဟုတ် တစ်စုံတစ်ဦးသည် သရဲတစ္ဆေအယောင်ဆောင်ကာ ကျွန်မအား ခြောက်လှန့်ခဲ့ခြင်းလေလား။ တံခါးချက်ထိုးထားခြင်းက ကျွန်မ၏အတွေးကို အဟန့်အတားပြုလျက်ရှိပြန်၏။ သက်ရှိတစ်ဦးဦးသည် ပိတ်ထားသော တံခါးကို ကျော်ဖြတ်ဝင်လာစရာအကြောင်း မရှိပါ။

ပုံရိပ်သည် တံခါးကို ဖွင့်ခြင်းပိတ်ခြင်းမရှိဘဲ တိုးလျှိုပေါက်ဝင် ရောက်လာခြင်းဖြစ်ပါသည်။

ဘုရား ့ ဘုရား ့ ထိုဖြစ်ရပ်သည် ကျွန်မ၏ စိတ်ထင်ယောင်ထင်မှားဖြစ်မှုလေလား။ ထမင်းလုံးတစ္ဆေ ခြောက်လှန့်ခြင်းလား။

အရိပ်မည်းကိုမြင်နေသမျှတစ်လျှောက်လုံး ကျွန်မ မိန်းမောနေခဲ့သည်။ လှုပ်မရအောင် တုန်လှုပ်ချောက်ချား နေခဲ့သည်။

ယခုလည်း ကျွန်မတွင် ဇောချွေးများပြန်လျက် ရှိပါသေးသည်။

ကြုံလိုက်ရသော အတွေ့အကြုံအတွက် ထိတ်လန့်တုန်လှုပ်ခြင်းနှင့်အတူ ကျွန်မရင်၌ ပဟေဠိများစွာ ဖြစ်ထွန်းကျန်ရစ်ခဲ့လေ၏။

♛ ♛ ♛ ♛ ♛

၈

နောက်တစ်နေ့မနက်တွင် ကျွန်မသည် ပန်းတောရွာသို့ မောင်မောင်နှင့်အတူ ထွက်ခဲ့လေသည်။ မောင် မောင်က ဆိုင်ကယ်မောင်းလျက် ကျွန်မက နောက်မှလိုက်ပါကာ ထွက်လာခဲ့ခြင်းဖြစ်ပါသည်။

ကော်ဖီခြံသည် ပန်းတောရွာ၌ ရှိပါသည်။ ကျွန်မအား အမွေလွှဲအပ်ခဲ့သောပစ္စည်းများတွင် ကော်ဖီခြံနှင့် လက်ဖက်ခြံ ပါပါသည်။ ကော်ဖီခြံမှာ ပန်းတောရွာတွင်ရှိပြီး၊ လက်ဖက်ခြံကတော့ ညောင်တန်းရွာတွင် ရှိသည်ဟု သိရသည်။ ရွာနှစ်ရွာမှာ မင်းအိုင်မှဆိုလျှင် အရှေ့နှင့်အနောက်ဘက်များတွင်ရှိသောကြောင့် တစ်နေ့တည်းနှင့် နှစ်နေရာ စလုံးကို သွားလို့မဖြစ်နိုင်ဟု သိရပေသည်။

ကျွန်မအဖို့ ကျွန်မ ရရှိလိုက်သော လုပ်ငန်းများအား လေ့လာထားရန် လိုအပ်သလို၊ ထိုနေရာမှ အလုပ် သမားများ၊ ကြီးကြပ်အုပ်ချုပ်သူများနှင့် ရင်းနှီးသိကျွမ်းထားရန်လည်း လိုအပ်ပါသည်။

ထို့ကြောင့် ယနေ့တွင် မောင်မောင့်ကို အဖော်ခေါ်ကာ ပန်းတောသို့ ထွက်ခဲ့ခြင်းပင် ဖြစ်ပါသည်။

ပန်းတောသို့သွားရသော ခရီးစဉ်မှာ မြို့သို့သွားသောခရီးလမ်းထက် ပိုမိုကြမ်းတမ်းသည်ကို တွေ့ရပေသည်။ တောင်တက် တောင်ဆင်း များလှပေ၏။ တောင်ပေါ်အတက်လမ်းများတွင် ကျွန်မသည် နောက်သို့ လန်ကျသွားမည် စိုး၍ မောင်မောင့်ခါးကို ဖက်ထားရလေသည်။

ဆိုင်ကယ်နောက်ခုံတွင် ဘေးတစောင်း ထိုင်လိုက်ရသည်မှာလည်း ကြမ်းတမ်းသောလမ်း၌ အဆင်မပြေလှပေ။ မိန်းကလေးဖြစ်နေ၍ ဆိုင်ကယ်နောက်ခုံတွင် ကားရားခွထိုင်ရန်မှာလည်း မဖြစ်နိုင်ပါချေ။

''မမမိုးတော့ ဆိုင်ကယ်စီးရင် ဘောင်းဘီနဲ့ပဲစီးတယ်။ မူရာလည်း ဘောင်းဘီနဲ့ဆိုရင် ဆိုင်ကယ်နောက်က ခွထိုင်လိုက်လို့ရတာပေါ့။ တောလမ်းမှာ ဆိုင်ကယ်မောင်းရတာလည်း နောက်က ဘေးတစောင်းထိုင်လိုက်ရင် ဆိုင်ကယ်ကို တည့်အောင်ထိန်းနေရတာ တစ်ဒုက္ခလေ''

ကျွန်မတို့ထွက်မလာခင် မေခင်မိုးမြင့် ပြောလိုက်သော စကားများ ဖြစ်ပါသည်။

ကျွန်မသည် ရန်ကုန်သူဖြစ်သော်လည်း ဘောင်းဘီဝတ်လေ့ဝတ်ထမရှိပါ။ ကျွန်မ၌ ဘောင်းဘီတစ်ထည် မျှလည်း မရှိပါ။

ပန်းတောမှာ အတော်လှမ်းသောကြောင့် နှစ်နာရီကျော်ကျော် မောင်းလိုက်ရလေသည်။ ပန်းတောသို့ ကျွန်မ တို့ရောက်ချိန်တွင် ထမင်းစားချိန်ရောက်နေပေပြီ။

ခြံအလုပ်သမားများက ကျွန်မအား လှိုက်လှဲစွာ ကြိုဆိုခဲ့ပါသည်။ သူတို့သည် ကျွန်မရောက်နေသည်ကို သိရှိထားသော်လည်း ယနေ့ ကျွန်မ ရောက်လာမည်ကိုတော့ ကြိုသိမထားကြချေ။

ပန်းတောကော်ဖီခြံ၌ ကြီးကြပ်အုပ်ချုပ်နေသူမှာ ဒေါ်အိုဇာ၏ မောင်ဝမ်းကွဲတော်စပ်သူဖြစ်သည်။ ဦးစိုင်း ခမ်းလုံအမည်ရှိ အသက်ငါးဆယ်ကျော် ရှမ်းအမျိုးသားတစ်ဦးပင်ဖြစ်သည်။ တစ်မိသားစုလုံး ခြံထဲ၌ပင် နေထိုင်ကြ ပေ၏။ သားသမီးသုံးဦးလုံး ခြံထဲ၌ပင် အလုပ်လုပ်ကြသည်။ အကြီးဆုံးသားတစ်ယောက်က အိမ်ထောင်ကျပြီး ကလေး တစ်ယောက် ရှိသည်။ အားလုံး အိမ်တစ်အိမ်တည်း၌ စုပေါင်းနေကြသည်။

ကျွန်မသည် မေခင်မိုးမြင့်ပြောခဲ့သော ပန်းတောမှာ ဒေါ်အိုဇာ့အမျိုးတွေရှိတယ်။ ရတနာတွေကိုခိုးပြီး သူ့ အမျိုးတွေဆီ ပို့ထားမှာပေါ့ ဆိုသည့်စကားကို ကြားယောင်မိသည်။

ကျွန်မ ရောက်လာသည်နှင့် ပျာပျာသလဲ ဆီးကြိုကြကာ ထမင်းဟင်းများ ချက်ပြုတ်ကြလေသည်။

ကော်ဖီခြံထဲအနှံ့ ကျွန်မကို လိုက်ပြသည်။

ကော်ဖီခြံကြီးမှာ ကျယ်ပြောလေစွ။ အလုပ်သမားအများအပြားကိုလည်း တွေ့ရလေသည်။

အလုပ်သမားများက ကျွန်မကို တစေ့တစောင်း အကဲခတ်ကြသည်။ သက်ကြီးရွယ်အိုများက သူတို့သည် ကျွန်မဖခင် ခွန်သာမိုးနှင့် ရင်းနှီးသူများဖြစ်ကြောင်း လာရောက်ပြောဆိုကြပေသည်။

ဦးစိုင်းခမ်းလုံမှစ၍ အားလုံးရိုးသားကြပါသည်။

သူတို့က ကျွန်မကို ကော်ဖီခြံအကြောင်း ရှင်းလင်းပြောပြခဲ့၏။

သို့သော် ကျွန်မသည် စိုက်ပျိုးရေးလုပ်ငန်းကို နားမလည်ပါ။ နောင်မှ နားလည်လာအောင် လေ့လာရပေ ဦးမည်။ ခြံထဲသို့ လာရောက်နေထိုင်ပြီး လေ့လာမှသာ ပြည့်စုံပေမည်။

ကျွန်မ ကျွမ်းကျင်နားလည်သောလုပ်ငန်းမှာ စာရင်းဇယားများပင် ဖြစ်ပါသည်။ ခြံလုပ်ငန်းနှင့်ပတ်သက်သည့် စာရင်းများကို မည်သို့ထားရှိကြောင်း ကျွန်မက မေးမြန်းလိုက်သည်။

''ကျွန်တော်မျိုးပဲ အစစဦးစီးပါတယ် သခင်မလေး။ ငွေလည်း ကျွန်တော်မျိုးကြီးပဲ ကိုင်ပါတယ်။ လစဉ် ဝင်ငွေတွေကို သခင်မကြီးရှိစဉ်က သခင်မကြီးဆီ လာပို့ပါတယ်''

ကျွန်မက စာရင်းများကိုကြည့်လိုကြောင်း ပြောလိုက်၏။

ဦးစိုင်းခမ်းလုံက လယ်ဂျာစာအုပ်ရှည်ကြီးတစ်အုပ်ကို ယူလာကာ ကျွန်မကို ပြသည်။

စာအုပ်ကိုလှန်ကြည့်၍ ကျွန်မစိတ်ပျက်သွားမိသည်။

စာရင်းဇယားထားသိုပုံများက စနစ်မကျပါ။ ဝင်ငွေထွက်ငွေများကို စာအုပ်တစ်အုပ်ထဲမှာပင် အတန်းလိုက် ရေးမှတ်ထားသည်။ ဦးစိုင်းခမ်းလုံ ကိုယ်တိုင် သူ့ဘာသာ နားလည်သောနည်းလမ်းဖြင့် လုပ်ကိုင်ထားခြင်းပင် ဖြစ်ပါ သည်။

အလုပ်သမားခများကိုလည်း အလုပ်သမား၏နာမည်ဖြင့် ထုတ်ပေးသည့် ငွေအချိုးအစားကိုသာ ရေးသားထား ၏။ ငွေလက်ခံရရှိကြောင်း လက်မှတ်ထိုးခိုင်းမထားပါ။ ဘောက်ချာထားရှိသည်ကိုလည်း မတွေ့ရ။ ကုန်ဝယ်ပြေစာ များကိုလည်း သိမ်းဆည်းမထားချေ။

စာရင်းဇယားများကို ကိုယ်နားလည်သည့်ပုံစံအတိုင်း ရေးသွင်းထားခြင်းမျှသာ ဖြစ်လေသည်။ ကြီးကြီးသည်လည်း စာရင်းဇယားပိုင်းကို ကြီးကြပ်နိုင်ခဲ့ပုံမပေါ်။ ဝင်ငွေများကတော့ တစ်လလျှင် သိန်းချီ၍ ဝင်နေပေ၏။ အလုပ်သမားခနှင့် ကုန်ကြမ်းပစ္စည်းခများ နှုတ်ပြီးသည့်ထိ သိန်းဂဏန်း ဝင်ငွေရှိနေပေသေးသည်။

ကျွန်မသည် စီးပွားရေးဘွဲ့ရတစ်ယောက်ဖြစ်ပြီး ကုမ္ပဏီကြီးတစ်ခုတွင် စာရင်းကိုင်အရာရှိ လုပ်လာသူဖြစ်သည်။ စာရင်းဇယားများကို ကွန်ပျူတာဖြင့် သေသပ်ကျနစွာ ရေးသွင်းတွက်ချက် စစ်ဆေးလာသူဖြစ်သည်။ ဦးစိုင်းခမ်းလုံ၏ ပြီးစလွယ်လုပ်ထားသော စာရင်းစာအုပ်ကြီးမှာ ကျွန်မအတွက် ရယ်စရာဖြစ်နေသည်။

သို့သော် ကျွန်မ သူ့ကို အပြစ်မတင်ခဲ့ပါ။ ရှေးကတည်းကပင် အရိုးစွဲလာသော လုပ်နည်းလုပ်ဟန်ဖြင့် ရိုးရိုးသားသားလုပ်ကိုင်ထားပုံ ပေါ်လွင်နေသည့်အတွက်ကြောင့် ဖြစ်ပါသည်။

''ဦးစိုင်းခမ်းလုံရဲ့ သားသမီးတွေကို စာရင်းတွေ ရေးထားဖြည့်တာ သင်မထားဘူးလား''

''မသင်ဖြစ်ဘူး သခင်မလေး၊ အားလုံး ကျွန်တော်မျိုးပဲ လုပ်တာပါ''

''သားသမီးတွေထဲမှာ အတန်းပညာကောင်းကောင်းတတ်တဲ့သူရော ပါသလား''

''အလတ်မလေးက ဒီနှစ်ဆယ်တန်းအောင်ထားပါတယ် သခင်မလေး၊ အဝေးသင်နဲ့ကျောင်းဆက်တက်ဖို့ လုပ်နေပါတယ်''

ထိုမိန်းကလေးကိုပင် စနစ်ကျသောနည်းလမ်းများဖြင့် စာရင်းကိုင်ခိုင်းဖို့ ကျွန်မက ဆုံးဖြတ်လိုက်သည်။

သည့်ပုံအတိုင်းဆိုလျှင်ဖြင့် လုပ်ငန်းများကို ကြီးကြပ်ရန် ကျွန်မသည် ကော်ဖီခြံနှင့်လက်ဖက်ခြံများသို့ မကြာမကြာရောက်ရှိဖို့ လိုအပ်နေပေသည်။

***

အပြန်လမ်းခရီးတွင် ကျွန်မက ကျွန်မကို ဆိုင်ကယ်စီးသင်ပေးဖို့ မောင်မောင့်ကို ပြောလိုက်သည်။

''ဆိုင်ကယ်စီးတာ မခက်ပါဘူး မမမူရာ၊ တစ်နေ့တည်းနဲ့ တတ်ပါတယ်''

''မနက်ဖြန် ညောင်တန်းကိုဆက်သွားဖို့ မမမူရာ စီစဉ်ထားတာပဲ။ ဒီပုံအတိုင်းဆို မသွားနိုင်သေးဘူး မောင်မောင်။ နှစ်ရက်လောက် နားလိုက်ဦးမယ်''

''ဘာဖြစ်လို့လဲ မမမူရာ''

''ဆိုင်ကယ်အဝေးကြီးစီးရတာ မမမူရာ ကိုယ်လက်တွေနာနေတယ်ကွယ်''

ခရီးဝေးသောကြောင့် အိမ်ပြန်အရောက်တွင် ကျွန်မကိုယ်လက်များ နာကျင်နေလေသည်။ အထူးသဖြင့် ဆိုင်ကယ်မှာ နောက်မှီမပါသောကြောင့် တစ်လမ်းလုံး ခပ်မတ်မတ်ထိုင်လိုက်လာရရာ ခါးများညောင်းညာနေလေသည်။

ထိုနေ့က ခပ်စောစောပင် ကျွန်မ အိပ်ရာဝင်ဖြစ်ခဲ့၏။

ကြီးကြီး၏အနှိပ်ဘုလေးရှိနေသည်မှာ ကျွန်မအတွက် အဆင်ပြေနေလေသည်။ ကျောညောင်းနေသောကြောင့် အနှိပ်ဘုကို ကျောအောက်မှခံ၍ လဲလျောင်းနေရာ အတန်ငယ်သက်သာသွားလေ၏။ ကျွန်မက အနှိပ်ဘုကို ကျောအောက်မှာ ဟိုသည်ရွှေ့ပေးရင်းအညောင်းဖြေနေရာ ဘယ်အချိန် အိပ်ပျော်သွားမှန်းပင် မသိလိုက်ပေ။

***

တဒေါက်ဒေါက် အသံကြား၍ ကျွန်မ လန့်နိုးလာချိန်တွင် တစ်အိမ်လုံး မှောင်မည်းနေလေပြီ။

''ဒေါက် ့ဒေါက်''

စကြံဆီမှအသံကို ကြားလိုက်ရသည့်တွင် မနေ့ညက အတွေ့အကြုံကို ပြန်တွေးမိကာ ကျွန်မ ကြက်သီးထသွားလေသည်။

''ဒေါက် ့ဒေါက်''

တောင်ဝှေးထောက်သံပေးကာ အသံရှင်သည် ကျွန်မအခန်းသို့ ဦးတည်လာနေလေပြီ။

''ဒေါက် ့ဒေါက် ့ဒေါက်''

တောင်ငှေးကိုထောက်၍ တစ်လုမ်းချင်း ဖြည်းညင်းစွာ လှမ်းလာသောအသံက တိတ်ဆိတ်သောညအချိန်ဝယ် ထင်ရှားစွာထွက်ပေါ်နေလေသည်။

အသံသည် ကျွန်မအခန်း ရှေ့တည့်တည့်သို့ ရောက်လာပြီ။

ထို့နောက် အသံရှင်ဖြစ်သော မနေ့ညက မြင်ခဲ့ရသည့် အဘွားအိုသဏ္ဍာန်သည် အခန်းထဲသို့ ဝင်ရောက်လာလေသည်။ အခန်းတံခါးချက်ကို ထိုးခဲ့မိလေသလား ကျွန်မ မမှတ်မိတော့ပါ။

မည်သို့ဆိုစေ အဘွားအို ဝင်ရောက်လာချိန်တွင် တံခါးရွက် ဟ,မသွားသည်ကတော့ အမှန်ပင်။

သူမသည် ပိတ်ထားသော တံခါးချပ်ကို ဖောက်ထွင်းဝင်ရောက်လာခြင်းသာ ဖြစ်လေသည်။

အဘွားအိုသဏ္ဍာန်သည် ကျွန်မခုတင်ရှိရာသို့ တည့်တည့်ပင် လျှောက်လှမ်းလာနေ၏။ တောင်ငှေးထောက်သံကလည်း တိတ်ဆိတ်သော ညသန်းခေါင်တွင် ချောက်ချားဖွယ်ကောင်းစွာ ထွက်ပေါ်နေပေ၏။

အဘွားအို၏အရိပ် နီးကပ်လာသည်နှင့်အမျှ ကျွန်မ ကြက်သီးများ ဖြန်းဖြန်းထလာသည်။ တစ်ကိုယ်လုံး ရေခဲတမျှ အေးစက်သွားသည်။

အဘွားအိုက ခုတင်ဘေးအရောက်တွင် ခြင်ထောင်အတွင်းမှ ကျွန်မကို ငုံ့ကြည့်လိုက်၏။ မနေ့ကအတိုင်းပင် ဖြစ်ပါသည်။

အတန်ကြာ ငုံ့ကြည့်နေပြီးနောက် သူမက လာလမ်းအတိုင်း ပြန်လည်ထွက်ခွာသွားလေသည်။

တောင်ငှေးသံတဒေါက်ဒေါက်သည် စင်္ကြံလမ်းအတိုင်း တဖြည်းဖြည်းဝေး၍ ပျောက်ကွယ်သွားလေသည်။

ကျွန်မ အခန်းထဲသို့ အရိပ်မည်းဝင်ရောက်လာချိန်မှစ၍ ကျွန်မ မိန်းမောနေခဲ့ပါသည်။ အရိပ်မည်းကြီး ပြန်ထွက်သွားချိန်တွင် ကျွန်မ၌ ဇောချွေးများ သီး၍ကျန်ခဲ့လေ၏။

ယခင်ညကနည်းတူပင် ကျွန်မသည် အဖြစ်အပျက်ကို တကယ်လား၊ အိပ်မက်လားဟု ဇဝေဇဝါဖြစ်ကာ ကျန်ခဲ့ရပြန်ပါ၏။

ကျွန်မက အိပ်ရာထက်မှ ထလိုက်သည်။ ထိုအခါ ကျွန်မ၏ ကျောအောက်တွင်ခုနေသော အနှိပ်ဘုကို သတိထားမိသည်။ ကျွန်မသည် အနှိပ်ဘုနှင့်အညောင်းဖြေရင်းမှ အိပ်ပျော်သွားခဲ့ခြင်းဖြစ်၏။

ကျွန်မက မီးထွန်းပြီး အခန်းတံခါးကို စစ်ဆေးကြည့်လိုက်သည်။ အခန်းတံခါးကို အတွင်းမှချက်ထိုးကာ ပိတ်ထားပါ၏။

အလုံပိတ်နံရံကို အလိုအလျောက် ထိုးဖောက်ဝင်ရောက်လာနိုင်ခြင်းမှာ ထိုအရာသည် ဝိညာဉ်နာနာဘာဝသာ ဖြစ်လေမည်။

မည်သူ၏ဝိညာဉ်ရိပ် ဖြစ်လေမည်လဲ။

နှစ်ကြိမ်စလုံးတွင် တစ္ဆေပုံရိပ်သည် ကျွန်မကို ကြောက်လန့်အောင် ခြောက်လှန့်မသွားဘဲ ငုံ့ကြည့်ရုံကြည့် သွားခဲ့လေ၏။

♛ ♛ ♛ ♛ ♛

၉

ကျွန်မအခန်းထဲသို့ ဝိညာဉ်ရိပ် ဝင်ရောက်သည့်အကြောင်းကို အိမ်သားများအား ကျွန်မ ပြန်မပြောပါ။ ကျွန်မနည်း ကျွန်မဟန်ဖြင့် စုံစမ်းရန် စိတ်ကူးထားပေ၏။

နောက်တစ်နေ့တွင် မနက်ပိုင်းမှစ၍ ကျွန်မ ဆိုင်ကယ်စီး သင်ခဲ့သည်။

ရွှေဇီမိုးအိမ်ကြီးမှ မင်းအိုင်ရွာသို့ သွားရာလမ်းတစ်လျှောက်တွင် ခေါက်တုံ့ခေါက်ပြန် သင်ခြင်းဖြစ်သည်။

မောင်မောင်က ကျွန်မကို စိတ်ရှည်လက်ရှည်ပင် သင်ပြပေးပါ၏။

ဆိုင်ကယ်စီးသင်သည့်ထုံးစံအတိုင်း ကျွန်မက ယာဉ်မောင်းသူခုံတွင်ထိုင်ကာ မောင်မောင်က နောက်ခုံမှာ ခွထိုင်ရင်း သင်ကြားပေးပါသည်။

ကျွန်မသည် တစ်ချိန်လုံး မောင်မောင့်ရင်ခွင်ကျယ်ကြီးထဲ၌ ရောက်နေခဲ့သည်။

မောင်မောင်သည် ကျွန်မနှင့် ဘာမျှမတော်စပ်ဘူးဆိုသည့် အသိကြောင့် ကျွန်မ ရင်များခုန်နေလေသည်။ သူ့ရင်ဘတ်နှင့် ကျွန်မကျောမှာ ကပ်နေသောကြောင့် မောင်မောင့်ဆီက ရင်ခုန်သံကိုလည်း အတိုင်းသား ကြားနေရလေသည်။

နေ့လယ်ခင်း နေပွင့်လာချိန်တွင် ကျွန်မတို့ ဆိုင်ကယ်စီးသင်ခြင်းကို ရပ်နားလိုက်သည်။ တစ်နေ့တည်းနှင့် ကျွန်မ ကောင်းကောင်း မစီးတတ်သေးပါ။ တစ်ယောက်တည်း လွှတ်ပြီးလည်း မစီးရဲသေးပါ။ မောင်မောင်က တစ်နေ့ သင်ရုံနှင့် တတ်သည်ဟုပြောသော်လည်း ကြောက်တတ်သော ကျွန်မအတွက် သုံးလေးရက်သင်ရမည် ထင်ပါ၏။

နေ့လယ်ပိုင်းတွင် ရွာထဲမှလူတစ်ယောက် ရွှေဖီမိုးအိမ်ကြီးဆီသို့ ရောက်လာသည်။

မြို့မှပေးလိုက်သော လူကြုံပစ္စည်းတစ်ခုကို လာပို့ပေးခြင်း ဖြစ်ပါ၏။ ရှေ့နေကြီးဦးစိုးမြင့် လူကြုံပါး လိုက်သောပစ္စည်းဖြစ်သည်။

ဒေါ်အိုဇာက လက်ခံယူပြီး ကျွန်မ လက်ထဲလာထည့်ပေးသည်။

''မြို့ကိုလစာသွားထုတ်တဲ့ ကောင်စီစာရေးလေးနဲ့ အကြုံထည့်ပေးလိုက်တာလို့ ပြောသွားပါတယ် သခင်မလေး''

ကျွန်မ ကြည့်လိုက်သည့်အခါ စီဒီတစ်ချပ်ဖြစ်နေသည်ကို တွေ့ရ၏။ စာတိုလေးတစ်စောင်လည်းပါသေး၍ ဖောက်ဖတ်ကြည့်လိုက်သည်။

'သူ့မြေးများ ရှင်ပြုစဉ်က ရိုက်ထားသည့် ဗီဒီယိုစီဒီချပ်ထဲတွင် ကြီးကြီးဒေါ်နန်းကြာမိုးပုံပါ၍ ကျွန်မ ကြည့်နိုင်ရန် ထည့်ပေးလိုက်ကြောင်း' ရေးသားထားပေသည်။ မြို့ရောက်စဉ်က ကျွန်မကို ကတိပေးထားသည့်အတိုင်း မမေ့မလျော့ပို့ပေးလိုက်ခြင်းပင် ဖြစ်ပါသည်။

''မောင်မောင်ရေ မီးစက်ဖွင့်ပါဦး၊ ကြီးကြီးပါတဲ့ စီဒီခွေကြည့်ချင်လို့''

ကျွန်မက မောင်မောင့်ကို မီးစက်ဖွင့်ခိုင်းလိုက်သည်။

ဤအိမ်၌ တီဗွီ၊ ဗီစီဒီစက်များ အပြည့်အစုံရှိပါသော်လည်း တီဗီကိုပင် နေ့စဉ်မကြည့်နိုင်ကြပါ။ မီးစက်ဖွင့်လျှင် ဆီကုန်မည်စိုးသဖြင့် ကြီးကြီးလက်ထက်ကတည်းက မီးစက်ဖွင့်ခြင်းကို ကန့်သတ်ထားသောကြောင့် ဖြစ်သည်။

ရွှေဖီမိုးမိသားစုများသည် ချမ်းသာကြွယ်ဝသော စော်ဘွားအနွယ်တော်များဖြစ်ပါလျက် အဘယ်ကြောင့် တောတောင်ထဲတွင် လာနေရသနည်း။ ကျွန်မ မစဉ်းစားတတ်ပေ။

မောင်မောင် မီးစက်ဖွင့်လိုက်သောကြောင့် ဦးစိုးမြင့် ပို့လိုက်သော စီဒီခွေကို ကြည့်နိုင်သွားသည်။

မေခင်မိုးမြင့်၊ ဒေါ်အိုဇာနှင့် မောင်ပုနှင့်မသိန်းလင်မယားပါ ညှော်ခန်းသို့ ရောက်လာကြသည်။

စီဒီချပ်မှာ ဦးစိုးမြင့်၏မြေးများ ရှင်ပြုပွဲတစ်ခုလုံးကို အစမှအဆုံးရိုက်ထားခြင်းဖြစ်သည်။ ကြီးကြီးပါဝင်သည့်အပိုင်းမှာ ၂ မိနစ်စာမျှသာရှိပါ၏။

ကြီးကြီးအလှူပွဲသို့ရောက်လာပုံ၊ ဦးစိုးမြင့်နှင့် နှုတ်ဆက်စကားပြောပုံနှင့် ညှော်ခံမဏ္ဍပ်အတွင်းထိုင်နေပုံ အနည်းငယ်သာဖြစ်သည်။

သို့သော် ကျွန်မအတွက်တော့ တန်ဖိုးကြီးလှပါသည်။

ဓာတ်ပုံကိုပင် ကောင်းကောင်းမြင်ခွင့်မရခဲ့သော ကျွန်မအတွက် ကြီးကြီး၏လှုပ်ရှားမှုနှင့် အသံများကိုပါ ကြား လိုက်ရသောကြောင့်ပင်။ အလှူမှာ လွန်ခဲ့သောလေးနှစ်က အလှူဖြစ်သည်။ ကြီးကြီး သွားနိုင်လာနိုင်စဉ်ကာလက ဖြစ်ပါ၏။

လေးနှစ်သာကြာသေးသည်မို့ ကွယ်လွန်ချိန်က အသွင်အပြင်နှင့် မကွာခြားလောက်ပေ။

''ဟော ့တွေ့လား မူရာ၊ ကြီးကြီးဆွဲထားတဲ့ ပတ္တမြားလည်ဆွဲကြီးကို''

မေခင်မိုးမြင့်က ကြီးကြီးလည်ပင်းမှ လည်ဆွဲကြီးကို လက်ညှိုးထိုးပြရင်း ပြောလိုက်သည်။

''ဟုတ်ကဲ့ မမမိုး''

''ပျောက်နေတာ အဲဒီလည်ဆွဲကြီးပေါ့ကွယ်။ တခြားရတနာပစ္စည်းတွေလည်း ရှိသေးတယ်''

တီဗီမြင်ကွင်းတွင်ပေါ်လာသော ကြီးကြီး၏ပုံကိုကြည့်ရင်းမှ ကျွန်မသည် တစ်စုံတစ်ခုကို နားလည်သဘော ပေါက်လိုက်ပေသည်။

''သြော် ့ကြီးကြီးက တောင်ဝှေးထောက်ပြီး သွားရတာပဲနော်''

ကျွန်မက တောင်ဝှေးကို အားပြုကာ အလျှူမဏ္ဍပ်ထဲဝင်လာသည့် ကြီးကြီးပုံကိုကြည့်ပြီး ပြောလိုက်သည်။

''ဟုတ်တယ် မူရာ၊ ကြီးကြီးရဲ့ညာခြေထောက်က သိပ်မကောင်းဘူး။ ချော်လဲထားတာလေ၊ တောင်ဝှေး ထောက်ပြီး သွားရတယ်''

ကျွန်မကတော့ ညနှစ်ညမှာ ကျွန်မထံ ရောက်လာသည့် ဝိညာဉ်ပုံရိပ်၏အဖြေကို ရလိုက်ပေပြီ။

တီဗီမြင်ကွင်းပေါ်မှ ကြီးကြီး၏ ဖြည်းလေးစွာလမ်းလျှောက်ပုံ၊ ခြေတစ်လှမ်းတိုင်း တောင်ဝှေးကို မြေသို့ ထောက်ကာ,ထောက်ကာသွားပုံများက ကျွန်မထံရောက်လာသောဝိညာဉ်ရှင်မှာ မည်သူဖြစ်ကြောင်းကို ဖော်ပြလိုက် လေပြီ။

ကြီးကြီး၏အုတ်ဂူကို သွားရောက်ကန်တော့ခဲ့သည့်နေ့ ညမှာပင် ဝိညာဉ်ရိပ်က ကျွန်မထံ ရောက်လာခဲ့ခြင်း ဖြစ်ပါသည်။

သင်္ချိုင်းမှ ကျွန်မတို့ပြန်ထွက်အလာတွင် နောက်မှကြားရသော ခြေသံ၊ သစ်သားချောင်းမြေပေါ်ထောက်မိ၍ ထွက်ပေါ်သော တဒေါက်ဒေါက်အသံကို ကျွန်မ နားမလည်ခဲ့။

ဗီဒီယိုမြင်ကွင်းထဲမှ ကြီးကြီးဒေါ်နန်းကြာမိုး၏ပုံရိပ်ကို အမြင်တွင် ကျွန်မအတွက် အားလုံးရှင်းသွားပေပြီ။

ကြီးကြီးသည် ကျွန်မနောက်သို့ လိုက်ပါလာခြင်းပါတကား။

***

ထိုညတွင်လည်း ကြီးကြီး၏ဝိညာဉ်ကို ကျွန်မ တွေ့မြင်ခဲ့ရပြန်လေသည်။

ယခုတစ်ကြိမ် တွေ့ဆုံရာတွင်တော့ ပို၍ထူးခြားမှု ရှိလာပါသည်။

ကြီးကြီး၏ဝိညာဉ်သည် ကျွန်မ ခုတင်နားထိ ကပ်မလာဘဲ အခန်းဝမှနေ၍ ကျွန်မအား လက်ယပ်ခေါ် နေလေသည်။

ကျွန်မသည် ခုတင်ပေါ်မှထလိုက်သည်။

ကြီးကြီး၏ပုံရိပ်သည် နောက်ကြောင်းပြန်လှည့်ကာ စင်္ကြံလမ်းအတိုင်း တောင်ဝှေးကိုထောက်၍ တဒေါက် ဒေါက်ဖြင့် လျှောက်သွားလေ၏။

ကျွန်မသည် စိတ်ညှို့ခံရသူလို ကြီးကြီးနောက်မှ လိုက်သွားခဲ့လေသည်။ ညသည် တိတ်ဆိတ်နေသည်။ သစ်ပင်များ လေတိုးသံကိုသာ တရှဲရှဲ ကြားနေရသည်။ အိမ်ကြီးထဲ၌ ကြီးကြီးဝိညာဉ်၏ တောင်ဝှေးထောက်သံကိုသာ ကြားနေရလေသည်။ ထိုအသံကို မည်သူမျှ ကြားပုံ မပေါ်ပါ။

လှေကားထိပ်သို့ရောက်သောအခါ ကြီးကြီးသည် ကျွန်မကို တစ်ချက်လှည့်ကြည့်ပြီး လက်ယပ်ခေါ်လိုက် ပြန်သည်။ ကျွန်မ နောက်မှ လိုက်လာသည်ကို မြင်သည့်အခါ လှေကားအတိုင်း ဆင်းသက်သွားလေသည်။ လှေကား ပေါ်သို့ တောင်ဝှေးထောက်သံ တဒေါက်ဒေါက်က တိတ်ဆိတ်နေသော အိမ်ကြီးထဲဝယ် ကျယ်လောင်စွာ ထွက်ပေါ် နေလျက်ရှိ၏။

ကျွန်မသည် ကြီးကြီးခေါ်ဆောင်ရာနောက်သို့ မလှမ်းမကမ်းမှ လိုက်ပါခဲ့လေသည်။

အောက်ထပ်အရောက်တွင် ကြီးကြီးက ထမင်းစားခန်း၊ မီးဖိုခန်းများကိုဖြတ်သန်းကာ နောက်ဘက် ထွက် ပေါက်တံခါးမကြီးကို ဖြတ်သန်း၍ အပြင်သို့ ထွက်လိုက်လေသည်။ ဝိညာဉ်တို့၏ထုံးစံအတိုင်း ပိတ်ထားသော တံခါးမကြီးကို တိုးလျှိုပေါက်ဖြတ်သန်း ကျော်လွှားလိုက်ခြင်းပင် ဖြစ်ပါ၏။

ကျွန်မသည်လည်း တံခါးမကြီးကိုမဖွင့်ဘဲ ကြီးကြီးနောက်မှ ဖြတ်သန်းလိုက်ပါခဲ့လေသည်။

ကြီးကြီးက ခြံ၏နောက်ဘက်ဆီသို့ လျှောက်လှမ်းသွားလေသည်။

ကျွန်မသည် ကြီးကြီးနောက်မှ ထက်ကြပ်မကွာ လိုက်ပါလာခဲ့ရာ ခြံနောက်ဘက်ရှိ ထနောင်းပင်အိုကြီးဆီ ရောက်သွားလေ၏။

ထနောင်းပင်ကြီးအောက်တွင် ကြီးကြီးက ရပ်နားလိုက်ကာ အပင်အောက်မှ မြေမို့မို့ကို သူ၏တောင်ဝှေး ကြီးဖြင့် တဒေါက်ဒေါက် ခေါက်ပြလေ၏။

ဘာကို ဆိုလိုသနည်း။

ကြီးကြီးက မြေကမူ မို့မို့ကို လက်ညှိုးဖြင့် ထိုးပြလိုက်ပြန်သည်။

ကြီးကြီးသည် ထနောင်းပင်အောက်မှမြေကို တူးဆွခိုင်းလေသလား။

ကျွန်မက မေးမြန်းရန် အားယူလိုက်သော်လည်း ကျွန်မနှုတ်မှ အသံတစ်ချက်မျှ ထွက်မလာချေ။

ကျွန်မက နောက်တစ်ကြိမ် ကြီးကြီးကို စကားပြောရန် ကြိုးစားလိုက်သောအခါ အာခေါင်များ ခြောက် ကပ်နေပြီး ချောင်းတစ်ချက် ဟန့်လိုက်မိလေသည်။

ကျွန်မသည် အာခေါင်များ ခြောက်သွေ့ကာ အိပ်ရာမှလန့်နိုးသွားလေ၏။ ကျွန်မ အိပ်မက်မက်နေခြင်းပါ တကား။

ကျွန်မသည် အပေါ်ထပ်အခန်းထဲမှ အိပ်ရာထဲမှာပင် ရှိနေပါသည်။

အိပ်မက်ဖြစ်သော်လည်း ကြီးကြီးရောက်လာပုံ၊ ကြီးကြီးနောက်သို့ ကျွန်မလိုက်သွားပုံများက တကယ်လို ပီပီပြင်ပြင် ရှိလှပေသည်။

အိပ်မက်သည် အဓိပ္ပာယ်ရှိသောအိပ်မက်တစ်ခုပေလား။

♛ ♛ ♛ ♛ ♛

၁၀

မနက်ပိုင်းကော်ဖီဝိုင်းတွင် ကျွန်မ ညက မက်သောအိပ်မက်ကို ပြန်ပြောပြလိုက်သည်။

ကျွန်မသည် ယခင်ညများက ကြီးကြီး၏ဝိညာဉ်ရိပ် ရောက်လာပုံများကို ချန်လှပ်ကာ၊ ညကအဖြစ်ကိုလည်း အိပ်မက်တစ်ခုအနေနှင့်သာ ပြောပြလိုက်ခြင်းဖြစ်သည်။

အိပ်မက်ကိုပြောပြလိုက်၍ မေခင်မိုးမြင့်မှာ အတော်ပင် လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

''ဒါ ့ဒါ ရတနာတွေ ဝှက်ထားတဲ့နေရာကို ပြတာဖြစ်မှာပဲ''

မေခင်မိုးမြင့်က သူမ၏အထင်ကို ပြောလိုက်သည်။

''ဟုတ်ပါတယ် သခင်မလေး၊ ဒါဟာ သခင်မကြီးက ရတနာမြှုပ်ခဲ့ဖူးတဲ့နေရာကို အိပ်မက်ပေးတာပါ။ ဒါပေမဲ့ ရတနာတွေဟာ ထနောင်းပင်အောက်မှာ မရှိတော့ပါဘူး''

ဒေါ်အိုဇာက ဝင်ပြောလိုက်ခြင်းဖြစ်သည်။

''ဒေါ်အိုဇာက ဒါကို ဘာလို့သိနေရတာလဲ''

မေခင်မိုးမြင့်က မေးလိုက်သည်။

''လွန်ခဲ့တဲ့လေးငါးနှစ်က သခင်မကြီးနဲ့အတူ ထနောင်းပင်ကြီးအောက်မှာ ရတနာတွေကို မြှုပ်ခဲ့ဖူးပါတယ်။ ပစ္စည်းတွေအားလုံးကို နို့မှုန့်ဘူးခွံထဲထည့်ပြီး မြှုပ်ခဲ့တာပါ။ ဒါပေမဲ့ သခင်မကြီးက စိတ်မချလို့ဆိုပြီး ပြန်ဖော်ခဲ့ပြီးပါပြီ''

''အို ့ဒါဖြင့် ဒီအိပ်မက်ကို ဘာလို့မက်ရတာလဲ။ ဒါဟာ ထနောင်းပင်အောက်မှာ ရတနာတွေရှိတယ် ဆိုတာကို ကြီးကြီးကိုယ်တိုင်ပေးတဲ့အိပ်မက်ပဲ''

''သခင်မကြီးဟာ မသေခင် သတိတွေလွတ် မေ့လျော့နေခဲ့ပြီလေ။ အိပ်မက်ပေးတော့လည်း အရင်က ထားခဲ့ဖူးတဲ့နေရာကို သတိရပြီး ပေးတာဖြစ်မှာပေါ့။ အဲဒီနေရာကနေ ပြန်ဖော်ပြီးတာ သေချာပါတယ်။ မြှုပ်တုန်းကရော ပြန်ဖော်တော့ရော ဒေါ်အိုဇာပါတယ်။ ဒေါ်အိုဇာ့ အကူအညီနဲ့လုပ်ခဲ့တာပဲ''

''ကဲပါလေ ့ကြီးကြီးပေးတဲ့ အိပ်မက်မှန်မမှန်သိရအောင် ထနောင်းပင်အောက် သွားတူးကြည့်ရင်ရတာပဲ။ တူးကြည့်ကြမလား''

မောင်မောင်က အကြံပေးလိုက်သည်။

''အေး ့ဟုတ်တယ်၊ တူးကြည့်ရအောင်''

မေခင်မိုးမြင့်က စိတ်တက်ကြွစွာထောက်ခံလိုက်လေ၏။

***

အိပ်မက်အကြောင်း ပြောပြလိုက်မိသည်မှာ ကျွန်မအမှားပင် ဖြစ်တော့သည်။

တစ်အိမ်သားလုံး ထနောင်းပင်အောက် ရောက်သွားကြ၏။

ထနောင်းပင်အောက်၌ ကျွန်မ ညက မြင်မက်ခဲ့ပုံအတိုင်း မြေကမူမို့မို့လေး ရှိနေပါ၏။

မောင်မောင်နှင့်မောင်ပုတို့က မြေကြီးကိုတူးဆွကြသည်။

တစ်တောင်ခန့်အနက်တွင် နို့မှုန့်ဘူးခွံတစ်ခုကို တွေ့လိုက်ရသည်။ ဒေါ်အိုဇာအပြောနှင့် ကိုက်ညီနေပေ၏။

သို့သော် နို့မှုန့်ဘူးထဲ၌ ဘာဆိုဘာမျှမရှိပါ။

''ကဲ ့မတွေ့ဘူးလား၊ နို့မှုန့်ဘူးထဲမှာ ပစ္စည်းတွေထည့်ပြီး ဝှက်တုန်းက ဝှက်ခဲ့ပါတယ်လို့။ နောက်မှ သခင်မကြီး စိတ်ပြောင်းသွားပြီး ပြန်ဖော်ယူထားတာ''

ဒေါ်အိုဇာက ပြောလိုက်သည်။

မေခင်မိုးမြင့်သည် ကျေနပ်မှုမရှိချေ။ နို့မှုန့်ဘူးခွံကို တွေ့ပါလျက် အထဲတွင် ပစ္စည်းများရှိမနေခြင်းကို သူမက သင်္ကာမကင်း ဖြစ်နေသည်။

''ကြီးကြီးက ဒီနေရာမှာ သူမြှုပ်ထားခဲ့တာအမှန်မို့လို့ မူရာ့ကို အိပ်မက်ပေးတာပဲ။ ပစ္စည်းတွေဟာ နို့မှုန့် ဘူးထဲမှာ ရှိကိုရှိရမယ်။ ဒေါ်အိုဇာ ရတနာပစ္စည်းတွေကို ရှင်ပြန်ဖော်ယူထားတာ မဟုတ်လား''

မေခင်မိုးမြင့်က ဒေါ်အိုဇာအား ပြောင်စွပ်စွဲလိုက်သည်။

ဒေါ်အိုဇာ ယမ်းပုံမီးကျဖြစ်သွားလေ၏။

''ဟဲ့ ့မြှုပ်ပြီးသားပစ္စည်း ပြန်ဖော်ပြီးပြီလို့ ပြောတယ်မဟုတ်လား''

''ဒါက ရှင့်အပြောပဲ၊ ပစ္စည်းတွေ ဒီမှာရှိမှန်းသိလို့ ရှင် ခိုးထားတာပဲဖြစ်မှာ''

''ဟေ့ ့ငါ မရိုးသားရင် ဒီနားမှာမြှုပ်တဲ့အကြောင်း သိထားတာတောင် ပြန်မပြောဘူး။ သခင်မကြီးက မြှုပ်ပြီးမှ စိတ်မချလို့ ပြန်ဖော်တာ၊ နောက်ပိုင်း ဘယ်မှာ ဝှက်တယ်ဆိုတာ ငါမသိဘူး''

''ရှင့်ကို မသင်္ကာဘူး၊ ရှင့်ကို ရဲတိုင်မယ်၊ ရှင့်အခန်းထဲမှာ ပိုက်စိပ်တိုက် ဝင်ရှာမယ်''

''တိုင်ဟေ့ ့ရှာဟေ့ ့မယ်အိုဇာတို့က သူများပစ္စည်း မခိုးတတ်ဘူး။ ဆင်းရဲပေမဲ့ အကျင့်ကောင်းတယ်၊ ညည်းတို့လို ့''

''အို ့တော်ကြပါတော့၊ မမမိုးလည်း တော်ပါတော့၊ ဒေါ်အိုဇာလည်း တော်ပါနော်။ အမွေပစ္စည်းဆိုတာ ထိုက်သင့်မှခံစားရတာပါ။ ဒါတွေကို မူရာမမက်မောပါဘူး။ အငြင်းမပွားကြပါနဲ့၊ တော်ကြပါတော့''

မေခင်မိုးမြင့်နှင့် ဒေါ်အိုဇာတို့ပဋိပက္ခမှာ မထင်မှတ်ဘဲ ကြီးမားလာ၍ ကျွန်မကပဲ တောင်းပန်ဖြန်ဖြေ လိုက်ရပေသည်။

''သခင်မလေး၊ ဒေါ်အိုဇာ ပြောတာကို ယုံပါ၊ သခင်မကြီး မသေခင်အချိန်ထိ ပစ္စည်းတွေ သခင်မကြီး လက်ထဲမှာရှိနေတာ လူတိုင်းမြင်ပါတယ်။ သခင်မကြီးဟာ ၂နှစ်လောက် အိပ်ရာထဲလဲနေတာပါ။ အိပ်ရာထဲလဲနေ တဲ့လူက ဒီအပင်အောက်မှာ ဘယ်လိုလာမြှုပ်နိုင်မှာလဲ။ ဒီအပင်အောက်မှာ မြှုပ်ခဲ့တာ လွန်ခဲ့တဲ့လေးငါးနှစ်ကပါ။ နောက်ပိုင်း စိတ်ပြောင်းပြီး ပြန်ဖော်ယူခဲ့ပါတယ် သခင်မလေး။ ဒေါ်အိုဇာပြောတာ ယုံပါနော်''

ဒေါ်အိုဇာက ကျွန်မပါ သံသယရှင်းအောင် ထပ်ရှင်းပြနေ၏။

''ဟုတ်ပါတယ် မမမိုးရယ်၊ ရှေ့နေကြီးဦးစိုးမြင့်ကလည်း ကြီးကြီးမသေခင်အချိန်ထိ ပစ္စည်းတွေ ကြီးကြီး လက်ထဲမှာ ရှိသေးကြောင်း ပြောလိုက်ပါတယ်။ မမမိုးကိုယ်တိုင်လည်း တွေ့ခဲ့တယ် မဟုတ်လား''

''ဒါဆိုရင် ဘာဖြစ်လို့ အိပ်မက်ပေးသလဲ''

''သြော် ့အိပ်မက်ပါဆိုမှ မမမိုးရယ်၊ မရေရာပါဘူး၊ မူရာ စိတ်စွဲလို့လည်း ဖြစ်မှာပါ''

''ဘာမျှ မတွေ့ရရင် ကိစ္စမရှိဘူးလေ၊ ပစ္စည်းကို မတွေ့ဘဲ ပစ္စည်းထည့်တဲ့ ဘူးခွံချည်းတွေ့တာကိုတော့ မမမိုးစိတ်ထဲ မခံချင်ဘူး မူရာရယ်''

''အမှန်တကယ် ရှိတဲ့နေရာကို ကြီးကြီးက အိပ်မက်ပေးဦးမှာပါ မမမိုး၊ မူရာတို့ စောင့်ကြည့်ကြသေးတာပေါ့''

***

ထိုနေ့က ဆိုင်ကယ်စီးသင်ရာတွင် ကျွန်မ စိတ်ပါဝင်စားမှုမရှိတော့ပေ။ ခဏပဲသင်ကာ အိမ်ပြန်လာခဲ့လိုက်သည်။

ကျွန်မ အခြေအနေကတော့ စိတ်တိုင်းကျလောက်အောင် တိုးတက်မှု မရှိသေးပါ။

ထိုညတွင် ကျွန်မထံသို့ ကြီးကြီး၏ဝိညာဉ်ရိပ် ရောက်မလာတော့ပါ။ သုံးရက်ဆက်တိုက် ရောက်လာသောဝိညာဉ်ပုံရိပ်သည် စတုတ္ထနေ့၌ ပျောက်ကွယ်သွားလေပြီ။

ကျွန်မသည် အိပ်ရာမှလန့်လန့်နိုးကာ ကြီးကြီး၏ဝိညာဉ် ပေါ်လာနိုးဖြင့် စောင့်မျှော်နေမိသေးသည်။ တောင်ဝေးသံကိုလည်း မကြားရတော့၊ ပုံရိပ်ကိုလည်း မမြင်ရတော့ပါ။

ကြီးကြီးသည် ရတနာမြှုပ်နှံရာနေရာကို ပြပြီး၍ ပျောက်ကွယ်သွားလေပြီလား။ ရတနာများမတွေ့ရတာကို ကြီးကြီး၏ဝိညာဉ်သည် သိမှ သိပါလေစ။

♛ ♛ ♛ ♛ ♛

## ၁၁

နောက်တစ်နေ့တွင် မနက်ပိုင်းတစ်ပိုင်းလုံး မောင်မောင်နှင့်အတူ ဆိုင်ကယ်စီးသင်နေလိုက်သည်။

မောင်မောင်က ဂီယာချိန်းပုံကို သင်ပြပေးကာ ကျွန်မတစ်ယောက်တည်း စီးခိုင်းလိုက်သည်။

စိုးရိမ်စိတ်တစ်ဝက်နှင့်ပင် ကျွန်မသည် ဆိုင်ကယ်ကို ဖြည်းညင်းစွာ မောင်းထွက်ခဲ့၏။

ကျွန်မ ဂီယာချိန်းပုံသည် မှုမှန်မဟုတ်သေးပါ။ ဂီယာချိန်းချိန်၌ လီဗာကို အဆုံးထိလျှော့ချရမည်ကို ကျွန်မ ချိန်သားကိုက်အောင် မလုပ်တတ်သေးချေ။

ကျွန်မက မောင်မောင်နှင့် ခပ်လှမ်းလှမ်းအထိ မောင်းသွားလိုက်ပြီး နောက်ပြန်ကွေ့၍ လာလမ်းအတိုင်း ပြန်မောင်းလာသည်။ ထိုအချိန်အထိ ပြဿနာ မဖြစ်သေးချေ၊ လမ်းတစ်ဝက်လောက်ရောက်ပါမှ ကျွန်မ လက်ကိုင်ကို ပိုင်နိုင်စွာမကိုင်နိုင်သည့်အတွက် ဆိုင်ကယ်က လမ်းဘေးသို့ စွေဆင်းသွားလေသည်။ လမ်း၏အလယ်ပိုင်းသည်သာ ကုန်းမြေမာဖြစ်ပြီး လမ်းဘေး၌ သဲတောကြီးဖြစ်နေရာ ဆိုင်ကယ်သည် သဲထဲနစ်၍ တိမ်းမှောက်သွားပါတော့သည်။

''မမ ့မမမူရာ''

ကျွန်မ ဆိုင်ကယ်မှောက်သွားသည်ကို မြင်သည်နှင့် မောင်မောင်က အူယားဖားယား ပြေးလာလေသည်။

ကျွန်မက အလန့်တကြားဖြင့် လက်နှင့်မြေကို ထောက်လိုက်မိရာ လက်အတော်နာသွားလေသည်။

''မမ ့မမ၊ ဘာဖြစ်သွားလဲဟင်''

မောင်မောင်က အနားရောက်သည်နှင့် ကျွန်မကို ပွေ့ထူကာ မေးလိုက်သည်။

ကျွန်မသည် လက်နာသွားသောကြောင့် မောင်မောင့်ကိုမှီ၍ ထားလိုက်မိပါသည်။ ကျွန်မတစ်ကိုယ်လုံးမှာ မောင်မောင့်ရင်ခွင်ထဲ ရောက်နေတော့၏။

''မမ ့မမ''

မောင်မောင်၏ ဝင်သက်ထွက်သက်များက ကျွန်မပါးပြင်ကို ရိုက်ခတ်သွားလေသည်။

''မမ''

မောင်မောင်ခေါ်လိုက်သံမှာ ရင်ထဲမှလာသောအသံဖြစ်ပြီး တုန်ခိုက်နေလေသည်။ မောင်မောင်၏ ရင်ခုန်သံများကို ကျွန်မ အတိုင်းသား ကြားနေရ၏။

''မမရယ်''

''အို''

မောင်မောင်နှင့် ကျွန်မ ဘာမျှ မတော်စပ်ပါလားဆိုသည့် အသိက ကျွန်မရင်ကိုဖိုသွားစေသည်။

''မောင်မောင် ့လွှတ်လေ ့ဆိုင်ကယ်သော့ကို ပိတ်လိုက်ဦး''

ဆိုင်ကယ်မှာ လဲလျက်အနေအထားဖြင့် စက်လည်နေဆဲဖြစ်ကာ နောက်ဘီးမှာ မြေမှုကြွနေသည့်အတွက် လိမ့်မသွားခြင်း ဖြစ်သည်။

မောင်မောင်က ဆိုင်ကယ်သော့ကို လှမ်းပိတ်လိုက်သည်။

ကျွန်မကိုမူ လွှတ်မပေးသေး။

''အို ့လွှတ်လေ မောင်မောင်၊ မမ လက်နာသွားတယ်''

''ဟင် ့ဟုတ်လား''

မောင်မောင်က ကျွန်မ၏နာနေသောလက်ကို သူ၏ပါးပြင်နှင့် ကပ်ထားလိုက်သည်။

''ဆောရီးနော် မမ၊ မောင်မောင် တစ်ယောက်တည်း စီးခိုင်းလိုက်လို့ မမ လဲသွားတာ၊ ဗတ်တော်နာသွားလားဟင်''

မောင်မောင်က နှုတ်မှပြောနေသော်လည်း ကျွန်မကိုမူ လွှတ်မပေးဘဲ ပိုမိုတင်းကျပ်စွာ ဖက်ထားလေသည်။

''ဒါလောက်လည်း မဟုတ်ပါဘူး၊ ဆိုင်ကယ်ကို ထူလိုက်ပါ မောင်မောင်။ မမကိုလည်း လွှတ်ပါ။ လူတွေမြင်ကုန်လို့ မကောင်းဘူး''

''မမ ့မမရယ်၊ မလွှတ်ချင်တော့ဘူးဗျာ''

''အို''

''မမကို ကျွန်တော်ချစ်တယ်''

''အို ့မင်း ဘာတွေပြောနေတာလဲ၊ ဖယ်ပါ''

ကျွန်မက မောင်မောင်ရင်အုပ်ကြီးကို တွန်းဖယ်လိုက်ကာ ကိုယ့်ဘာသာထရပ်လိုက်သည်။

လက်နာသွားသည်ကိုသာ သတိထားမိပြီး ခြေတစ်ဖက်နာသွားသည်ကို ထရပ်လိုက်မှပင် သိရတော့သည်။

ပြန်ယိုင်သွားသော ကျွန်မကိုယ်ကို မောင်မောင်က ဖေးကိုင်ပေးလိုက်သည်။

''မမ ့မောင်မောင့်ကို စိတ်ဆိုးသွားလားဟင်''

''မောင်မောင်ရယ် ့မင်းနဲ့မမ တွေ့ရတာ ရက်ပိုင်းပဲရှိပါ သေးတယ်ကွယ့်''

''ဒါဘာဆိုင်လဲ၊ အချစ်ဆိုတာ အချိန်ကာလနဲ့ မဆိုင်ပါဘူး။ ခုတွေ့ ခုချစ်တာမျိုး ရှိတာပဲ''

''မင်းနဲ့ငါဟာ ဒီစကားမျိုးပြောရမယ့် လူတွေမဟုတ်ဘူး မောင်မောင်''

''ဟာ ့မမရယ်''

မောင်မောင်က ကျွန်မ ပခုံးကိုကိုင်ထားသောလက်ကို လွှတ်ပေးလိုက်ကာ ခေါင်းငိုက်စိုက်ကျသွားလေသည်။

''ဟုတ်ပါတယ်လေ ့ဟုတ်ပါတယ်။ မမနဲ့မောင်မောင်နဲ့က အခြေအနေချင်း အဆင့်အတန်းချင်းမတူပါဘူးဗျာ။ မောင်မောင်တို့က မမဆီမှာ မှီခိုနေရတဲ့လူတွေ၊ ပြီးတော့ မောင်မောင်ဟာ''

ကျွန်မပြောချင်သည့်ဆိုလိုရင်းကို မောင်မောင် အဓိပ္ပာယ်ကောက်လွဲသွားလေပြီ။

''ဘာတွေပြောနေတာလဲ မောင်မောင်၊ တို့တွေဟာ ဆွေမျိုးသားချင်းအချင်းချင်းပါ။ ဒီလိုစကားမျိုး မပြောသင့်ဘူးလို့ မမက ပြောတာ၊ မင်းတို့ကို မှီခိုသူရယ်လို့ မမ မချိုးနှိမ်ပါဘူး''

''ဟာ . မမ''

မောင်မောင်က ကျွန်မကို ငေးကြည့်နေသည်။

''ဆိုင်ကယ်ကိုထူလိုက်ဦး မောင်မောင်''

ကျွန်မက သတိပေးလိုက်မှ မြေပေါ်လဲနေသောဆိုင်ကယ်ကို မောင်မောင်က ထူလိုက်၏။

''မမ ကျွန်တော် တစ်ခုပြောပါရစေ''

''ဘာလဲ''

''မမနဲ့မောင်မောင်ဟာ ဘာမျှအမျိုးမတော်စပ်ပါဘူး မမ။ မမမိုးနဲ့ မမနဲ့သာ တော်တာပါ၊ မောင်မောင်က .''

မောင်မောင်က သူ့ဘဝကိုဆက်ပြောဖို့ မထွက်ဘဲ နှုတ်တွန့်နေသည်။

''အဲဒါတွေ မမ သိပြီးပါပြီ မောင်မောင်''

''သိပြီးပြီ။ အင်းပေါ့လေ . ဒေါ်အိုဇာက ပြောပြမှာပေါ့''

''ဒေါ်အိုဇာကလည်း သိထားသင့်တဲ့အကြောင်းမို့လို့ ပြောပြတာပါ မောင်မောင်''

''ဟုတ်ပါတယ်၊ ဒါဆို မောင်မောင် မမကိုချစ်လို့ရတယ်ဆိုတာ ယုံပြီမဟုတ်လား''

''ဘာဆိုင်လဲကွယ်၊ ကဲပါ . ဆိုင်ကယ်ကို ကြည့်ပါဦး၊ နေလည်း ပူလာပြီ၊ မမတို့ ပြန်ကြစို့''

မောင်မောင့်ဆီက သက်ပြင်းကို လေးတွဲ့စွာချလိုက်သည့်အသံ ထွက်ပေါ်လာလေသည်။

***

ကျွန်မသည် နောက်တစ်နေ့အထိ အိမ်ပေါ်ထပ်အခန်း၌ပင် တစ်ကိုယ်တည်း အချိန်ဖြုန်းနေမိတော့သည်။ ဆိုင်ကယ်စီးလည်း ဆက်မသင်ဖြစ်တော့ပေ။

မောင်မောင်က ကျွန်မကို ချစ်စကားပြောထား၍ မောင်မောင်နှင့် မျက်နှာချင်းဆိုင်ရမှာကို စိုးရွံ့နေမိသည်။ မောင်မောင့်ကို မုန်းလို့မဟုတ်ဘဲ ကျွန်မကိုယ်ကျွန်မ မသေချာလှ၍ ဖြစ်ပါသည်။ ကျွန်မသည် ကိုယ့်ဘဝ အခြေအနေအရ ပညာကို ကြိုးစားရင်း၊ မိခင်ကြီးကိုပြုစုရင်းဖြင့်သာ အချိန်ကုန်လွန်လာခဲ့သူဖြစ်ရာ ကျွန်မဘဝ၌ အချစ်ရေးသည် ရေ့တန်းသို့ ရောက်မလာခဲ့ပေ။ သူစိမ်းယောက်ျားလေးများနှင့်လည်း နီးနီးကပ်ကပ် မနေဘူးပါ။

မောင်မောင်သည် ကျွန်မဘဝတွင် ပထမဦးဆုံး နီးစပ်စွာနေဖူးသော သူစိမ်းယောက်ျားတစ်ဦးဖြစ်ပါသည်။ မောင်မောင်သည် ပျော်ပျော်နေတတ်သည်။ ရယ်စရာမောစရာများ ပြောတတ်သည်။ ကျွန်မ မောင်မောင့်အပေါ် တိမ်းညွတ်မိသည်ကို ဝန်ခံရပေမည်။

သို့သော် ကျွန်မ ရွှေဖီမိုးသို့ရောက်လာသည်မှာ မကြာသေး။ လ,အပိုင်းအခြားပင် မရှိသေးပါ။

ရွှေဖီမိုး၌လည်း အကြီးအမားမဟုတ်သည့်တိုင် ပြဿနာ အနည်းအကျဉ်းရှိနေသည်။ ရွှေဖီမိုးပိုင်လုပ်ငန်းများတွင် စည်းစနစ်ကျနစေရန် ကျွန်မ ကြီးကြပ်အုပ်ချုပ်ရဦးမည်။

ရွှေဖီမိုးသို့ ကျွန်မရောက်လာခြင်းမှာ နေထိုင်ရုံသက်သက် ရောက်လာခြင်းမျိုး မဟုတ်တော့ပါ။ လူကြီးသူမ တစ်ယောက်အဖြစ် ရောက်လာခြင်းဖြစ်သည်။

လူကြီးနေရာတွင်နေရမည့် ကျွန်မသည် တစ်အိမ်တည်းနေသော မောင်မောင့်လိုလူငယ်လေးနှင့် ချစ်ရည်မျှ သင့်ပါသလား။

လူမှုရေးသတ်မှတ်ချက်များနှင့် ကျွန်မနှလုံးသား လွန်ဆွဲနေရလေပြီ။

ကျွန်မသည် တစ်နေ့တာလုံး သက်ပြင်းအခါခါချ၍သာ အချိန်ကုန်လွန်ခဲ့ရလေ၏။

♛ ♛ ♛ ♛ ♛

၁၂

အရေးထဲအရာပေါ်ဟု ဆိုရပေတော့မည်။

စိတ်ညစ်လို့မြစ်ဆိပ်သွားထိုင်မှ မြစ်ထဲမျောလာသည့် သပွတ်အူကြီးကို ရအောင်ဆယ်ယူသူမှာ မေခင်မိုးမြင့် ဖြစ်လေသည်။

မေခင်မိုးမြင့်က ညနေပိုင်းတွင် ကျွန်မအခန်းသို့တက်လာကာ ကြီးကြီးထားခဲ့သော ရတနာများကိစ္စကို ကျွန်မနှင့် လာဆွေးနွေးပြန်သည်။

''မူရာ ဘယ်လိုထင်သလဲ၊ နို့မှန့်ဘူးထဲက ရတနာတွေကို ကြီးကြီးကိုယ်တိုင် ပြန်ဖော်ပြီးသိမ်းတာပါလို့ ဒေါ်အိုဇာ ပြောတာကို ယုံသလားဟင်''

''ကြီးကြီး မသေခင် ရက်ပိုင်း,လပိုင်းအထိ ကြီးကြီးလက်ထဲမှာ ပတ္တမြားလည်ဆွဲကြီး မမမိုးတို့ကိုယ်တိုင် မြင်သေးတယ်ဆို။ ဒီပုံအတိုင်းဆိုရင် ဒေါ်အိုဇာပြောတာ ဖြစ်နိုင်လောက်ပါတယ် မမမိုး''

''မမမိုးတော့ ဒီမိန်းမကြီးကို အယုံအကြည်ကို မရှိဘူး''

''ကြီးကြီးကရော အိမ်ဖော်တစ်ယောက်ကို အလုံးစုံတိုင်ပင်ပါ့မလား မမမိုးရယ်။ ပြီးတော့ ဒေါ်အိုဇာ့လက်ထဲမှာ ဒါလောက် အဖိုးတန်တာတွေရှိနေရင် သူ ဒီအိမ်မှာ ဘယ်နေတော့မလဲ မမမိုး။ ဒီအိမ်က ထွက်သွားမှာပေါ့။ သူ့မှာ ထောက်ထားစရာ ဘာမှ မရှိဘဲ''

မေခင်မိုးမြင့်က ကျွန်မ အကျိုးသင့်အကြောင်းသင့် ရှင်းပြသည်ကို နားထောင်ရင်း သက်ပြင်းချသည်။

''မူရာရော ဘယ်လိုထင်သလဲဟင်။ ကြီးကြီးဟာ ရတနာပစ္စည်းတွေကို ဘယ်နေရာမှာ ဝှက်ထား မယ်လို့ထင်သလဲ'

''မူရာ ဒီအိမ်ရောက်တာ တစ်လမပြည့်သေးပါဘူး မမမိုး။ အိမ်ကြီးအကြောင်းလည်း မမမိုးတို့လောက် မသိဘူး။ ဒါလောက်ကြီးတဲ့ အိမ်ကြီးထဲမှာ ဝှက်စရာနေရာတွေကတော့ အများကြီးရှိမှာပဲ''

''မှန်တာပေါ့ မူရာ၊ ဒါပေမဲ့ ဖြစ်နိုင်လောက်တဲ့နေရာမှန်သမျှ မမမိုးတို့ အကြိုအကြားမကျန် ရှာပြီးပြီကွယ့်''

''ဒီအခန်းထဲမှာရော''

''တစ်လက်မတောင် မကျန်ပါဘူးကွယ်''

သည်တစ်ခါသက်ပြင်းချရသူက ကျွန်မဖြစ်သည်။ မေခင်မိုးမြင့်သည် ရတနာများအတွက် ဘာကြောင့် သည်မျှ အသည်းအသန် ဖြစ်နေရသနည်း။ တကယ်ဆို ကျွန်မကသာ ဖြစ်ရမည်မဟုတ်ပါလား။

''မမမိုးက မူရာအိပ်မက်မက်တော့ တွေ့ပြီဆိုပြီး အားတက်သွားတာ၊ အိပ်မက်ကလည်း တစ်ဝက်တစ်ပျက် မှန်နေတယ်လေ။ ဒါနဲ့ ကြီးကြီးက ထပ်ပြီး အိပ်မက်မပေးတော့ဘူးလားဟင်''

''ဟင့်အင်း မမက်တော့ဘူး မမမိုး''

''မက်ရင် မမမိုးကို ပြောဦးနော်၊ ကြီးကြီးကိုတိုင်တည်ပြီး အိပ်မက်တောင်းကြည့်ပါလား မူရာရယ်''

''အို ့ အဲဒီလိုလုပ်လို့ရလို့လား မမမိုးရဲ့''

မေခင်မိုးမြင့်တစ်ယောက် စိတ်မှကောင်းသေးရဲ့လား မသိတော့ပါ။

''အဲဒီညက မက်တယ်ဆိုတာကလည်း တိုက်ဆိုင်သွားတာဖြစ်မှာပါ မမမိုးရယ်။ ညနေပိုင်းမှာ မူရာတို့က ကြီးကြီးပါတဲ့ စီဒီခွေကို ကြည့်ထားတာ မဟုတ်လား။ ကြီးကြီးကို မူရာက စီဒီထဲမှာမှမြင်ဖူးတော့ စိတ်စွဲပြီး မက်တာ နေမှာ။ အိပ်မက်ထဲမှာ ကြီးကြီးကိုတွေ့ရတာ စီဒီထဲက အတိုင်းပဲ၊ တောင်ဝှေးကြီးကိုကိုင်လို့ ့''

''တောင်ဝှေး''

''ဟုတ်တယ် မမမိုး၊ ကြီးကြီးက ထနောင်းပင်အောက်က မြေကြီးကို တောင်ဝှေးကြီးနဲ့ တဒေါက်ဒေါက် နေအောင် ခေါက်ပြတာလေ''

''တောင်ဝှေး ့တောင်ဝှေး ့ကြီးကြီးရဲ့တောင်ဝှေးကြီး''

မေခင်မိုးမြင့်က စကားမဆက်တော့ဘဲ မျက်လုံးကြီး ကလယ် ကလယ်နှင့် စဉ်းစားနေလေသည်။

♛ ♛ ♛ ♛ ♛

## ၁၃

ကျွန်မတွင် ညောင်တန်းလက်ဖက်ခြံကို သွားရောက်လေ့လာဖို့ တာဝန်ကျန်နေသေးသည်။ မနက်ပိုင်းကော်ဖီဝိုင်းတွင် မနက်ဖြန် ညောင်တန်းသို့သွားရန် မောင်မောင့်ကိုပြောလိုက်၏။

''မောင်မောင် မလိုက်လို့ မဖြစ်ဘူးလား မမ''

''မောင်မောင် လိုက်မပို့ရင် ဘယ်သူက ပို့မလဲ မောင်မောင်''

မောင်မောင်က သက်ပြင်းချလိုက်သည်။

''မမမိုး''

မောင်မောင်က စကားစလိုက်ရုံရှိသေးသည်။

''ဟော့ ့ဟော့ ့ညောင်တန်း လိုက်ပို့ခိုင်းမလို့လား။ မသွားပါရစေနဲ့နော်။ နင့်ဟာနင် လိုက်ပို့လိုက်ပါ။ မူရာ့အတွက်လည်း တောလမ်းခရီးမှာ ယောကျ်ားလေးတစ်ယောက်နဲ့သွားမှ အားရှိမှာပေါ့''

မောင်မောင်က ငြင်းမရ၍ လက်ခံလိုက်ရဟန်ဖြင့် သက်ပြင်းချကာ ခေါင်းညိတ်ပြလိုက်သည်။

''မောင်မောင်ပဲ လိုက်ပို့ပါမယ်လေ''

ကျွန်မသည် ညောင်တန်းသို့ မောင်မောင် ဘာကြောင့် မလိုက်ချင်သည်ကို ထိုစဉ်က မသိခဲ့ပေ။

***

ညနေပိုင်း၌ ဒေါ်အိုဇာ ကျွန်မအခန်းသို့ရောက်လာသည်။

''သခင်မလေးကို ပြောစရာရှိလို့ပါ''

''ပြောပါ ဒေါ်အိုဇာ''

''သူတို့ ကျိတ်ကြံနေကြတယ်''

''ဘာကိုလဲ ဒေါ်အိုဇာ''

''မောင်မောင့်ကို သတိထားပါ သခင်မလေး။ နန်းခက်မာက မောင်မောင့်ကို မြှောက်ပေးနေတယ်'

''ကျွန်မ နားမလည်ပါဘူး၊ ရှင်းရှင်းပြောစမ်းပါ ဒေါ်အိုဇာရယ်''

''မောင်မောင်က သခင်မလေးကို ရည်းစားစကားပြောလိမ့်မယ် သခင်မလေး''

''ရှင်''

''သူ့အမေမြှောက်ပေးနေတာလေ။ ဒေါ်အိုဇာ အခုပဲ နားနဲ့ ဆတ်ဆတ်ကြားခဲ့ရတာ သခင်မလေး။ နန်းခက်မာက မောင်မောင်နဲ့ မေခင်မိုးမြင့်ကို သူ့အခန်းထဲခေါ်ပြောတာ။ ဒေါ်အိုဇာ ခိုးနားထောင်လို့ ကြားခဲ့ရတာ''

''ဘာတွေပြောလို့လဲ ဒေါ်အိုဇာရယ်''

''သူတို့ရဲ့ရှေ့ရေးဟာ မရေရာဘူးတဲ့။ မူရာကျော့ယဉ်အပေါ်မှာ မူတည်တယ်တဲ့။ မူရာကျော့ယဉ် နှင်ချရင် ဒီအိမ်ပေါ်ကဆင်းရမှာတဲ့။ အဲဒီတော့ မူရာကျော့ယဉ်ကို ပိုင်အောင်လုပ်ထားဖို့လိုတယ်တဲ့''

''ဟင်''

''မင်းမှာ တာဝန်ရှိတယ်တဲ့။ မူရာကျော့ယဉ်ကလည်း အပျို၊ မင်းကလည်း လူပျိုပဲတဲ့။ မူရာကျော့ယဉ်ကို ပိုင်အောင်စည်းရုံးပါတဲ့။ နန်းခက်မာက သူ့သားသူ မြှောက်ပေးနေတာ သခင်မလေး။ သခင်မလေးကို သူ့သားနဲ့ ရအောင်လုပ်ပြီး ရွှေဖီမိုးတစ်ခုလုံးကို အပိုင်စီးဖို့ ကြံနေကြတာလေ။ ဒီပုံအတိုင်းဆို မောင်မောင်က သခင်မလေးကို ချစ်ဟန်ကြိုက်ဟန်ဆောင်ပြီး ချစ်ရေးဆိုလိမ့်မယ်။ ဒေါ်အိုဇာ့အထင်တော့ မနက်ဖြန် သခင်မလေးကို ညောင်တန်းလိုက် အပို့မှာ ပြောလိမ့်မယ်ထင်တယ်''

''တော်ပါတော့ ဒေါ်အိုဇာရယ်၊ တော်ပါတော့''

ကျွန်မရင်မှာ တင်းကျပ်နာကျင်နေမိသည်။ ကျွန်မသည် မောင်မောင့်ကို ချစ်တုံ့မပြန်ခဲ့သော်လည်း မေတ္တာ သက်ဝင်နေမိပါသည်။ ယခုလို ကျွန်မအား အပိုင်စီးရုံသက်သက် ကြံစည်မှုန်း သိလိုက်ရသည့်အခါ ရင်နာမိသည်။ ခံပြင်းမိသည်။

''အဲဒီစကားတွေကို ဘယ်တုန်းက ကြားတာလဲ ဒေါ်အိုဇာ''

''အခုလေးတင်ပါပဲ သခင်မလေး၊ ဒေါ်အိုဇာ ချောင်းနားထောင်လို့ နားနဲ့ဆတ်ဆတ်ကြားခဲ့ရတာပါ။ မခံချင်လွန်းလို့ သခင်မလေးကို လာသတိပေးတာပါ''

''ဟင်''

ဒေါ်နန်းခက်မာက ကျွန်မကို ချစ်ရေးဆိုဖို့ သူ့သားကို မြှောက်ပေးနေတာ ယနေ့မှ ဖြစ်သည်။ မောင်မောင်က လွန်ခဲ့သော နှစ်ရက်ကပင် ချစ်ရေးဆိုခဲ့ပြီးပါပြီ။ မောင်မောင်သည် သူ့သဘောနှင့်သူ သူ့နှလုံးသားကိစ္စကို ဖွင့်အန် ခဲ့ခြင်းလား။ မိခင်၏ဆန္ဒအရ ဟန်ဆောင်ချစ်စကားပြောခဲ့ခြင်းလား။

''သတိထားပါနော် သခင်မလေး''

''သူတို့ဖြစ်ချင်တိုင်း ဖြစ်လို့ရမလား ဒေါ်အိုဇာရယ်။ ကျွန်မသဘောက ရှိပါသေးတယ်''

''ဝမ်းသာလိုက်တာ သခင်မလေး၊ သခင်မလေး လှည့်ဖြားခံရမှာစိုးလို့ပါ။ နန်းခက်မာဟာ မိန်းမလည် တစ်ယောက်ဆိုတာ ဒေါ်အိုဇာ စကတည်းက ပြောသားပဲ။ အိပ်ရာထဲလဲပြီး သေခါနီးနေတာတောင် အကျင့်က ယုတ်ချင်သေးတယ်''

''တော်ပါတော့ ဒေါ်အိုဇာ၊ ကျွန်မသိထားလို့ ကျွန်မဆင်ခြင်နိုင်ရင် ပြီးရောမဟုတ်လား။ ဒါတွေ ပြောမနေပါနဲ့တော့''

''ညောင်တန်းလိုက်ပို့ဖို့ကိစ္စကို မောင်နှမနှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် လွှဲချနေတာလည်း သခင်မ လေး သတိထားမိတယ် မဟုတ်လား။ ညောင်တန်းကို ဘယ်သွားချင်ကြမှာလဲ။ ညောင်တန်းမှာ သူတို့အမေက ဖောက်ပြန်ခဲ့တာ ဟိုးလေးတကျော်ကျော် လူတကာအသိလေ။ လင်ကြီးကိုပစ်ပြီး လင်ငယ်နောက် လိုက်သွားတာ အဲဒီ ညောင်တန်း လက်ဖက်ခြံမှာပဲပေါ့။ အလုပ်သမားတွေက ဒီအဖြစ်တွေကို မမေ့ကြသေးဘူး။ သူတို့မောင်နှမ ညောင်တန်းမှာ မျက်နှာမပြရဲကြဘူးလေ''

''သြော် ့ဖြစ်မှဖြစ်ရလေ''

***

ထိုညတွင် ကြီးကြီးဒေါ်နန်းကြာမိုး၏ ဝိညာဉ်ပုံရိပ် ကျွန်မ အခန်းသို့ရောက်ရှိလာပြန်ပါသည်။

လေးရက်ကြာ ပျောက်ကွယ်နေပြီးမှ ပြန်ပေါ်လာခြင်းဖြစ်ပါသည်။

ထုံးစံအတိုင်း ကျွန်မသည် အိပ်မက်လိုလို၊ တကယ်လိုလိုနှင့် ကြီးကြီးကို တွေ့မြင်နေရသည်။ ယခင် အခေါက်များကလိုပင် ကြမ်းပြင်ကို ထောက်နင်းလာသော တောင်းဝှေးထောက်သံ တဒေါက်ဒေါက်က ဦးစွာ ထွက်ပေါ် လာသည်။

ထို့နောက် ကြီးကြီး၏ နာနာဘာဝရုပ်သွင်သည် တံခါးကိုဖောက်ဝင်ကာ ကျွန်မအခန်းထဲသို့ ရောက်ရှိ လာလေသည်။

ကျွန်မကို ငုံ့ကြည့်သည်။ ကျွန်မသည်လည်း ယခင်အခါများကအတိုင်း တစ်ကိုယ်လုံး အေးစက်ချမ်းစိမ့်ကာ၊ မိန်းမောကာဖြင့် လှုပ်ရှားလို့မရဘဲ ဖြစ်နေခဲ့လေသည်။

ယခုအခေါက်တွင်လည်း ကြီးကြီးက ကျွန်မကို ထူးခြားမှုတစ်ခု ပြသခဲ့ပြန်သည်။

ကြီးကြီးသည် ကျွန်မ ခုတင်မှ ခွာလိုက်ကာ နံရံဆီသို့ လျှောက်သွားလေသည်။ ဗီရိုထောင်ထားသော နံရံအထက်ဆီသို့ သူ၏တောင်ဝှေးကြီးဖြင့် ထောက်ပြလိုက်သည်။ တောင်ဝှေးကြီးက ဗီရိုအထက်ဘက်နံရံတွင် ချိတ်ထားသော ရှေးဟောင်းတိုင်ကပ်နာရီအိုကြီးကို ထောက်မိနေလေသည်။ ကြီးကြီးသည် တိုင်ကပ်နာရီကြီးကို သူ၏တောင်ဝှေးကြီးဖြင့် သုံးလေးချက် ရိုက်ပြလိုက်လေသည်။

ထို့နောက် အခန်းထဲမှ ထွက်ခွာသွားလေသည်။

တိုင်ကပ်နာရီအိုကြီး။ စက်မသွားဘဲ ရပ်နေသောနာရီအပျက်ကြီး ဖြစ်ပါသည်။ ပျက်နေသော်လည်း ဤအခန်းထဲ၌ ချိတ်ဆွဲထားဆဲ ဖြစ်ပေသည်။

ကြီးကြီး၏ဝိညာဉ်ရိပ်သည် ရတနာပစ္စည်းများ နာရီအိုကြီးထဲတွင် ထည့်ဝှက်ထားကြောင်းကို အသိပေးလေသလား။

ညသန်းခေါင်အချိန်ကြီးဖြစ်၍တစ်ကြောင်း၊ အသံဗလံများ ဆူညံမည်စိုး၍တစ်ကြောင်း ကျွန်မက မနက်မိုးလင်းမှသာ စူးစမ်းကြည့်ရန် မှတ်သားထားလိုက်လေသည်။

သည်တစ်ခါတော့ ကြီးကြီး၏ဝိညာဉ်ရိပ်အတွေ့အကြုံကို ကျွန်မ ဘယ်သူ့ကိုမျှ ပြန်ပြောတော့မည် မဟုတ်ပါ။

♛ ♛ ♛ ♛ ♛

## ၁၄

မနက်မိုးလင်းသည်နှင့် ကျွန်မက နာရီအိုကြီးကို စစ်ဆေးကြည့်ရန် စီစဉ်လိုက်သည်။ ကော်ဖီသောက်မဆင်းသေးဘဲ ကျွန်မတစ်ယောက်တည်း စုံစမ်းကြည့်ရန်ဖြစ်၏။

ကျွန်မက အခန်းတံခါးကို ကလန့်ထိုးထားမထား သေချာပြန်စစ်ပြီးမှ ဗီရိုအထက်နံရံရှိ နာရီကြီးကို တက်ကြည့်ရန် စီစဉ်လိုက်ပါ၏။

ဆက်တီစားပွဲခုံကို ဗီရိုရှေ့သို့ရွှေ့သည်။ စားပွဲပေါ်မှာ စာကြည့်ကုလားထိုင်ကို တင်လိုက်၏။ ထိုအခါ ကျွန်မ ဗီရိုပေါ်သို့ လှမ်းတက်ရန် အနည်းငယ် လွယ်ကူသွားလေ၏။

ကျွန်မက ထဘီကိုတိုတို ပြင်ဝတ်လိုက်သည်။ စားပွဲခုံပေါ်မှတစ်ဆင့် ကုလားထိုင်ပေါ်၊ ထိုမှတစ်ဆင့် ဗီရိုအစွန်းကိုအားပြုကာ ဗီရိုပေါ်သို့တက်လိုက်လေ၏။

ဗီရိုအမိုးပေါ်၌ကား ဖုန်များ ထူထပ်စွာရှိနေပေ၏။ မေခင်မိုးမြင့်က ဤအခန်းထဲတွင် တစ်လက်မမကျန် ရှာပြီးပြီဟု ပြောခဲ့သည်။ သူတို့သည် နာရီကြီးထဲတွင်တော့ ရှာမိဟန်မတူပေ။ သို့ကြောင့်သာ ဗီရိုပေါ်မှ ဖုန်များ ထုတက်နေခြင်းဖြစ်မည်။ နာရီကိုရှာခဲ့ဖူးလျှင် ဗီရိုပေါ်မှတစ်ဆင့်တက်ရမည်မို့ ဖုန်များ ထုတက်နေစရာအကြောင်းမရှိပါ။

ကျွန်မက ဗီရိုအမိုးပေါ်တွင် အကျအနထိုင်လိုက်သည်။ နာရီကြီးကို ထိုင်နေလျက်မှပင် လှမ်း၍မီပါသည်။

ကျွန်မက နာရီအပြင်မှ ကာထားသော မှန်တံခါးကို ဖွင့်လိုက်သည်။ နာရီချိန်သီးအိမ်ထဲတွင် နာရီကို သံပတ်ပေးရသော သော့တံတစ်ခုကိုသာ တွေ့ပါသည်။ အခြားဘယ်အရာမျှ မတွေ့ပါ။ ထိုနေရာမှာ မှန်အကြည် ကာထားသဖြင့် တိုးလျှိုပေါက် မြင်နေရသောနေရာဖြစ်၍ ပစ္စည်းဝှက်သူသည် ဤနေရာ၌ထားမည် မဟုတ်ပါ။

ကျွန်မက နာရီဒိုင်ခွက်ကြီးကို လှန်လိုက်လေ၏။ ထိုအခါ အတွင်းမှ ရှုပ်ထွေးသောစက်ကိရိယာ အစိတ်အပိုင်းများကို တွေ့လိုက်ရလေသည်။ စက်မှာ လှုပ်ရှားမှုမရှိသည်မှာကြာပြီဖြစ်၍ အတွင်းထဲအထိပင် ဖုန်များဝင်နေလေသည်။ ကျွန်မက စက်ကိရိယာအသေးအမွှားများ ကြားထဲတွင် အဝတ်အိတ်ကလေးတစ်ခုကို မြင်လိုက်ရလေသည်။

အဝတ်အိတ်ကို ဆွဲထုတ်လိုက်သည့်အခါ ကတ္တီပါအိတ်ရှုံ့လေးတစ်ခုဖြစ်နေလေ၏။ သို့သော် အိတ်ချည်း သက်သက်ဖြစ်ပြီး အိတ်ထဲ၌ ဘာမျှမပါပေ။

ကတ္တီပါအိတ်ရှုံ့လေးသည် ဘာကြောင့် နာရီစက်အိမ်ထဲ ရောက်နေရပါသနည်း။

ကျွန်မသည် နာရီကို ယခင်အတိုင်း ပြန်ထားလိုက်ကာ အောက်သို့ ဆင်းသက်ခဲ့သည်။ ကတ္တီပါအိတ်ရှုံ့လေးကိုတော့ ကျွန်မ ယူထားလိုက်ပါ၏။

စားပွဲကုလားထိုင်များကို နဂိုအတိုင်း ပြန်ရွှေ့လိုက်ပြီး မျက်နှာသစ်ကာ အောက်ထပ်သို့ဆင်းခဲ့လေသည်။

***

ကော်ဖီဝိုင်း၌ မေခင်မိုးမြင့်ကို မတွေ့ရပါ။ မောင်မောင်တစ်ယောက်တည်း ကျွန်မကို ထိုင်စောင့်နေသည်။

''မမမိုးကော''

''ရွာထဲကို ထွက်သွားတယ် မမ၊ မနက်အစောကြီးကတည်းက ထွက်သွားတာ''

ယခင်နေ့များက သွားလေ့လာလေ့မရှိ၍ မေခင်မိုးမြင့် ရွာထဲထွက်သွားခြင်းမှာ အဆန်းဖြစ်နေသည်။ ဈေးသွားစရာရှိလျှင် ဒေါ်အိုဇာပဲ သွားပါသည်။ ဒေါ်အိုဇာသည် သုံးမိုင်ဝေးသော မင်းအိုင်ရွာဈေးကို ခြေကျင်လျှောက်သွားခြင်းဖြစ်၏။ သုံးလေးရက်တစ်ခါဆိုသလို ဈေးဝယ်ထွက်တတ်ပါသည်။

ကျွန်မတို့သည် တိတ်ဆိတ်စွာပင် နံနက်ခင်းစာကို စားသောက်နေကြသည်။ မောင်မောင်သည် ခုရက်ပိုင်းတွင် နှုတ်ဆိတ်နေပေ၏။ ကျွန်မကို ရင်ဖွင့်စကားပြောထားသည့်အတွက်များ စိတ်မလုံ ဖြစ်နေသလား မသိပေ။

ကော်ဖီသောက်ပြီးသည့်အခါ ကျွန်မက ထုံးစံအတိုင်း ဒေါ်နန်းခက်မာ၏အခန်းထဲဝင်ကာ ကျန်းမာရေး အခြေအနေကို မေးရင်း နှုတ်ဆက်လိုက်သည်။ ကျွန်မသည် အိမ်ရောက်ကတည်းက နေ့စဉ်မပျက်ပြုခဲ့သောဝတ္တရား ဖြစ်ပါသည်။

ကျွန်မက လူကြီးသူကြီးမှန်းသိသိ ဂါရဝထားပါသော်လည်း သူမက မောင်မောင့်ကို ကျွန်မအား အပိုင်စီးဖို့ မြှောက်ပေးနေသည်ဆိုသည့်အတွက်တော့ ရင်ထဲမှာ တင်းမိပေသည်။ ဒေါ်အိုဇာပြောသောစကား မှန်မမှန်ကို ကျွန်မ စုံစမ်းရပေမည်။

ဒေါ်နန်းခက်မာအခန်းမှ ပြန်အထွက်တွင် ကျွန်မက ညောင်တန်းသို့သွားဖို့ ပြင်ဆင်ထားရန် မောင်မောင့်ကို ပြောလိုက်သည်။

ထို့နောက် မီးဖိုခန်းထဲတွင် ချက်ပြုတ်နေသော ဒေါ်အိုဇာကို လက်တို့ခေါ်ခဲ့ကာ အပေါ်ထပ်သို့ ပြန်တက်ခဲ့လေ၏။

***

ကျွန်မက ကတ္တီပါအိတ်ရှုံ့လေးကိုပြကာ ဒေါ်အိုဇာ့ကိုမေးလိုက်သည်။

''အို ့အဲဒါ ပတ္တမြားလည်ဆွဲနဲ့ရတနာတွေထည့်တဲ့ အိတ်ရှုံ့လေးပဲ သခင်မလေး၊ သခင်မလေး ဘယ်ကရတာလဲ''

''ဗီရိုကိုရှင်းရင်း ဗီရိုထောင့်စွန်းက တွေ့တာပါ''

''ဘုရား ့ဘုရား ့အိတ်ထဲကရတနာတွေ ဘယ်ရောက်သွားပါလိမ့်''

''ဒါဟာ ရတနာတွေထည့်တဲ့အိတ် အမှန်ပဲလား ဒေါ်အိုဇာ။ သေချာအောင် ကြည့်ပါဦး''

ဒေါ်အိုဇာက ကျွန်မလက်ထဲမှ ကတ္တီပါအိတ်ရှုံ့ကို ယူကြည့်လိုက်သည်။

''သေချာပါတယ် သခင်မလေး၊ ဒေါ်အိုဇာ သေချာမှတ်မိပါတယ်။ နို့မှုန့်ဘူးထဲမှာ ရတနာတွေဝှက်တုန်းက ဒီအိတ်ရှုံ့ကလေးနဲ့ပါပဲ။ ပြန်ဖော်တော့လည်း ဒီအိတ်ရှုံ့လေးနဲ့ပဲ ထည့်ထားတာပါ။ သေချာပါတယ်''

ကျွန်မအတွက် တွေးစရာများစွာ ရလိုက်ပြန်ပေပြီ။

ထနောင်းပင်အောက်တွင် ရတနာများကို မြှုပ်နှံသည်မှာ အရင်ဖြစ်ပြီး နာရီကြီးထဲ ထည့်ဝှက်သည်မှာ နောက်မှဖြစ်ပေမည်။ နာရီကြီးထဲမှတစ်ဖန် ပြန်ယူသည့်အခါတွင် ရတနာများချည်းယူပြီး အိတ်ရှုံ့လေးကို ထားခဲ့လေသလား။

သည်လိုဆိုလျှင် ကြီးကြီး၏ဝိညာဉ်သည် နာရီကြီးကို ဘာကြောင့်ညွှန်ပြသလဲ။ နာရီကြီးထဲတွင် ထည့်ဝှက်ထား၍သာ ညွှန်ပြခဲ့ခြင်း ဖြစ်ပေမည်။ ကြားမှ တစ်ယောက်ယောက်က နာရီထဲမှထုတ်ယူပြီး အိတ်ရှဲ့လေးကိုချည်း ထားရစ်ခဲ့ခြင်း လေလား။ သည်သို့ဆိုလျှင် နာရီထဲမှ ထုတ်ယူသူမှာ မည်သူဖြစ်မည်လဲ။

မေခင်မိုးမြင့်တော့ မဖြစ်နိုင်ပါ။ ရတနာများနှင့်ပတ်သက်ပြီး မေခင်မိုးမြင့် အသည်းအသန်ဖြစ်နေပုံက သူ့လက်ထဲမှာ ရတနာတွေ ရှိမနေတာ သေချာပါသည်။

ကြီးကြီးအနေဖြင့် အမြင့်နေရာမှ နာရီကြီးထဲ ထည့်ဝှက်နိုင်သည်မှာလည်း စဉ်းစားစရာဖြစ်သည်။ ကြီးကြီးသည် မသေခင် နှစ်နှစ်လုံး အိပ်ရာထဲ လဲနေသူဖြစ်သည်။ နံရံအမြင့်ပေါ်သို့ သူချည်းတက်နိုင်မည် မဟုတ်ပေ။ သစ်ပင်အောက်တွင် မြှုပ်စဉ်က ဒေါ်အိုဇာကိုအသိပေးပြီး ဒေါ်အိုဇာ၏ အကူအညီကို ယူခဲ့သည်။ နာရီထဲထည့်စဉ်ကရော ဒေါ်အိုဇာကို အကူအညီ မတောင်းဘူးလား။

ဒေါ်အိုဇာက နာရီနှင့်ပတ်သက်၍ တစ်လုံးတစ်ပါဒမျှ ပြောမသွားပေ။

နာရီထဲတွင် ထည့်ဝှက်ထားတာကိုသိရှိနေ၍ ကြီးကြီးသေပြီးနောက်မှာ ဒေါ်အိုဇာကိုယ်တိုင် နာရီထဲမှ ထုတ်ယူခဲ့ခြင်းလေလား၊ ရတနာတွေကိုယူထားပြီး မသိဟန်ဆောင်နေခြင်းပေလား။

သစ်ပင်အောက်ကိုတူးဖော်စဉ်က ဒေါ်အိုဇာသည် ရတနာများ မရှိတော့ကြောင်း၊ ပြန်ဖော်ပြီးကြောင်းကို ယတိပြတ် ပြောကြားခဲ့သည်။ ဒေါ်အိုဇာသည် ရတနာများနှင့်ပတ်သက်၍ မေခင်မိုးမြင့်တို့ထက် သိနေ၏။ ကြီးကြီးကလည်း တိုင်ပင်အသိပေးခဲ့တာကို ဒေါ်အိုဇာကိုယ်တိုင် ဝန်ခံထားသည်။

နာရီထဲထည့်တာကိုလည်း ဒေါ်အိုဇာ သိရမည်ပင်။ ဒေါ်အိုဇာပင် ရတနာများကိုယူ၍ လှည့်စားထားခြင်းပေလား။

ကျွန်မသည် သံသယအတွေးများဖြင့် ယောက်ယက်ခတ်ကာ ခေါင်းပူလာသည်။

လောလောဆယ်တော့ ဤကိစ္စကို ခေါင်းထဲမှ ထုတ်ပစ်လိုက်ရပါသည်။

မောင်မောင်နှင့် ညောင်တန်းသွားရန် စီစဉ်ထားပြီးဖြစ်၍ အောက်သို့ ဆင်းခဲ့လေသည်။

♛ ♛ ♛ ♛ ♛

## ၁၅

ညောင်တန်းသို့သွားရသည့် ခရီးစဉ်မှာ ပန်းတောသွားရသလောက် အနိမ့်အမြင့်အတက်အဆင်း မများလှပေ။ သို့သော် အကွာအဝေးကြောင့် အချိန်တော့ပိုကြာပေ၏။

ညောင်တန်းသို့ရောက်ချိန်တွင် မနက် ၁၁ နာရီထိုးပေပြီ။

မောင်မောင်သည် လက်ဖက်ခြံထဲတွင် ကျွန်မကိုထားခဲ့ပြီး ရွာထဲသို့ ထွက်သွားလေသည်။

ကျွန်မကို ခြံတွင် တာဝန်ယူကြီးကြပ်နေသော ဦးစိုင်းလိတ်တို့မိသားစုက ဆီးကြိုပေသည်။

''သုံးနာရီလောက် ပြန်ကြတာပေါ့ မမ။ မောင်မောင် သုံးနာရီ ပြန်လာခဲ့မယ်နော်''

''မင်းက ဘယ်သွားမလို့လဲ မောင်မောင်''

''ရွာထဲက မောင်မောင့်အသိတွေဆီ သွားနေမလို့ပါ''

မောင်မောင်က ဆိုင်ကယ်ကိုယူပြီး ရွာထဲထွက်သွားသည်။

''လာပါ သခင်မလေး၊ ခြံထဲကို ဦးစိုင်းလိတ် လိုက်ပြပါ့မယ်။ အေးအေးဆေးဆေးနေပါ။ မေးမြန်းစရာရှိလည်း မေးပါ။ စစ်ဆေးစရာရှိလည်း စစ်ဆေးပါ သခင်မလေး''

ဦးစိုင်းလိတ်၏ဇနီးမှာလည်း သဘောကောင်းလှပါသည်။

နံနက်စာ ထမင်းစားသောက်ပြီးမှပင် ကျွန်မကိုလက်ဖက်ခြံထဲသို့ အနှံ့လိုက်ပြ၏။ အလုပ်သမားနှင့်လည်း မိတ်ဆက်ပေးသည်။

ဦးစိုင်းလိတ်ဇနီးက ခြံထဲလိုက်ပြရင်း ပြောပြမှပင် ကျွန်မသည် မောင်မောင်ခြံထဲမှာ မနေချင်သည့်အကြောင်းကို သိရတော့သည်။

''ဒီခြံမှာ အရင်ဦးစီးသွားတဲ့သူက ဦးခွန်အုံးလှိုင်လေ။ ဦးခွန်အုံးလှိုင်ဟာ သခင်မကြီးတို့နဲ့ ဝမ်းကွဲတော်စပ်တဲ့သူပေါ့။ မောင်မောင့်အမေ နန်းခက်မာရဲ့ အရင်ယောကျ်ားပါ''

ဒေါ်အိုဇာ ပြောပြခဲ့သော အကြောင်းများကို ကျွန်မ ပြန်လည်သတိရလိုက်သည်။

''မေခင်မိုးမြင့် အသက်လေးငါးနှစ်အရွယ်အထိ ဒီခြံထဲမှာပဲ နေခဲ့ကြတာပါ သခင်မလေး။ နန်းခက်မာက ခြံထဲက အလုပ်သမားတစ်ယောက်နဲ့ ဖောက်ပြန်ခဲ့တယ်လေ၊ လိုက်ပြေးသွားခဲ့တယ်။ ခွန်အုံးလှိုင်လည်း မကျန်းမမာဖြစ်ပြီး သေရှာတယ်။ အဲဒီကတည်းက ကျွန်မတို့ လင်မယားကိုပဲ သခင်မကြီးက တာဝန်ပေးထားခဲ့တာပါ''

''အရိပ်အမြွက်လောက်တော့ ဒေါ်အိုဇာ ပြောပြထားလို့ ကျွန်မ သိနေပြီးပါပြီ ဒေါ်ဒေါ်''

''သူတို့ မိသားစုအကြောင်းကို တစ်ခြံလုံးက သိနေတယ်လေ။ အဲဒါကြောင့် မောင်မောင်ခြံထဲကို မဝင်ချင်တာပါ သခင်မလေး။ သူ့အမေအတွက် သူမျက်နှာပူရှာတယ်လေ''

ထိုအကြောင်းများကြောင့်ပင် ညောင်တန်းကို လိုက်မပို့ချင်ပါဟု မောင်မောင်ကပြောခဲ့ခြင်း ဖြစ်ပေမည်။ မေခင်မိုးမြင့်ကလည်း လိုက်မပို့ချင်ကြောင်း ငြင်းခဲ့သည်။ ဒေါ်နန်းခက်မာ၏ ဖောက်ပြန်သောလုပ်ရပ်က သားသမီးများ လက်ထက်အထိ ရိုက်ခတ်နေဆဲပင်တည်း။

''ရွာထဲက အသိတွေဆိုတာကရော ဒေါ်ဒေါ်''

''နန်းခက်မာ လိုက်ပြေးသွားတဲ့ စိုင်းဘုန်းလှူဆိုတာ ဒီရွာသားပဲလေ။ မောင်မောင်က သူ့အဖေအမျိုးတွေဆီ သွားတာပါ သခင်မလေး''

''ဒါဖြင့် အန်တီနန်းခက်မာ မောင်မောင့်အဖေနဲ့ အိမ်ထောင်ကျတော့ ညောင်တန်းမှာပဲ နေခဲ့တာပေါ့နော်''

''ဟုတ်တယ်လေ ဦးခွန်အုံးလှိုင်လည်း ဒါတွေတွေ့မြင်နေရတော့ အရက်သမားကြီးဖြစ်ပြီး အသက်တိုရှာတာပါပဲ သခင်မလေးရယ်''

''အို''

''နန်းခက်မာကတော့ မျက်နှာပြောင်တယ်လေ။ နောက်ယောကျ်ားဆုံးတော့ ရွှေဖီမိုးကို ပြေးကပ်ပြန်တယ်။ သခင်မကြီးက မေခင်မိုးမြင့်မျက်နှာကိုထောက်ပြီး ပြန်လက်ခံထားတာပါ သခင်မလေး''

ဒေါ်နန်းခက်မာအကြောင်းကို မည်သူကမျှ အကောင်းမပြောကြပါလား။

ကျွန်မကို အပိုင်စီးဖို့ သားကိုမြှောက်ပေးနေသည့် ဒေါ်နန်းခက်မာ အကြံအစည်များကိုသတိရကာ ကျွန်မရင်၌ ခံပြင်းလာသည်။ အပြန်လမ်းမှာတော့ ထိုအကြောင်းကို မောင်မောင်နှင့် စာရင်းရှင်းရပါဦးမည်။

***

ညနေသုံးနာရီတွင် မောင်မောင်က ကျွန်မကို ပြန်လာခေါ်သည်။ ဦးစိုင်းလိတ်တို့မိသားစုကို နှုတ်ဆက်၍ မောင်မောင်နှင့်အတူ ပြန်လာခဲ့ပါသည်။

မင်းအိုင်နှင့် ညောင်တန်းသွားသော တောလမ်းလေးက သာယာလှပေသည်။ ကျွန်မသည် ပတ်ဝန်းကျင်၏ သာယာလှပမှုကို စိတ်မပျော်မွေ့အားပေ။

ညောင်တန်းတွင် စာရင်းများကို စစ်ဆေးကြည့်ခဲ့ရာ ပန်းတောမှာကဲ့သို့ပင် စနစ်ကျမှု မရှိတာတွေ တွေ့ခဲ့ရသည်။ သူတို့သည် အလုပ်ကို ရိုးသားစွာလုပ်ပြီး ရလာသောဝင်ငွေများကို အလုပ်ရှင်ထံ အပ်နှံခြင်းဖြင့်သာ ရှေးရိုးဆန်ဆန် လုပ်ကိုင်နေကြသူများဖြစ်သည်။ ရိုးသားမှုရှိသည်က မှန်ပါ၏။ သို့သော် ဤမျှကြီးမားသောလုပ်ငန်းကြီးတွင် စနစ်တကျ စာရင်းဇယားထားသိုမှုများ လိုအပ်ပါသည်။

ကြီးကြီးမှာ အသက်ကြီးပြီဖြစ်သော ရှေးလူကြီးလည်းဖြစ်၊ မိန်းမသားတစ်ယောက်လည်းဖြစ်၍ စနစ်တကျ မကြီးကြပ်နိုင်ခဲ့ခြင်းဖြစ်သည်။ တကယ်တော့ မေခင်မိုးမြင့်သည် ရွှေဖီမိုး၏လုပ်ငန်းများတွင် စိတ်ဝင်တစား ပါဝင်ဆောင်

ရွက်သင့်ပါ၏။ သူမသည် ရပိုင်ခွင့်ကိုသာ စဉ်းစားနေခဲ့သည်။ မိမိ မှီခိုနေသည့်လုပ်ငန်းကြီးကို တိုးတက်ကြီးပွားအောင် ကူလုပ်ပေးဖို့ စိတ်ကူးခဲ့ဟန်မတူ။

မခေါ်မိုးမြင့်သာ လူငယ်ပီပီ လုပ်ငန်းများအပေါ် စိတ်ဝင်တစား ကြီးကြပ်ခဲ့ပါက လုပ်ငန်းများ သည့်ထက် အောင်မြင်နိုင်ပေ၏။ ပညာအရည်အချင်းအနေဖြင့် ဆယ်တန်းမအောင်သည့်တိုင် ဤမျှသောအလုပ်ကို လုပ်ကိုင်နိုင်ပါသည်။ ယခုမူ မခေါ်မိုးမြင့်သည် အမွေပစ္စည်းများ၊ ပျောက်ဆုံးနေသောရတနာများကိစ္စကိုသာ အချိန်ပြည့် စဉ်းစားနေခဲ့ပေ၏။

ကျွန်မသည် ညောင်တန်းမှကြားခဲ့ရသော ဒေါ်နန်းခက်မာအကြောင်းများအပြင် ကျွန်မကိုအရယူရန် မြှောက်ပေးနေသော အကြံအစည်ကိုပါသိထားရ၍ သူတို့မိသားစုအပေါ်၌ အကျိတ်အခဲဖြစ်နေမိတော့သည်။ ညောင်တန်းကို ရောက်လိုက်၍ ထိုအကျိတ်အခဲမှာ ပိုမိုကြီးထွားလာပေ၏။

မောင်မောင်က ဆိုင်ကယ်ကို ရပ်လိုက်၍ ကျွန်မအတွေးများ ပြတ်တောက်သွားသည်။

''ဘာဖြစ်လို့လဲ မောင်မောင်''

''ဒီနေရာလေးက ရှုခင်းလှတဲ့ ဗျူးပွိုင့်လေးမို့လို့ပါ မမ။ ဆင်းပါဦး၊ မောင်မောင်တို့ စကားပြောရအောင်''

ပတ်ဝန်းကျင်ရှုခင်းလေးက တကယ်ကို သာယာလှပါ၏။ တောလမ်းကလေးက ကုန်းမြင့်ကလေးပေါ်မှ ဖြတ်သွားသည်။ တစ်ဖက်တွင် စမ်းချောင်းလေးတစ်ခုက စီးဆင်းနေ၏။ စမ်းချောင်းမှရေများမှာ ကြည်လင်နေပေသည်။ တစ်ဖက်တွင်တော့ လယ်ကွင်းပြင်တစ်ပြင်နှင့်ကြီးကို မြင်နေရပေသည်။

ညနေချိန်မို့ တိမ်ရောင်စုံများက မိုးကောင်ကင်တွင် ရွှေ့မျောနေကြ၏။ အိပ်တန်းပြန်ကျေးငှက်တို့က အုပ်စုဖွဲ့ပျံသန်းလျက် ရှိပေသည်။

ကျွန်မက ဆိုင်ကယ်ပေါ်မှဆင်းလိုက်သည်။

ကျေးရွာအချင်းချင်း သွားသာရုံ ဖောက်လုပ်ထားသည့်အတွက် တောလမ်းလေးမှာ မကျယ်လှချေ။ လှည်းသွားသာရုံ ဖောက်လုပ်ထားခြင်း ဖြစ်ပေ၏။ မော်တော်ကားသွားလို့မရပါ။ ဆိုင်ကယ်ဖြစ်၍သာ ကျွန်မတို့ အဆင်ပြေပြေ သွားနိုင်ခြင်းဖြစ်သည်။

ကျွန်မက စမ်းချောင်းဆင်ခြေလျှောတွင် ရိုက်ထားသော သစ်သားခုံတန်းလျားလေးကို မြင်လိုက်၍ ထိုအနားထိ လျှောက်သွားလိုက်သည်။

မောင်မောင်သည် ကျွန်မ နောက်မှလိုက်လာ၏။

''မမ''

''မောင်မောင်၊ ပြောလေ''

''ပြောရမယ်ဆိုရင် မောင်မောင်တောင်းထားတဲ့ အဖြေကို မေးချင်တာပါပဲ မမရယ်''

ကျွန်မက မချိပြုံးပြုံးလိုက်သည်။ မောင်မောင့်ကို စေ့စေ့စိုက်၍ ကြည့်လိုက်သည်။

''ဒီမယ်မောင်မောင်၊ မင်း မမကို ချစ်စကားပြောတာ တကယ် ရင်ထဲကလာတဲ့ခံစားချက်နဲ့ ပြောတာရော ဟုတ်ရဲ့လားကွယ်''

ကျွန်မစကားကြောင့် မောင်မောင့်မျက်နှာတွင် အလေးအနက်ဟန်များ ထင်ဟပ်သွားလေသည်။

''ဟုတ်ပါတယ်မမ၊ မောင်မောင့်ရင်ထဲမှာ မမကို တကယ်ချစ်တာပါ၊ မမကိုတွေ့ကတည်းက ..''

''စဉ်းစားပါဦး မောင်မောင်ရဲ့၊ တာဝန်တစ်ရပ်အနေနဲ့ မမကို ရည်းစားစကားပြောနေတာ မဟုတ်ဖူးလား''

''ဗျာ''

''တာဝန်တစ်ရပ်အနေနဲ့လေ မမကို မင်းအပိုင်ရဖို့၊ ရွှေဖီမိုးရဲ့ အမွေတွေ မင်းလက်ထဲရောက်ဖို့၊ ပြီးတော့ မင်းတို့မိသားစု ရွှေဖီမိုးမှာ တွင်ကျယ်နိုင်ဖို့ ..''

''တော် ..တော်တော့ မမ''

''မမ ပြောလိုက်တာတွေ မှားသလား၊ ဖြေရှင်းပါဦး မောင်မောင်။ မင်းအမေ မြှောက်ပေးတဲ့အကြံအစည်တွေကို မမသိပြီးပါပြီ မောင်မောင်ရဲ့''

''ဟာ . မမရာ''

မောင်မောင် ခေါင်းငိုက်စိုက်ကျသွားလေပြီ။

''မောင်မောင် မညာပါဘူး၊ မေမေက ဒီအတိုင်းအကြံပေးခဲ့တာ အမှန်ပါ။ မနေ့ကမှ မေမေ ဒီစကားကို ပြောတာပါ မမ။ ဒါပေမဲ့ မောင်မောင် မမကိုချစ်ရေးဆိုခဲ့တာ လွန်ခဲ့တဲ့သုံးရက်ကတည်းကလေ။ မေမေ မြှောက်ပေးလို့ ဒီစကားတွေ ထွက်လာရတာ မဟုတ်ပါဘူး မမရယ်။ မေမေ မကောင်းတာ မှန်ပါတယ်။ မောင်မောင် ပြောတဲ့စကားတွေကတော့ ရင်ထဲကစကားတွေပါ မမ''

''မင်းအမေ မြှောက်ပေးတယ်ဆိုတာတော့ ဝန်ခံတယ်ပေါ့''

''ဒါကို မမ ဘယ်လိုပြန်သိလဲဟင်''

''အမှန်တရားကို ဖုံးဖိထားဖို့ မလွယ်ပါဘူး မောင်မောင်။ ဘယ်သူပြောလို့သိသိ မင်းရန်လုပ်စရာမလိုပါဘူး''

''မောင်မောင် ရန်မလုပ်တတ်ပါဘူး မမရယ်။ ဒေါ်အိုဇာဖြစ်ဖြစ်၊ မသိန်းဖြစ်ဖြစ်၊ မောင်မောင်တို့ပြောနေတဲ့ စကားတွေ ကြားပြီး ပြန်ပြောတာ ဖြစ်နိုင်တာပဲ။ ဘယ်သူပဲပြောပြော ဒါအမှန်ဆိုတာ မောင်မောင် ဝန်ခံပါတယ်''

''မင်းယောကျ်ားပီပီ ဝန်ခံတာကို မမ ဝမ်းသာပါတယ်''

''မေမေက သူ့စိတ်ထဲ ထင်ရာမြင်ရာတွေ ပြောနေတာပါမမ။ မောင်မောင့်စကားတွေထဲမှာ မေမေ့ဆန္ဒ မပါပါဘူး။ မေမက မနေ့ကမှ ပြောတာပါ။ မောင်မောင် မမကိုချစ်ရေးဆိုထားတာ သုံးရက်ရှိပြီလေ။ မောင်မောင့် အချစ်က အချစ်စစ် အချစ်မှန်ပါ မမရယ်''

ကျွန်မက ခုံတန်းလေးပေါ်မှထလိုက်သည်။

''ပြန်ကြစို့ မောင်မောင်၊ မမဟာ ရွှေဖီမိုးကို အမှတ်မထင် ရောက်လာခဲ့တာပါ။ ရွှေဖီမိုးမှာ မမတာဝန်တွေ ဒါလောက်ကြီးလိမ့်မယ် မထင်ခဲ့ဘူး။ ဒီကိုရောက်မှ မမ မမျှော်လင့်တာတွေ ဆုံရတယ်။ အိမ်တာဝန်တွေ အလုပ်တာဝန်တွေကလည်း များလှတယ်ကွယ်။ ဒါတွေကို တစ်ခုမျှ ပီပီပြင်ပြင်မလုပ်နိုင်သေးဘူး။ ဒီလိုအချိန်မျိုးမှာ နှလုံးသားကိစ္စကို မစဉ်းစားနိုင်သေးဘူးကွယ်၊ ပြန်ကြပါစို့''

''မမရယ်''

ဆိုင်ကယ်နားအရောက်တွင် ဆိုင်ကယ်ပေါ်မတက်သေးဘဲ မောင်မောင်က ငေးငိုင်နေ၏။

''မောင်းလေ မောင်မောင်၊ ပြန်ကြမယ်''

''မမ''

မောင်မောင်က ကျွန်မကို ကြေကွဲစွာ ကြည့်ရင်း ခေါ်လိုက်သည်။

''မောင်မောင် ရွှေဖီမိုးမှာ မနေတော့ပါဘူး မမရယ်''

''ဘာကွယ့်''

''တကယ်တော့ ရွှေဖီမိုးဟာ အစကတည်းက မောင်မောင်နဲ့ ဘာမျှမဆိုင်ခဲ့၊ မပတ်သက်ခဲ့ပါဘူးလေ။ မောင်မောင်က မှီခိုကပ်ရပ်နေတဲ့ ကောင်ပါ။ မေမေပြောတဲ့စကားကြောင့် မမက မောင်မောင့်ကို အထင်အမြင်သေးသွားပြီ။ ရွှေဖီမိုးမှာ ဆက်နေနေရင် မောင်မောင် လိပ်ပြာငယ်နေမှာပဲ။ မမရဲ့အချစ်ကိုလည်း ဘယ်တော့မျှရတော့မှာ မဟုတ်ဘူး။ မမမှာ မကြွယ်ဝချမ်းသာမှုတွေကို လိုချင်လို့ မောင်မောင်က ချစ်ဟန်ဆောင်နေတယ်လို့ပဲ ထင်နေတော့မှာလေ''

မောင်မောင်က ပြောရင်းမျက်ရည်များ ကျလာသည်။

ကျွန်မသည်လည်း မောင်မောင့်ကို ကြည့်ရင်းကြေကွဲလာမိ၏။

''မောင်မောင် ရွှေဖီမိုးက ထွက်သွားပါတော့မယ်။ မောင်မောင့်ဟာ မောင်မောင် အပြင်မှာနေပြီး အလုပ်ကြိုးစားမယ်။ ရွှေဖီမိုးနဲ့ မသက်ဆိုင်တဲ့လူတစ်ယောက်ဖြစ်မှ မမအချစ်ကို တောင်းခံပါတော့မယ် မမ''

ကျွန်မသည် မောင်မောင့်ကို အိမ်မှထွက်မသွားစေချင်ပေ။ သို့သော် မသွားပါနဲ့လို့လည်း ကျွန်မ နှုတ်က ပြောမထွက်ပေ။ ကျွန်မ တင်းထားသောမာနများ လျော့ပါးသွားမည်ကို စိုးနေမိသည်။

မောင်မောင်က မျက်ရည်များကိုသုတ်ကာ ဆိုင်ကယ်ကို ခွလိုက်သည်။

''သွားကြစို့ မမ၊ မောင်မောင် ဒီညပဲ ရွှေဖီမိုးက ထွက်သွားပါတော့မယ်''

အပြန်လမ်းတွင် ကျွန်မတို့နှစ်ယောက်လုံး တိတ်ဆိတ်နေမိကြသည်။

ရွှေဖီမိုးသို့ ပြန်မရောက်မီမှာပင် အမှောင်ထုလွှမ်းမိုးသွားပါသည်။

ရွှေဖီမိုး၌ တုန်လှုပ်ချောက်ချားဖွယ် ပြဿနာကြီးတစ်ရပ် စောင့်ကြိုနေမည်ကို ကျွန်မရော မောင်မောင်ပါ မတွေးမိခဲ့ချေ။

♛ ♛ ♛ ♛ ♛

၁၆

ရွှေဖီမိုးအိမ်ကြီးဆီ ပြန်အရောက်၌ ခြံဝင်းတံခါးဝတွင် ရပ်နေသော မသိန်းကို တွေ့လိုက်ရလေသည်။

မသိန်းသည် ငိုရှိုက်နေလေ၏။

ဒေါ်အိုဇာက အိမ်မကြီး တံခါးဝတွင် ခါးထောက်လျက် ရပ်နေပေသည်။

မသိန်း ဝင်းအဝမှာ ငိုရှိုက်ရင်း စောင့်ဆိုင်းနေသည့်အတွက် မောင်မောင်က ဆိုင်ကယ်ကိုရပ်လိုက်သည်။

ကျွန်မသည် ဘာပြဿနာတွေများ တက်ပြန်ပြီလဲဟု တွေးကာ စိတ်မောသွားသည်။

''ဘာဖြစ်လို့လဲ မသိန်း''

''သခင်မလေး၊ မမမိုးနဲ့ ကိုပုကို ရဲတွေဖမ်းသွားကြပြီ''

''ဟင်''

ကျွန်မရင်ထဲ ဒိုင်းခနဲ ခုန်ဆောင့်သွားကာ လူမှာ မိုက်ခနဲ ဖြစ်သွားရလေသည်။

''ဖမ်းသွားတယ်၊ ရဲတွေ၊ ဘာဖြစ်လို့ဖမ်းရတာလဲ''

အိမ်အဝတွင်ရပ်နေသော ဒေါ်အိုဇာ ကျွန်မတို့ဆီ လျှောက်လာလေသည်။

''မပြောချင်တော့ပါဘူး သခင်မလေး၊ မေခင်မိုးမြင့်နဲ့မောင်ပု အုတ်ဂူဖောက်မှုနဲ့ အဖမ်းခံရတယ်လေ''

''ရှင် ့အုတ်ဂူဖောက်တယ်''

''ဟုတ်ပါတယ်၊ သခင်မကြီးဒေါ်နန်းကြာမိုးရဲ့ အုတ်ဂူကို သွားဖောက်တာပါ သခင်မလေး''

''ဘုရား ့ဘုရား''

''မောင်ပုကတော့ မေခင်မိုးမြင့် ခေါ်လို့ပါသွားတာပါ။ ဂူကို မောင်ပုက ဖောက်ပေးတာလေ၊ ကြံရာပါဖြစ်တာပေါ့''

''ကြီးကြီးအုတ်ဂူကို ဘာဖြစ်လို့ဖောက်ရတာလဲ၊ ဘာတွေဖြစ်ကုန်ပြီလဲ ဒေါ်အိုဇာရယ်''

ကျွန်မသည် မနက် ကော်ဖီသောက်စဉ်က မေခင်မိုးမြင့်ကို မတွေ့ရတာ သတိရမိသည်။ မနက်စောစောကတည်းက မင်းအိုင်ရွာထဲကိုသွားသည်ဟု ဆိုခဲ့သည်။ ကြီးကြီးအုတ်ဂူကိုဖောက်တာ ဘာရည်ရွယ်ချက်နဲ့လဲ။

မောင်မောင်က ဆိုင်ကယ်ကိုသိမ်းကာ အိမ်ထဲဝင်သွားသည်။ သူ့အမေအခန်းထဲသို့ တန်းဝင်သွား၏။

''ကယ်ပါဦး သခင်မလေး၊ ကိုပုနဲ့မမမိုးကို ကယ်ပါဦး''

မသိန်းက ငိုရှိုက်ရင်း တတွတ်တွတ် ပြောနေသည်။

''ကိုပု ဘာမှမသိပါဘူး၊ မမမိုး ခိုင်းလို့လုပ်ရတာပါ''

''မမမိုးကရော ဘာအတွက်ခိုင်းတာလဲ မသိန်း''

''မသိနိုး မသိပါဘူး သခင်မလေး၊ မနက်က အိမ်ကထွက်သွားတော့ မမမိုးနဲ့ကိုပု တခြားစီပါ။ နေ့လယ်က ရဲတွေဖမ်းသွားတယ်ဆိုမှ အတူတူဆိုတာ သိရတာ''

''ရဲက အိမ်လာဖမ်းတာလား''

''မဟုတ်ဘူး သခင်မလေး၊ ရွာထဲက လာအကြောင်းကြားလို့ သိရတာပါ။ ရွာထဲက အသုဘတစ်ခုချတာမှာ သူတို့နှစ်ယောက်ကို အုတ်ဂူဖောက်လျက် မိကြတာတဲ့လေ''

ဒေါ်အိုဇာက ဝင်ပြောလိုက်သည်။

''ဒီအချိန်မှတော့ ဘာမျှမတတ်နိုင်တော့ဘူး။ သူတို့ကို မြို့ဂါတ်တဲ ခေါ်သွားပြီ''

ဒေါ်အိုဇာက ဆက်ပြောသည်။

''မမ ့မေမေက မမကို ခေါ်ခိုင်းလိုက်ပါတယ်''

မောင်မောင်က အိမ်ထဲမှထွက်လာပြီး ပြောလိုက်သည်။

ကျွန်မသည် ဒေါ်နန်းခက်မာအခန်းထဲသို့ ဝင်ခဲ့လေ၏။

ဒေါ်နန်းခက်မာ ငိုရှိုက်နေသည်။ အိပ်ရာထဲမှ ထပင်မထိုင်နိုင်ဘဲ မောင်မောင်က ပွေ့ထူကာ ဖေးကိုင်ပေးထားရ၏။ သောကကြောင့် ဒေါ်နန်းခက်မာမှာ ယူပစ်လိုက်သလို ကျဆင်းသွားလေ၏။

ငိုရလွန်း၍ မျက်ခွံများမို့နေကာ ညှိုးနွမ်းသောအကြည့်ဖြင့် ကျွန်မကို ကြည့်နေသည်။

''မူရာ ့ကယ်ပါဦးကွယ်၊ မေမိုးကို ကယ်ပါဦး''

''မူရာ မြို့အချုပ်ကိုလိုက်သွားမှာပါ အန်တီ၊ ဒါပေမဲ့ အခု မိုးချုပ်နေပြီ။ ရုံးချိန်လည်းလွန်ပြီ၊ မနက်မှ သွားနိုင်တော့မယ် အန်တီ''

''မေမိုး မိုက်တယ်ကွယ်၊ သိပ်မိုက်တာပဲ''

''ကြီးကြီး အုတ်ဂူကိုဖောက်တယ်တဲ့။ ဘာအတွက်ဖောက်ရတာလဲ။ အန်တီ သိလား''

ဒေါ်နန်းခက်မာက ခေါင်းကိုငုံ့နေသည်။ ဘာမျှပြန်မပြောတော့။ အုတ်ဂူဖောက်တဲ့ရည်ရွယ်ချက်ကို သူမ သိနေပုံရသည်။

''အန်တီ ့အန်တီ ဘာမှမသိပါဘူး၊ သူဘာတွေလုပ်နေလည်း အန်တီ မသိဘူး။ ကယ်ပါဦး မူရာရယ်၊ ကယ်ပါဦး။ ရုံးတွေ ဂါတ်တွေလည်း တစ်ခါမျှမရောက်ဖူးဘူး။ မေမိုးတော့ ဒုက္ခပါပဲ''

''ရှေ့နေကြီးဦးစိုးမြင့်လည်း ရှိပါသေးတယ်၊ ရဲစခန်းကိစ္စတွေ မူရာလည်း နားတော့မလည်ဘူး။ အန်ကယ် ဦးစိုးမြင့်ကိုပဲ အကူအညီ တောင်းရတော့မှာပဲ။ လောလောဆယ်တော့ ဘာမျှမတတ်နိုင်ဘူး။ မနက်မှ မြို့ကို သွားနိုင်မှာလေ။ မောင်မောင် မနက်မြို့တက်ဖို့ စီစဉ်ထားပေတော့''

ကျွန်မက လိုအပ်သလောက်ပြောပြီး အခန်းထဲမှ ထွက်ခဲ့သည်။ ဒေါ်နန်းခက်မာကို နှစ်သိမ့်လိုစိတ်လည်း မရှိတော့ပါ။

***

ခရီးပန်းသည့်ဒဏ်၊ မောင်မောင်နှင့် အချေအတင်ပြောဆို စာရင်းရှင်းခဲ့ရသောကြောင့် စိတ်ပင်ပန်းမှု၊ ဤမြို့ အရောက်တွင်ကြုံရသော ပြဿနာများကြောင့်ကျွန်မမှာ အရုပ်ကြိုးပြတ်သလို စိတ်ဓာတ်ကျ နုံးခွေသွားရလေသည်။

တစ်ကိုယ်လုံးလည်း ညောင်းညာကိုက်ခဲနေသည်။

အခန်းတံခါးပိတ်ကာ အိပ်ရာပေါ် လဲလျောင်းနေလိုက်၏။ အနှိပ်ဘုလေးကို ကျောအောက်မှာခံလျက် အညောင်းဖြေနေမိသည်။

ကြုံလာရသောအဖြစ်များက တစ်ခုမျှ စိတ်သက်သာဖွယ် မကောင်း။ ရွှေဖီမိုးမှာ ဆက်လက်နေထိုင်လိုစိတ်ပင် မရှိတော့ပေ။

***

၁၇

နောက်တစ်နေ့မှာ မနက်စောစောပင် မြို့ကိုထွက်ခဲ့လေသည်။

ညတွင်းချင်း အိမ်မှထွက်သွားပါမည်ဆိုသော မောင်မောင်လည်း စကားတစ်ခွန်းမျှမပြောဘဲ တိတ်ဆိတ်နေ၏။

မြို့ရောက်တော့ ကျွန်မက ဦးစိုးမြင့်ဆီကို အရင်သွားခိုင်းလိုက်သည်။ ရဲစခန်းကိစ္စ၊ အာမခံရအောင်လုပ်ဖို့ ကိစ္စတွေကို ကျွန်မ တစ်ခုမျှ နားမလည်ပါ။ ရှေ့နေဖြစ်သောဦးစိုးမြင့်ကိုသာ အကူအညီတောင်းရပေတော့မည်။

ကျွန်မတို့ရောက်သွားတော့ ဦးစိုးမြင့်က မေခင်မိုးမြင့်ကိစ္စကို သိပြီးဖြစ်နေတာ တွေ့ရသည်။ ကျွန်မ ရောက်လာမယ်ဆိုတာလည်း မျှော်လင့်ထားပြီးဖြစ်ပုံရ၏။

ချက်ချင်းပင် တရားရုံးကို လိုက်လာပေးသည်။

မေခင်မိုးမြင့်တို့ကိုလည်း တရားရုံးအချုပ်ထဲတွင် တွေ့ရသည်။ မေခင်မိုးမြင့်မှာ လက်ထိတ်ခတ်ခံထားရသည်။ ကျွန်မနှင့် မောင်မောင့်ကို အမြင်တွင် မေခင်မိုးမြင့် ငိုလေတော့သည်။

ဦးစိုးမြင့်က ရုံးထုတ်ပြီးချိန်အထိစောင့်ဆိုင်းကာ အာမခံရရှိရေးကိစ္စများကို ဆောင်ရွက်ပေးပါသည်။ မေခင်မိုးမြင့်နှင့်ကိုပုအတွက် အာမခံမည့်သူများကို ရှာဖွေငှားရမ်းရသည်။

ကိစ္စအားလုံးပြီးချိန်တွင် မေခင်မိုးမြင့်နှင့်မောင်ပုကို အိမ်ပြန်ခေါ်ခွင့်ရလိုက်၏။

အန်ကယ်ဦးစိုးမြင့်ခမျာလည်း အတော်ပင် ပင်ပန်းသွားရှာလေသည်။

ကျွန်မက အားလုံးကို ထမင်းဆိုင်တစ်ဆိုင်သို့ ခေါ်ခဲ့လေသည်။

ထမင်းမှာစားကြရင်းမှ ကျွန်မက မေခင်မိုးမြင့်ကို မေးလိုက်၏။

''ကြီးကြီးအုတ်ဂူကို ဘာလို့ဖောက်ရတာလဲ မမမိုး''

''ရတနာတွေရှာတာပါ''

''ရှင် ့ရတနာတွေရှာတယ်''

''ဟုတ်တယ် မူရာ။ ပတ္တမြားလည်ဆွဲရော၊ ရတနာတွေရော ပျောက်နေတယ် မဟုတ်လား။ အိမ်မှာလည်း ဘယ်နေရာမှာမျှရှာလို့ မတွေ့ဘူးလေ။ ဟိုတစ်နေ့က မူရာနဲ့စကားပြောဖြစ်တော့ မူရာက ကြီးကြီးရဲ့ တောင်ဝှေး ကြီးအကြောင်းထည့်ပြောမှ မမမိုးလည်း စိတ်ထဲက ထင်မိတာ''

''ဘာကိုလဲ''

''ရတနာတွေကို တောင်ဝှေးထဲ ထည့်ထားတာ ဖြစ်နိုင်တယ်လို့ပေါ့''

မေခင်မိုးမြင့်စကားကို အားလုံးက စိတ်ဝင်တစားနားထောင်နေကြသည်။

''တောင်ဝှေးဟာ အတွင်းမှာ အခေါင်းပေါက်လုပ်ထားတာ မမမိုးသိတယ် မူရာ။ တောင်ဝှေးအခေါင်း ပေါက်ထဲမှာ ထည့်ထားလို့ ရတယ်လေ။ သေချာအောင် မမမိုး ဦးဒိဗ္ဗကို သွားမေးပါသေးတယ်''

ဦးဒိဗ္ဗဆိုသည်မှာ ကျွန်မရောက်ခါစက မြင်းလှည်းနှင့်တင်ခေါ်လာသော အခေါင်းလုပ်ရောင်းသည့် အဘိုးကြီး ဖြစ်ပါသည်။

''တောင်ဝှေးကို ဦးဒိဗ္ဗ လုပ်ပေးထားတာလေ။ ဦးဒိဗ္ဗကလည်း ပစ္စည်းထည့်လို့ရအောင် အခေါင်းပေါက်နဲ့ လုပ်ပေးခဲ့တယ်လို့ ဝန်ခံတယ်'

ဗီဒီယိုစီဒီထဲတွင် မြင်ခဲ့သော ကြီးကြီး၏ တောင်ဝှေးကြီးကို မြင်ယောင်မိသည်။ တောင်ဝှေး၏လုံးပတ်မှာ သာမန်ရှိသင့်သည့်အရွယ်ထက် ကြီးမားနေပါသည်။ ကျွန်မကို ကိုယ်ထင်ပြသည့် ကြီးကြီးဝိညာဉ်သည် ထို တောင်ဝှေးကြီးကို ကိုင်ထားဆဲဖြစ်သည်။

''မမမိုးတို့က ကြီးကြီးကိုသင်္ဂြိုဟ်တော့ တောင်ဝှေးကြီးကိုပါ ထည့်လိုက်တယ်လေ''

''အုတ်ဂူဖောက်တော့ တောင်ဝှေးတွေ့လား၊ ရတနာတွေရော တွေ့လား''

''တောင်ဝှေးကို တွေ့ပါတယ်။ ရတနာတွေတော့ တောင်ဝှေး အခေါင်းပေါက်ထဲမှာ မတွေ့ရဘူး''

အုတ်ဂူဖောက်၍ အခေါင်းထဲမှ တောင်ဝှေးကို ထုတ်ယူနိုင်ချိန်တွင် အသုဘချလာသောလူစုနှင့် တိုးမိခြင်းဖြစ်သည်။ ရွာသားများက ရဲကင်းကိုအကြောင်းကြား၍ အချိန်မီလာရောက်ဖမ်းဆီးရာမှ အဖမ်းခံရခြင်းဖြစ်ပါသည်။

''ဖြစ်ရလေ မမိုးရယ်၊ အမွေပစ္စည်းဆိုတာ ထိုက်မှစံရတယ်လို့ မူရာပြောသားပဲ''

ရတနာပစ္စည်းများကို ကျွန်မကိုယ်တိုင် ဥပေက္ခာထားနိုင်ပါလျက် မေခင်မိုးမြင့်က မဆီမဆိုင် ဘာလို့လောဘတက်နေရတာလဲ။ ထိုအတိုင်း ကျွန်မက မေးလိုက်ချင်သော်လည်း စိတ်နှလုံးညှိုးနွမ်းနေချိန်ဖြစ်၍လည်းကောင်း၊ အနက်ကယ်ဦးစိုးမြင့်ရှေ့မှာ ဖြစ်နေ၍လည်းကောင်း ကျွန်မ မျိုသိပ်လိုက်ပါသည်။

''ဒီအတိုင်းဆိုရင် ရတနာတွေ ဒေါ်အိုဇာ ခိုးထားတာ သေချာပါပြီ''

''တော်ပါတော့မမိုးရယ်၊ တော်ပါတော့''

♛ ♛ ♛ ♛ ♛

## ၁၈

ထို့နောက်ပိုင်းတွင် ရွှေဖီမိုး၏ အနေအထားမှာ အလုံးစုံ ပြောင်းလဲသွားပါတော့သည်။

မောင်မောင် အိမ်ပေါ်မှဆင်းသွားခဲ့သည်။

ဒေါ်နန်းခက်မာ၏အခြေအနေမှာ အတော်ဆိုးဝါးသွားလေသည်။ မေခင်မိုးမြင့်အဖမ်းခံရခြင်း၊ ဗမာင်မောင်အိမ်ပေါ်မှဆင်းသွားခြင်းများကြောင့် သူမ စိတ်ဓာတ်ကျသွားသည်။ နဂိုကပင် နှလုံးရောဂါသည်မို့ စိတ်ဝေဒနာစုပြုံခံစားလိုက်ရသည့်အခါ ခပ်ယဲ့ယဲ့ပင် ရှိပေတော့၏။

မေခင်မိုးမြင့်က ဆရာဝန်ပင့်ချင်ပါသည်ဆို၍ မြို့မှဆရာဝန်ကို ခေါ်ပေးရသည်။ မင်းအိုင်အထိ ဆရာဝန်ခေါ်ရခြင်းမှာ မလွယ်ပါ။ ခြေကြွခအပြင် ဆရာဝန် သူ့ကားနဲ့သူလာခြင်းအတွက် ဓာတ်ဆီဖိုးပါပေးရသည်။

ကုန်ကျစရိတ်များအတွက် ကျွန်မ မငြိုငြင်ခဲ့ပါ။ ဒေါ်နန်းခက်မာကို အစွမ်းကုန် ကျွန်မ ကုသပေးခဲ့ပါသည်။ ဆရာဝန် နေ့စဉ်ပင့်ရန် လိုအပ်လျှင်လည်း ကျွန်မ ပင့်ပေးမည်ဖြစ်ပါသည်။

သို့သော် ဆရာဝန်က ခေါင်းခါခဲ့သည်။ သူ နောက်တစ်ကြိမ်လာရန် မလိုအပ်တော့ကြောင်း ယတိပြတ်ပြောကြားခဲ့သည်။

''လူနာကို စိတ်ချမ်းသာအောင်သာ ထားပါ''

ဆရာဝန်က ပြောခဲ့သည်။

ဒေါ်နန်းခက်မာ ရောဂါသည်းသွားရခြင်းအကြောင်းမှာ စိတ်ထိခိုက်မှုဒဏ်ကြောင့်ဖြစ်သလို နေ့စဉ်အချိန်မှန်သောက်ရမည့်ဆေးများ မသောက်ဖြစ်တာလည်း ပါလေသည်။

မထင်မှတ်ဘဲ မေခင်မိုးမြင့် အဖမ်းခံလိုက်ရခြင်းကြောင့် ထိုနေ့တွင် ပုံမှန်တိုက်ရမည့်ဆေးများ လွတ်သွားခဲ့လေသည်။ မေခင်မိုးမြင့်ကလည်း အချိန်မီပြန်ရောက်မည်ထင်ကာ မသိန်းနှင့်ဒေါ်အိုဇာကို ဆေးတိုက်ရန်မှာမထားခဲ့။ ထိုနေ့က ကျွန်မနှင့် မောင်မောင်ကလည်း ညောင်တန်းကို ရောက်နေသည်။

မေခင်မိုးမြင့်သည် ဒေါ်အိုဇာကိုသာ မဆီမဆိုင် ရန်လုပ်နေတော့သည်။ သူ့အမေကို ဒေါ်အိုဇာ မကြည့်လို့ ရောဂါသည်းရတာဟု စွပ်စွဲသည်။

တကယ်တော့ မေခင်မိုးမြင့်သည် အုတ်ဂူဖောက်သည့်ပြစ်မှုဖြင့် အဖမ်းခံရခြင်းကို ရှက်နေသည်။ ရတနာတွေအပေါ်မှာထားတဲ့ သူမလောဘကို လူသိသွား၍ စိတ်မလုံမလဲ ဖြစ်နေသည်။ နဂိုကပင် ဒေါ်အိုဇာကို မုန်းတီးနေ၍ မကျေနပ်မှုအားလုံးကို ဒေါ်အိုဇာအပေါ် စုပြုံဖောက်ခွဲနေခြင်းဖြစ်ပါ၏။

''အလကား ့အိမ်မှာ ကျွန်လုပ်နေပြီး ဘာမျှအားမကိုးရဘူး။ ငါ့အမေကို သေအောင်သတ်နေတာ''

''ညည်းအမေကို ငါဘယ်တုန်းက ပြုစုဖူးလို့လဲ။ ညည်းဟာညည်း လောဘတက်ပြီး ဂရုမစိုက်လို့ဖြစ်ရတာ၊ ငါနဲ့ဘာမှမဆိုင်ဘူး''

''ကြည့်စမ်း ့ကြည့်စမ်း၊ ကျွန်မကြီးကများ ပြန်ပြောလို့။ ရှင် ဒီအိမ်မှာ ခိုကပ်နေရင် ဒီအိမ်တာဝန်တွေ ရှင့်မှာရှိတာ ရှင် မသိဘူးလား''

''ဟေ့ ့မေခင်မိုးမြင့်၊ ငါ ညည်းတို့ကျွန် မဟုတ်ဘူး။ ငါက သခင်မလေး ကျွန်။ ငါ့အရှင်သခင်ဆိုလို့ ခုအချိန်မှာ သခင်မလေးတစ်ယောက်ပဲ ရှိတော့တယ်။ ညည်းသာ ကျေးဇူးမသိတတ်တဲ့ ကောင်မ။ သခင်မကြီးအုတ်ဂူကို သွားဖောက်သတဲ့။ ကြားလို့ကောင်းသေးရဲ့လား အရပ်ကတို့။ သခင်မကြီးရဲ့ဝိညာဉ်ကို သွားနှောင့်ယှက်တဲ့ ကျေးဇူးကန်းမ။ ညည်းတော့ ငရဲအိုးဖောက်ထိုးကျမှာ မြင်ယောင်သေးတယ်''

''ဟဲ့ ့ကျွန်မကြီး၊ ကြီးကြီးပစ္စည်းတွေ နင်ခိုးတာ မဟုတ်လား။ နင် ခိုးထားလို့ ဘယ်လိုရှာရှာ မတွေ့တာ၊ မူရာကျော့ယဉ်ကို အရှင်သခင်လို့သတ်မှတ်ရင် ပစ္စည်းတွေ မူရာ့လက်ထဲ အပ်လိုက်ပါလား။ သူခိုးမကြီး ့ကျွန်မကြီး' '

ပြောရင်းမှ နှစ်ဖက်စလုံး၏စကားအသုံးအနှုန်းများမှာ ကြမ်းတမ်းရိုင်းစိုင်းလာလေပြီ။

''ဟေ့ ့ငါ့ကျေးဇူးရှင်တွေကို ငါကျွန်ခံနေတယ်။ ဘာဖြစ်သလဲ။ ငါ့လုပ်အားနဲ့ငါ ကျွန်လုပ်ပြီး စားနေတယ်။ ညည်းတို့လို တော်ပြတ်လို့ သောက်ရှက်မရှိ ဒီအိမ်မှာ လာကပ်စားနေတာ မဟုတ်ဘူး''

ဒေါ်အိုဇာကလည်း စကားတတ်လှသည်။ အာဂအဘွားကြီးပါတကား။

မေခင်မိုးမြင့်သည် အနာပေါ်တုတ်ကျသွား၍ ဆွေ့ဆွေ့ခုန်သွားလေသည်။

''ဟင် ့ကြည့်စမ်း ့ကြည့်စမ်း၊ ကျွန်ကများ လူပါးဝလို့၊ မူရာ ဒီမိန်းမကြီးကို အိမ်ပေါ်ကနှင်ချပစ်လိုက်ပါ''

''ဟာဟာ ့ရယ်ရယ်ချင်သေး၊ ဒီအိမ်ပေါ်မှာ မနေသင့်တာ ဘယ်သူလဲ။ ညည်းသာ ဆန်ကုန်မြေလေးနေတဲ့ ကျေးဇူးကန်းမ။ သခင်မလေးကသာ နှင်ချရင် စက္ကန့်မဆိုင်းဘူး။ မိအိုဇာတို့က ဆင်းသွားမယ်။ သခင်မလေး ့ဒေါ်အိုဇာ ကို သခင်မလေးကိုယ်တိုင် အလိုမရှိတော့ရင် နှင်ချလိုက်ပါရှင့်''

''အို ့တော်ကြပါတော့၊ တော်ကြပါတော့။ လူကြားလို့ မကောင်းပါဘူး။ မူရာ တောင်းပန်ပါတယ်၊ တော်ကြပါတော့နော်''

ကျွန်မကပင် ကြားဝင်တောင်းပန်လိုက်ပါ၏။

မည်မျှအရုပ်ဆိုးသနည်းဆိုသော် ထမင်းဝိုင်းတွင် ထမင်းစားရင်း ရန်ဖြစ်နေကြခြင်းဖြစ်ပါသည်။

''မေ ့မိုး၊ အေ ့မေမိုး''

ဒေါ်နန်းခက်မာအခန်းထဲမှ ခေါ်သံယဲ့ယဲ့ထွက်လာသည်။

မေခင်မိုးမြင့် လက်ဆေးကာ ထမင်းဝိုင်းမှထသွား၏။

ကျွန်မလည်း ထမင်းဆက်စားလိုစိတ် မရှိတော့၊ ထမင်းဝိုင်းမှ ထလိုက်သည်။

''ကဲ ့ဒေါ်အိုဇာ၊ ကျွန်မကို အိမ်ပေါ်ထပ်လိုက်ပို့စမ်းပါ။ လုပ်စရာရှိတာတွေ မသိန်းကို လုပ်ခိုင်းထားလိုက်တော့''

သူတို့နှစ်ယောက်မျက်နှာချင်းဆိုင်နေလျှင် ဆက်ရန်ဖြစ်နေမည် စိုး၍ ခွဲထုတ်လိုက်ခြင်းဖြစ်ပါသည်။

♛ ♛ ♛ ♛ ♛

## ၁၉

ကျွန်မသည် ဆူညံသောအသံကြောင့် ညသန်းခေါင်အချိန်တွင် လန့်နိုးလာသည်။

အစတော့ ကြီးကြီး၏ဝိညာဉ်ရောက်လာပြန်ပြီဟု ယောင်ယမ်း ထင်မှတ်လိုက်မိသေး၏။

အသံမှာ အောက်ထပ်ဆီမှ ထွက်ပေါ်လာခြင်းဖြစ်ပါသည်။

''အမယ်လေး ့မေမေရဲ့ သမီးကို ထားခဲ့ပြီလား''

မေခင်မိုးမြင့် အသံပါလား။

ကျွန်မ အိပ်ချင်စိတ်တို့ပျောက်သွားကာ အိပ်ရာပေါ်ထထိုင်လိုက်သည်။

လှေကားမှ ပြေးတက်လာသောအသံနှင့်အတူ ကျွန်မအခန်းဆီ ဦးတည်လာနေသော ခြေသံကို ကြားလိုက်ရပြန်သည်။

ခြေသံက ကျွန်မ အခန်းရှေ့တွင်ရပ်သွားကာ တံခါးခေါက်သံ ပေါ်လာ၏။

''သခင်မလေး ့သခင်မလေး''

မသိန်းအသံပါလား။

''မူရာ နိုးနေပြီ မသိန်း''

''အန်တီနန်းခက်မာ ဆုံးသွားပါပြီ သခင်မလေး''

''အေး ့ငါဆင်းခဲ့မယ်၊ ကိုမောင်ပုကို မီးစက်ဖွင့်ခိုင်းထားလိုက်''

''ဟုတ်ကဲ့ ့သခင်မလေး''

ကျွန်မက လက်နှိပ်ဓာတ်မီးအရောင်ဖြင့်ပင် အောက်ထပ်သို့ ဆင်းခဲ့သည်။

နာရီကိုကြည့်လိုက်တော့ ည ၂ နာရီရှိချေပြီ။

♛ ♛ ♛ ♛ ♛

## ၂၀

အိမ်ကြီးသည် အသုဘအိမ်အဖြစ် ပြောင်းလဲသွားလေ၏။

ဒေါ်နန်းခက်မာ ဘယ်အချိန်မှာဆုံးသွားမှန်း တိတိကျကျ မသိရပေ။ အခန်းထဲတွင် စောင့်အိပ်သော မေခင်မိုးမြင့်က အပေါ့အပါး ထသွားပြီးမှ အပြန်တွင် ခြင်ထောင်ကိုလှပ်ကြည့်ရာ သေဆုံးနေကြောင်း တွေ့ရသည်ဟု ဆိုသည်။

ကျွန်မတို့လည်း ည ၂ နာရီမှ မနက်မိုးလင်းသည်ထိ ပြန်မအိပ်ဖြစ်ကြတော့ပေ။ အသုဘရှိနေပြီမို့ မီးစက်ကို အချိန်ပြည့် စက်နှိုးထားလိုက်ရတော့သည်။

မနက်ရောက်တော့ သက်ဆိုင်ရာရွာအာဏာပိုင်များကို ကိုမောင်ပုအား လွှတ်၍အကြောင်းကြားခိုင်းလိုက်ရသည်။ အသုဘကိစ္စ မည်သို့ ဆောင်ရွက်ရမည်ကို ကျွန်မ မသိပါ။ ကြီးကြီးဆုံးစဉ်က လုပ်ဆောင်ခဲ့သည်များကို မှတ်မိနေ၍ ကိုမောင်ပုကပင် ဦးဆောင်သွားခဲ့သည်။

မောင်မောင်လည်း အိမ်ပြန်ရောက်လာ၏။ မောင်မောင် အိမ်ပေါ်ကဆင်းသွားတာ နှစ်ရက်ပဲရှိသေးသည်။ မောင်မောင်သည် မင်းအိုင်ရွာထဲမှာပင်ရှိနေ၍ ချက်ချင်းရောက်လာခြင်းဖြစ်သည်။

မေခင်မိုးမြင့်က မောင်မောင့်ကို အပြစ်ဆိုနေသည်။

''ကိုယ့်အမေ အခြေအနေမကောင်းမှန်းသိလျက်နဲ့ အနားမှာ မနေဘူး။ မေမေ့ခမျာ သေခါနီး သူ့သား မျက်နှာကို မြင်မသွားရတော့ဘူးပေါ့။ မင်း ဘာလို့အိမ်ကထွက်သွားတာလဲလို့ မေမေက တစ်မေးတည်း မေးနေတာ''

မောင်မောင်သည် ကျွန်မနှင့်ပဋိပက္ခဖြစ်ပုံကို အမေနှင့် အစ်မအား အသိပေးပုံမရပါ။

ကိုမောင်ပုနှင့်အတူ ရွာထဲက လူငယ်လေးများပါလာ၍ အလောင်းကိုပြင်ဆင်ကြသည်။ အခေါင်းမှာ အဆင်သင့်ရှိပြီးသားဖြစ်၍ တော်ပါသေးသည်။

ဒေါ်နန်းခက်မာ၏အလောင်းကို အိမ်ရှေ့ခန်းတွင် ပြင်ဆင်ထားလိုက်သည်။

မောင်မောင်က အခေါင်းဘေးကကွက်လပ်တွင် ဒေါ်နန်းခက်မာ၏အသက်ကို သင်္ဘောဆေးဖြင့် ရေးဖြည့်လိုက်ပါသည်။

### ဒေါ်နန်းခက်မာ
### အသက် (၅၄) နှစ်

နေ့လယ်ပိုင်းတွင် ကောင်စီဥက္ကဋ္ဌကြီးနှင့် ရွာလူကြီးတချို့ ရောက်လာကာ သတင်းမေးကြ၏။ ကောင်စီစာရေး လည်းပါလာကာ သေစာရင်းကို တစ်ပါတည်း ပြုလုပ်ပေးပါသည်။

အုတ်ဂူပြုလုပ်ဖို့ကိစ္စ၊ အသုဘချမည့်ရက်များကို လူကြီးများနှင့် ညှိနှိုင်းရသည်။ ဒေါ်နန်းခက်မာ၏အသုဘကို ရွှေဖီမိုးမိသားစုများ မြှုပ်နှံသည့် သင်္ချိုင်းထဲမှ သီးသန့်နေရာတွင် မြှုပ်နှံရမည်ဖြစ်ပါ၏။

ရပ်ရွာက သိုင်းသိုင်းဝိုင်းဝိုင်းဖြင့် လာကူပေး၍ ကျွန်မ အထိုက်အလျောက် အသက်ရှူချောင်သွားရသည်။ ယခုအချိန်တွင် ရွှေဖီမိုးအိမ်ကြီး၏ ကိစ္စအဝဝကို ကျွန်မသာ ဦးဆောင်ဖြေရှင်းရတော့မည် မဟုတ်ပါလား။

လူကြီးများရောက်နေချိန်၌ မေခင်မိုးမြင့် အိမ်ရှေ့သို့ထွက်မလာခဲ့ချေ။ အုတ်ဂူဖောက်မှုဖြင့် ဖမ်းချုပ်ခံရသည့် ကိစ္စအတွက် သူမ ရှက်နေပုံရသည်။

***

နောက်တစ်နေ့တွင် မောင်မောင့်ကို ဆိုင်ကယ်ဖြင့် မြို့သို့ လိုက်ပို့ခိုင်းရပြန်သည်။ ဘဏ်မှငွေများထုတ်ရန် ဖြစ်ပါသည်။

ကျွန်မလက်ထဲ၌ လက်ကျန်ငွေ များများစားစားမရှိတော့ပါ။ မမျှော်လင့်ဘဲ အသုဘကိစ္စပေါ်လာ၍ ငွေအတော် ကုန်သွားခဲ့၏။ အထူးသဖြင့် ဓာတ်ဆီဖိုးငွေမှာ ဘတ်ဂျက်ကို အတော်ထိခိုက်စေပါသည်။ အသုဘအိမ်ဖြစ်နေ၍ မီးစက်ကို တစ်ညလုံးဖွင့်ထားရသည်။ ညနေ ၆နာရီမှ မနက် ၆နာရီအထိ စက်နှိုးထားရ၏။ ဆီကို ပေပါတစ်လုံးလိုက် ဝယ်လိုက်ရလေသည်။

အုတ်ဂူပြုလုပ်ဖို့၊ ရက်လည်ဆွမ်းသွပ်ဖို့ ငွေကုန်စရာကိစ္စများ ရှိနေပါသေးသည်။

ညပိုင်းတွင် ရွာထဲမှလာစောင့်ပေးသောလူငယ်များ ဖဲဝိုင်းပြုလုပ်သည်ကို မနှစ်မြို့သော်လည်း ခွင့်ပြုထားရပါသည်။

''မင်းအိုင်ရွာထဲမှာ နှစ်ရက်လုံး မင်းဘာလုပ်နေသလဲ မောင်မောင်''

ကျွန်မက ဆိုင်ကယ်နောက်ခုံမှထိုင်လိုက်လာရင်း မောင်မောင့်ကို မေးလိုက်သည်။

''မောင်မောင် မြို့ကိုသွားမလို့ပါ၊ ရွာထဲမှာ မောင်မောင် အလုပ်ရနေလို့ လုပ်နေတာပါ မမ''

''အလုပ်ရနေတယ်''

''ဟုတ်ကဲ့၊ သစ်စက်မှာ လုပ်နေတာပါ မမ''

''ဩော် ဘာတွေလုပ်ရသလဲ မောင်မောင်''

''မောင်မောင့်ကို စာရင်းဇယားလုပ်ခိုင်းတာပါ၊ လိုအပ်ရင်လည်း သစ်တွေဘာတွေ ကူသယ်ပေးရတာပေါ့ မမရယ်''

''ဟင် မင်းကို ဘယ်လိုပေးလဲ မောင်မောင်''

''တစ်နေ့ ငါးရာ ပေးပါတယ်''

ကျွန်မက သက်ပြင်းချလိုက်သည်။

''ငါးရာနဲ့တော့ မင်း ဘယ်လိုရပ်တည်နိုင်မှာလဲ မောင်မောင်ရယ်''

''ထမင်းတော့ ကျွေးပါတယ်။ သူတို့လည်း ဒါလောက်ပဲ ပေးနိုင်တယ် မမ။ စက်ကလည်း သစ်စက် သာဆိုတယ် လွှစင်သာသာပါ မမရယ်။ စက်ပိုင်က မောင်မောင့် သူငယ်ချင်းအဖေမို့လို့ မောင်မောင့်ကို အလုပ်ပေး ထားတာပါ''

''အိမ်ကိုပဲ ပြန်လာခဲ့ပါလား မောင်မောင်''

''မေမေ မရှိတော့ဘူးဆိုတော့ မောင်မောင် ပိုပြီး မနေသင့်သေးတယ်''

ကျွန်မတို့ စကားပြတ်သွားကြသည်။

***

ဘဏ်မှငွေထုတ်အပြီးတွင် ရှေ့နေကြီးဦးစိုးမြင့်ဆီဝင်ကာ ဒေါ်နန်းခက်မာကွယ်လွန်သွားကြောင်း ဝင်ပြောလိုက် ၏။

''တောအရပ်မှာနေရတော့ အစစအရာရာ ခက်လိုက်တာ အန်ကယ်ရယ်။ မြို့လာတာတောင် ဆိုင်ကယ်လေး ရှိလို့ပေါ့။ မီးမရှိတော့ မီးစက်အတွက် သုံးရတဲ့ငွေကတင် မနည်းဘူး''

ကျွန်မက ညည်းညူမိသည်။

''အေး ့ဒေါ်နန်းကြာမိုးက ရှေးလူကြီးမို့ အန်ကယ်လည်း မပြောခဲ့ဘူး။ မူရာကျော့ယဉ်ကိုတော့ အန်ကယ် အကြံပေးချင်တယ်။ မင်းတို့ မြို့ပေါ်မှာ ပြောင်းနေကြပါလား''

''ကျွန်မ လက်ထက်ကျမှ ဒီလိုပြန်ပြောင်းလို့ ကောင်းပါ့မလား အန်ကယ်။ အဘိုးအဘွားတွေက သချိုင်းက အစ မင်းအိုင်မှာ အခြေချထားတာ မဟုတ်လား။ ကျွန်မဘိုးဘွားတွေဟာ စော်ဘွားမျိုးနွယ်တွေဖြစ်လျက်နဲ့ တောထဲ မှာနေနေတာ ကျွန်မဖြင့် နားမလည်နိုင်ဘူး''

''ဒါက ဒီလိုရှိတယ် မူရာကျော့ယဉ်၊ မင်းအိုင်ကို ပြောင်းသွားတာ မင်းအဘိုးလက်ထက်ကျမှပါ။ ဒီ့အရင်က ဘိုးစဉ်ဘောင်ဆက် မြို့ပေါ်မှာ ဟော်နန်းကြီးနဲ့ နေခဲ့ကြတာကွယ့်။ မင်းအဘိုးလက်ထက်ရောက်တော့ အုပ်ချုပ်မှုစနစ် တွေပြောင်းပြီး စော်ဘွားအာဏာကို လက်လွှတ်လိုက်ရတယ်လေ။ ဟော်နန်းကြီးကိုလည်း ပြည်သူပိုင်သိမ်းလိုက်တယ်။ ဒါတွေကို စိတ်နာပြီး ရာဇမာန်နဲ့ မင်းအဘိုးက တောထဲပြောင်းနေခဲ့တာပဲ''

''သြော် ့ဒီလိုလား''

ဦးစိုးမြင့်ရှင်းပြမှပင် ကျွန်မ ဇာတ်ရည်လည်ပေတော့သည်။

''မင်းလို ပညာတတ်မိန်းကလေးတစ်ယောက်အဖို့ တောရွာမှာနေတာ သဘာဝမကျပါဘူး။ မင်းတတ်ထားတဲ့ ပညာတွေ အလဟဿ ဖြစ်ကုန်မှာပေါ့။ မင်းတို့မှာ ခြံလုပ်ငန်းတွေလည်း ရှိနေတယ်။ ဒါတွေကို မြို့ပေါ်မှာနေပြီး အနီး ကပ်အုပ်ချုပ်သင့်တယ်''

''ဒါတော့မှန်ပါတယ် အန်ကယ်၊ ပန်းတောနဲ့ညောင်တန်းကို ကျွန်မ ရောက်ပြီးပါပြီ။ အလုပ်လုပ်တာတွေက ရှုံးလုပ်ငန်းမဆန်ဘူး။ စနစ်မကျဘူး၊ ကျွန်မလည်း စိတ်တိုင်းမကျပါဘူး။ စနစ်တကျ ဖိဖိစီးစီးလုပ်ရင် လုပ်ငန်းတွေ ဒါ့ထက် အောင်မြင်မယ် ထင်ပါတယ်''

''ဟုတ်တာပေါ့၊ ဒီတော့ မင်း မြို့ပေါ်မှာပြောင်းနေဖို့ စဉ်းစားပေတော့။ အစဉ်အမြဲ မဟုတ်တောင် မြို့ပေါ် မှာနေပြီး အလုပ်လုပ်၊ ရံဖန်ရံခါ မင်းအိုင်ကိုပြန်ပေါ့ကွယ်''

''ဟုတ်ကဲ့ အန်ကယ်၊ အကြံပေးတာ ကျေးဇူးတင်ပါတယ်''

♛ ♛ ♛ ♛ ♛

## ၂၁

သည်လိုနှင့် အသုဘကိစ္စမှာ ပြီးစီးသွားလေသည်။

သုံးရက်မြောက်သောနေ့တွင် အသုဘချခဲ့သည်။

ညပိုင်းလာစောင့်ပေးသူများရှိနေ၍ မီးစက်ကို နှိုးပေးထားရဆဲ၊ ဖဲဝိုင်းကလည်း ရှိနေဆဲပင်။

ခုနစ်ရက်ပြည့်၍ ရက်လည်ဆွမ်းသွတ်ပြီးမှပင် နာရေးကိစ္စ နိဂုံးချုပ်သွားလေ၏။

မောင်မောင်လည်း သူ့အလုပ်ရှိရာ ပြန်သွားသည်။ လက်ရှိအလုပ်နှင့်တင်းတိမ်မနေဘဲ မြို့တက်အလုပ်ရှာဦးမည်ဟု ပြောသွားလေသည်။

ကျွန်မသည် မောင်မောင့်ကို တားမြစ်ဖို့ရာ ခက်နေသည်။ တားလိုက်ပါက သူ့အချစ်ကို လက်ခံလိုက်ရာကျသွားလိမ့်မည်။ ကျွန်မမှာ ဒေါ်နန်းခက်မာ ပြောသွားသောစကားများကြောင့် ရင်ထဲမှာ အကျိတ်အခဲ ရှိနေဆဲပင်။

မောင်မောင်သည် သည်တစ်ခါတော့ သူဘာကြောင့် သည်အိမ်မှာ မနေချင်တော့တဲ့အကြောင်းကို သူ့အစ်မ မေခင်မိုးမြင့်အား ပြောပြသွားဟန်တူသည်။

မေခင်မိုးမြင့်၏ ရန်လိုစိတ်များက ဒေါ်အိုဇာ့အပေါ် လှည့်လာပြန်၏။ ဒေါ်အိုဇာ့ကို မကြားတကြား ရန်လုပ်နေတော့၏။

''ကိုယ့်ထမင်းကိုယ်စားပြီး ဟိုစကားဒီပို့ ဒီစကားဟိုပို့ လုပ်တာတော့ အောက်တန်းကျလွန်းတယ်။ ကိုယ့်အဆင့်အတန်းကိုယ် ဖော်ပြတာပဲ''

တစ်နေ့တွင် ထမင်းဝိုင်း၌ မေခင်မိုးမြင့်ကိုမတွေ့၍ ကျွန်မက မေးလိုက်သည်။

''မမမိုး သူ့ဟာသူ အိုးခွဲချက်စားနေပါတယ် သခင်မလေး''

မသိန်းက ဖြေသည်။

''ဘယ်လို အိုးခွဲချက်စားတယ်၊ ဟုတ်လား''

''ဟုတ်ပါတယ် သခင်မလေး''

''ဘယ်လိုဖြစ်ရတာလဲ၊ မမမိုးကို ခေါ်ပါဦး''

မသိန်းကိုခေါ်ခိုင်းလိုက်ရာ မေခင်မိုးမြင့် ရောက်လာလေ၏။

''မမမိုးက အိုးခွဲပြီး သတ်သတ်ချက်စားနေတယ်ဆို၊ ဘာဖြစ်လို့လဲဟင်''

''ဒေါ်အိုဇာက မမမိုးကို အဆိပ်ခတ်မှာစိုးလို့ပါ''

''အို''

ကျွန်မက မေခင်မိုးမြင့်ကို ဂရုစိုက်ကြည့်လိုက်ရာ သူမ၏ မျက်လုံးများ မှုမမှန်ပုံကို တွေ့လိုက်ရလေသည်။ မေခင်မိုးမြင့်တစ်ယောက် စိတ်မှကောင်းသေးရဲ့လား။

''မဟုတ်တာ မမမိုးရယ် ့ကိုယ့်အိမ်သားအချင်းချင်း ဒီလို လုပ်ပါ့မလား''

''ကိုယ့်အိမ်သား မဟုတ်ပါဘူး မူရာ၊ သူက ကျွန်ပဲ''

''အို ့မမမိုးကလည်း''

''ဒီကျွန်မကြီးကို ကြပ်ကြပ်မျက်နှာသာပေး မူရာ၊ မူရာ မျက်နှာသာပေးလို့ ဒီမိန်းမကြီး ကမ်းတက်နေတာ''

''မမမိုးရယ်၊ မူရာ့မှာ ဘယ်သူ့ကို မျက်နှာသာပေးတယ်၊ ဦးစားပေးတယ်ဆိုတာ မရှိပါဘူး။ တစ်အိမ်လုံးကို ကိုယ့်မိသားစုလိုပဲ သဘောထားပါတယ်။ ဒေါ်အိုဇာဆိုတာလည်း အဘိုးအဘွားတို့ လက်ထက်ကတည်းက ဒီအိမ်မှာနေလာတဲ့ အလုပ်သမားပဲ မဟုတ်လား''

''အဲဒါကြောင့်ပဲ သူ့ကိုယ်သူ အရေးပါလှပြီ ထင်နေတာလေ။ မူရာ့အားကိုးနဲ့ မမမိုးတို့လို ဆွေမျိုးသားချင်းကိုတောင် မထီမဲ့မြင် လုပ်ချင်လာတယ်။ ရတနာတွေ ခိုးထားတာလည်း သူပဲဖြစ်မှာပဲ''

''ရတနာတွေကိစ္စကို မေ့လိုက်ပါတော့ မမမိုး၊ မူရာလည်း မထိုက်လို့ မရတာလို့ပဲ မှတ်ပါတယ်''

''ဟိတ် ့ဟိတ် ့မေခင်မိုးမြင့်၊ ညည်းသာ ရတနာတွေ တပ်မက်ပြီး သခင်မကြီးအုတ်ဂူဖောက်လားဘာလားနဲ့။ သခင်မလေး ကယ်ထားလို့ ညည်း ထောင်မကျတာလို့ မှတ်ပါ''

ရုတ်တရက် ဒေါ်အိုဇာ ထမင်းစားခန်းထဲဝင်လာပြီး အော်ဟစ် ပြောလိုက်ခြင်းဖြစ်ပါသည်။

''ကြည့်စမ်း ့ကြည့်စမ်း ့တွေ့တယ် မဟုတ်လား မူရာ။ မမမိုးတို့ စကားပြောနေတာကို သူချောင်းနားထောင်နေမှန်း သိသာတယ်။ သိပ်အောက်တန်းကျတဲ့ မိန်းမကြီး၊ မမမိုးတို့သားအမိနဲ့ မူရာ့ကြားမှာလည်း သူပဲ ကုန်းတိုက်နေတာ။ စိတ်ဝမ်းကွဲအောင် လုပ်နေတာ''

''ဟေ့ ့သခင်မလေးကိုပြောစရာရှိရင် ပြောရမှာပဲ။ ငါက အရှင်သခင်အပေါ်မှာ သစ္စာရှိတယ်။ ညည်းတို့လို ကျေးဇူးမကန်းတတ်ဘူး''

''ဘာ ့ဘာကျေးဇူးကန်းလို့လဲ၊ မူရာ ့သူကုန်းတိုက် ထားတဲ့ကိစ္စ မမမိုး ရှင်းရဦးမယ်။ သူက မမမိုးတို့သားအမိက မူရာ့ကို ရအောင်ယူဖို့ မောင်မောင့်ကို မြှောက်ပေးနေတယ်လို့ ပြောတယ် မဟုတ်လား။ တကယ်တော့ မေမေက ရယ်သလိုမောသလို ပြောခဲ့တာပါ။ အတည်ပြောတာ မဟုတ်ပါဘူး။ မေမေဟာ ရောဂါနဲ့ စိတ်ကယောင်ချောက်ချားဖြစ်ပြီး လျှောက်ပြောနေတာပါ မူရာ။ ဒါကို သူက ချောင်း နားထောင်ပြီး မူရာ့ကို ကုန်းတိုက်တာ။ ခုတော့ မူရာ နှင်ချလို့ မောင်မောင်လည်း အိမ်ပေါ်က ဆင်းသွားရပြီ။ အဲဒါ သူ့စနက်ပဲ''

''မူရာ မောင်မောင့်ကို နှင်မချပါဘူး မမမိုး၊ မူရာက အဲဒီအကြောင်း ဟုတ်မဟုတ်ပဲ မေးခဲ့တာပါ။ မောင်မောင်က ဟုတ်တယ်လို့ ဝန်ခံတယ်လေ။ အိမ်ပေါ်ကဆင်းတာက သူ့သဘောနဲ့သူပါ။ မူရာ နှင်မချပါဘူး မမမိုးရယ်''

''အို ့သခင်မလေး၊ သူ့ကို တောင်းပန်နေစရာ မလိုဘူး။ သူတို့လုပ်ရပ် မဟုတ်လို့ မောင်မောင်ကိုယ်တိုင် မလုံဘဲ ဆင်းသွားတာပေါ့။ တကယ်တမ်း ဆင်းရမှာက ညည်းအေ့၊ ညည်းလို ဆန်ကုန်မြေလေးမက ဆင်းရမှာ''

''တော်ပါတော့ ဒေါ်အိုဇာ၊ ဒေါ်အိုဇာလည်း မပြောပါနဲ့တော့''

ကျွန်မက ကြားထဲကတောင်းပန်လိုက်သည်။

''ရှင့်လို ကုန်းတိုက်တတ်တဲ့ ကျွန်မကြီးလည်း ဒီအိမ်မှာ မနေသင့်ဘူး။ ရှင့်ကိုသတ်ပစ်ဖို့ကောင်းတယ်၊ သိရဲ့လား''

''သေသင့်တာက ညည်းအေ့ ့ညည်း''

''ဟဲ့ ့ကျွန်မကြီး၊ သူခိုးမကြီး''

''ဟဲ့ ့ဆန်ကုန်မြေလေး၊ ကျေးဇူးကန်းမ' '

''တော်ကြပါတော့၊ တော်ကြပါတော့၊ မူရာ စိတ်ညစ်တယ်။ မူရာ ဒီအိမ်မှာ မနေချင်တော့ဘူး၊ မူရာ့ကို ညှာကြပါဦး''

ကျွန်မသည် ပြောရင်း ငိုသံပင်ပါလာသည်။ သူတို့ရှေ့မှာလည်း ဆက်မနေချင်တော့။

ထမင်းစားခန်းထဲက ပြေးထွက်လာလိုက်သည်။

သူတို့နှစ်ယောက် ရန်လိုစောင်းမြောင်းသည့် အသံများကတော့ အပေါ်ထပ်ရောက်သည်အထိ ကြားနေရဆဲ။

''အောက်တန်းစားမကြီး၊ ကျွန်ပီပီ သိပ်အောက်တန်းကျတယ်''

''ဟဲ့ ့အကျင့်ပျက်မ သမီး၊ နင်လည်း နင့်အမေလိုပဲ လာမှာပဲ''

''သတ်မယ် ့သတ်မယ် ့ရှင့်ကိုသတ်မယ်''

***

အပေါ်ထပ်အရောက်တွင် ကျွန်မ ရှိုက်ကြီးတငင် ငိုမိတော့သည်။

ကျွန်မဘေးတွင် ဖေးမမည့်သူလည်း မရှိပါလား။ မျှဝေခံစားမည့်သူလည်း မရှိပါလား။

သည်လူတွေနှင့် ကျွန်မ ဘယ်လိုဆက်စခန်းသွားရမလဲ။

''ကြီးကြီးရေ ့သမီးဒုက္ခတွေကို မြင်လှည့်ပါဦး။ သမီးကို ကယ်ပါဦး ကြီးကြီးရယ်''

မမြင်ဖူးလိုက်သော ကြီးကြီးကိုပင် တမ်းတကာ ငိုယိုမိတော့၏။

***

JJ

အောက်ထပ်မှ ဆူဆူညံညံအသံများကြောင့် ကျွန်မ လန့်နိုးလာခဲ့သည်။

တဖျစ်ဖျစ် မြည်သံများကိုကြားကာ ကျွန်မ ဇဝေဇဝါ ဖြစ်နေ၏။

အောက်ထပ်မှအသံများမှာ တဖြည်းဖြည်း ကျယ်လာလေသည်။

''သခင်မလေး ့သခင်မလေး''

မောင်ပုနှင့်မသိန်းတို့၏ အသံ။

''သခင်မလေး ့ဆင်းခဲ့ပါ၊ ဆင်းခဲ့ပါ၊ မီးလောင်နေပြီ၊ မီးလောင်နေပြီ''

မီးလောင်နေပြီဆိုသည့်အသံကြောင့် ကျွန်မအိပ်ရာမှ ဆတ်ခနဲ ထလိုက်သည်။

သတိထားကြည့်လိုက်တော့ အောက်ထပ်မှ မီးရောင်များ တရှိန်ရှိန် ဟပ်နေတာကို တွေ့လိုက်ရသည်။

''သခင်မလေး ့သခင်မလေး၊ နိုးရဲ့လား။ ဆင်းခဲ့ပါ၊ မီး တွေလောင်နေပြီ၊ မီးတွေ ့မီးတွေ''

ကျွန်မသည် ယူသင့်သည့် ပစ္စည်းများကိုအပါယူဖို့ သတိကို စုစည်းလိုက်သည်။ အိပ်ရာဘေးမှ လက်နှိပ်ဓာတ်မီးကို စမ်း၍ယူလိုက်ကာ ဗီရိုကြီးနားသို့ အပြေးသွားလိုက်၏။

မီးရှိန်က မြင့်တက်လာကာ အိမ်ပြင်ပတစ်ခုလုံး လင်းထိန်နေတာကို သတိပြုလိုက်မိသည်။

ကျွန်မက ဗီရိုထဲမှ ဘဏ်စာအုပ်၊ စာချုပ်စာတမ်းများနှင့် မှတ်ပုံတင်အစရှိသည့် ပစ္စည်းများကိုယူရန် ဗီရိုကိုဖွင့်လိုက်သည်။ တော်ပါသေးသည်။ ကျွန်မသည် ထိုပစ္စည်းများကို ဗီရိုဒုတိယဆင့်တွင် တစ်စုတစ်စည်းတည်း ထားထားခဲ့သည်။

ကျွန်မက လိုအပ်သမျှကို ဆွဲထုတ်ယူလိုက်၏။

''သခင်မလေး ့သခင်မလေး''

အောက်ထပ်မှခေါ်သံများက ခပ်စိပ်စိပ် ထွက်ပေါ်လာ၏။

ယခုအခါ ခေါ်သံသည် အိမ်အပြင်ပမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ ယခင်ခေါ်သံက အိမ်အတွင်း လှေကားရင်းမှ ခေါ်သံဖြစ်၏။ သူတို့သည် အိမ်အပြင်ဘက်အထိ ရောက်နေကြပြီ ဖြစ်သည်။

ကျွန်မတစ်ယောက်သာလျှင် အိမ်အပေါ်ထပ်၌ ကျန်နေခြင်း ဖြစ်လိမ့်မည်။

ကျွန်မက ဗီရိုရှေ့မှလှည့်ထွက်မည်အပြု –

''ဒေါက် ့ဒေါက်''

ကျွန်မ ခုတင်ဘေးမှ ထွက်ပေါ်လာသော အသံကြောင့် ကျွန်မ လှည့်ကြည့်လိုက်သည်။ အသံမှာ တစ်စုံ တစ်ခုကို ခေါက်လိုက်သောကြောင့် ထွက်ပေါ်လာခြင်းဖြစ်သည်။

''အို ့အမယ်လေး''

ကျွန်မ ခုတင်ဘေးတွင် ရပ်နေသော အဘွားအိုတစ်ဦး၏သဏ္ဍာန်ကို ထင်ထင်ရှားရှား မြင်လိုက်ရလေသည်။

''ကြီးကြီးပါလား''

ကျွန်မ လေးကြိမ်မြင်တွေ့ခဲ့ဖူးသော ကြီးကြီး၏ဝိညာဉ်ရုပ်၊ လက်ထဲ၌ တောင်ဝှေးကြီးကိုကိုင်လျက် ကြီးကြီး၏ဝိညာဉ်ရုပ်သည် တောင်ဝှေးကြီးဖြင့် ခေါင်းအုံးဘေးမှ အနှိပ်ဘုလေးကို ခေါက်ပြနေခြင်းဖြစ်လေသည်။

''ဒေါက် ့ဒေါက်''

ဝိညာဥ်က အနှိပ်ဘုလေးကို တောင်ဝှေးဖြင့် ခေါက်လိုက်ပြန်သည်။ လက်နှိပ်ဓာတ်မီးအလင်းရောင်အောက်၌ ကြီးကြီး၏သွင်ပြင်ကို ထင်ထင်ရှားရှား မြင်နေရပါသည်။

''သခင်မလေး ့ဆင်းခဲ့ပါတော့''

''ဒေါက် ့ဒေါက်''

ဝိညာဥ်ရိပ်က တောင်ဝှေးကြီးဖြင့် အနှိပ်ဘုလေးကို ခေါက်လိုက်ပြန်သည်။

အနှိပ်ဘုကို ယူသွားစေချင်သည့်သဘောဆိုတာ ကျွန်မ နားလည်လိုက်သည်။

ကျွန်မသည် ခုတင်ဘေးတိုးကပ်သွားရင်း အနှိပ်ဘုကို လှမ်းယူလိုက်၏။

အနှိပ်ဘု ကျွန်မလက်ထဲရောက်သည်နှင့် အဘွားအိုဝိညာဥ်ရိပ်မှာ ဖျတ်ခနဲ ပျောက်သွားလေသည်။

''သခင်မလေး ့သခင်မလေးရေ''

ကျွန်မသည် အခန်းထဲမှ တစ်ဟုန်ထိုး ပြေးထွက်ခဲ့လေ၏။

အို ့အပေါ်ထပ်ကြမ်းပြင်ကိုပင် မီးစွဲနေပါပကော။

ကျွန်မက လှေကားဆီသို့ အလျင်အမြန်ပြေးခဲ့လေသည်။

ဘုရား ့ဘုရား ့

လှေကားရင်းတွင် မီးစွဲနေပေပြီ။

ကျွန်မသည် စွန့်စားကာ လှေကားအတိုင်း ပြေးဆင်းလိုက်သည်။

ထိုစဥ် လှေကားပေါ်တက်လာသော အရိပ်တစ်ခုကို မြင်လိုက်ရသည်။ မိန်းမတစ်ယောက် ဖြစ်သည်။

အူယားဖားယား ပြေးတက်လာသူမှာ မေခင်မိုးမြင့် ဖြစ်နေလေသည်။

''မမမိုး ့မူရာ ဆင်းလာပြီ၊ ပြန်ဆင်းတော့၊ ပြန်ဆင်းလိုက်တော့''

ကျွန်မက မေခင်မိုးမြင့် ကျွန်မကို ခေါ်ဖို့တက်လာသည်အထင်နှင့် အော်ပြောလိုက်သည်။

မေခင်မိုးမြင့်သည် ကျွန်မအော်သံကို ကြားပုံမရပါ။ ကျွန်မကိုလည်း မြင်ပုံမရပါ။ ကျွန်မကိုပင် ပခုံးချင်း ဝင်တိုက်သွားကာ အပေါ်ထပ်သို့ တစ်ဟုန်ထိုးတက်သွားလေ၏။

''ရတနာတွေ ့ရတနာတွေ''

''အို ့မမမိုး ့ဆင်းခဲ့၊ ပြန်ဆင်းခဲ့''

ကျွန်မက လှေကားအလယ်တွင်ရပ်ကာ ခေါ်နေမိသည်။

''ရတနာတွေ ့ရတနာတွေ၊ ဘုရားခန်းထဲမှာ မရှာရသေးဘူး၊ ဘုရားခန်းထဲမှာ ရတနာတွေ ရှိတယ်''

မေခင်မိုးမြင့်သည် သွေးရူးသွေးတန်းအော်ရင်း အပေါ်ထပ်သို့ ပြေးတက်ပျောက်ကွယ်သွားလေသည်။

''မမမိုး ့မမမိုး''

''မမမူရာ ့ဆင်းခဲ့တော့၊ မီးတွေသိပ်များနေပြီ''

မောင်မောင့်အသံပါလား။

မောင်မောင်သည် လှေကားရင်းတွင်ရပ်ကာ ကျွန်မကို အော်ခေါ်နေခြင်းဖြစ်သည်။

''မမမူရာ ့ဆင်းခဲ့၊ ခုန်ချလိုက်၊ ခုန်ချလိုက်၊ မောင်မောင် အောက်က ဆီးဖမ်းထားမယ်''

''မမမိုး၊ မမမိုးအပေါ် ထပ်တက်သွားတယ်''

''သူ့ကို ထားခဲ့တော့၊ မမမူရာ ဆင်းခဲ့ပါတော့''

မီးသည် လှေကားသုံးထစ်အထိ လောင်ကျွမ်းနေပေပြီ။ ကျွန်မ ဆက်ရပ်နေပါက လှေကားနှင့်အတူ ပြုတ်ကျသွားနိုင်သည်။

''မမမူရာ၊ ခုန်ချလိုက်တော့လေ''

ကျွန်မသည် မျက်လုံးစုံမှိတ်ကာ လှေကားခုနစ်ထစ်ခန့်မှနေ၍ ခုန်ချလိုက်လေ၏။

မောင်မောင့်ရင်ခွင်ထဲသို့ ကျွန်မ ကျရောက်သွားလေသည်၊

''မမရယ် ့လာပြေးကြစို့၊ တစ်အိမ်လုံး မီးစွဲနေပြီ မမ''

ကျွန်မတို့သည် ညေ့ခန်းကို ဖြတ်သန်းပြေးခဲ့ကြသည်။

အိမ်၏နောက်ဘက်ခြမ်းကား မီးဝါးမျိုကာ ပြိုကျသွားလေပြီတည်း။

မောင်မောင်က ကျွန်မကိုတွဲခေါ်ကာ အိမ်ထဲမှအမြန်ထွက်သည်။

ကျွန်မလက်တစ်ဖက်တွင် ကိုင်လာသော အန္နိပ်ဘုလေးသည် တံခါးဘောင်နှင့် ရိုက်မိသွားလေ၏။

ဘုလုံးလေးတစ်ခုမှာ မြေပေါ်သို့ ပြုတ်ကျသွားလေသည်။

''ဟင်''

''အို''

ဘုလုံးလေးထဲမှ ထွက်ကျလာသော လည်ဆွဲတစ်ခု။ ပတ္တမြားလည်ဆွဲကြီးပါလား၊ လည်ဆွဲရောင်က မီးရောင်ထဲတွင် တလက်လက်တောက်ကာ ရောင်ပြန်ဟပ်နေသည်။

မောင်မောင်က ပတ္တမြားလည်ဆွဲကို ကုန်းကောက်လိုက်၏။

''လာ ့မမ၊ ပြေးကြစို့''

ကျွန်မတို့ အိမ်တံစက်မြိတ်မှလွတ်သည်နှင့် ထုပ်တန်းကြီးမှာ ပြိုကျသွားလေသည်။

မီးစွဲနေသောထုပ်တန်းကြီးသည် ကျွန်မတို့နှင့် သီသီကလေး လွဲသွားလေ၏။

ခြံဝင်းအပြင်ရောက်မှသာ သက်ပြင်းချနိုင်ပေတော့သည်။

အိမ်ရှေ့၌ ရွာမှ လူတချို့ရောက်နေကြပေ၏။

မသိန်းက ကျွန်မကို ဆီးခေါ်လိုက်သည်။

မောင်ပုလည်း ရှိနေသည်။

ဒေါ်အိုဇာကို မြေပေါ်တွင် လဲကျနေသည့် အနေအထားဖြင့် တွေ့ရကာ ရွာသားလူငယ်တစ်ယောက်က ဒေါ်အိုဇာကို ပွေ့ထားလေသည်။

အိမ်ရှိလူစုံမြင်လိုက်ရ၍ ကျွန်မ စိတ်အေးသွားလေ၏။

မေခင်မိုးမြင့်ကား ကျွန်မမျက်စိရှေ့မှာပင် အိမ်ပေါ်ထပ်၌ ကျန်ရစ်ခဲ့လေပြီ။ မေခင်မိုးမြင့်၏ကံကြမ္မာကား မတွေးရဲစရာပင်။ ဩော် လောဘ၏စေစားမှုပါလား။

မီး မည်သို့မည်ပုံလောင်ရသည်ကိုမူ ကျွန်မ မသိသေးချေ။

''မမ ့လည်ဆွဲကြီးကို သိမ်းထားလိုက်ပါဦး''

မောင်မောင်က သူ့လက်ထဲမှပတ္တမြားလည်ဆွဲကို ကျွန်မအား ကမ်းပေးလိုက်သည်။ ကျွန်မက အိတ်ထဲသို့လုံခြုံအောင် ထည့်ထားလိုက်၏။

ကြီးကြီးသည် ကျွန်မကို ရတနာများထားသည့် နေရာအား အချိန်မီ လာရောက်ပြသခဲ့ခြင်းပါတကား။

''မောင်မောင် ဘယ်လိုရောက်လာတာလဲဟင်''

''မီးညွန့်တွေ တက်လာတာမြင်လို့ ဆိုင်ကယ်နဲ့လာလိုက်တာပါ မမ။ မောင်မောင်တို့ ညဆိုင်းဆင်းနေရတယ်။ အဲဒါကြောင့် ချက်ချင်းသိတာ''

''ခု ဘယ်အချိန်ရှိပြီလဲ မောင်မောင်''

''ည ၁၂ နာရီပါ မမ''

မောင်မောင်က လက်မှနာရီကို ကြည့်ပြီး ပြောလိုက်သည်။

''အို''

ကူညီမည့်သူများ ရောက်လာသော်လည်း ဘာမျှမတတ်နိုင်ခဲ့ပေ။ မီးလောင်နေသောအိမ်ကြီးကို လူအားလုံးပင်သည်အတိုင်း ကြည့်နေကြရ၏။

အိမ်ကြီးတစ်ခုလုံးကို လောင်နေသောမီးက တစ်တောလုံးကို လင်းထိန်နေစေတော့သည်။

မီးကို မည်သို့မျှ မတားဆီးနိုင်တော့ပါ။ မီးသတ်ကိရိယာလည်း မရှိပေ။

ကျွန်မ၏ဘိုးဘွားများ အုတ်မြစ်ချခဲ့သော ရွှေဖီမိုးမိသားစုပိုင် အိမ်ကြီးကား ကျွန်မရှေ့မှာပင် ပြာပုံဘဝသို့ ရောက်သွားလေပြီတည်း။

***

၂၄

အိမ်ခြေရာမဲ့ဖြစ်သွားသော ကျွန်မတို့ ဒုက္ခသည်တစ်စုကို ရွာသားများက မင်းအိုင်ရွာထဲသို့ ခေါ်သွားခဲ့လေသည်။

ကျွန်မနှင့်ဒေါ်အိုဇာကို ကောင်စီဥက္ကဋ္ဌအိမ်တွင် ခေတ္တနေစေသည်။ မောင်ပုနှင့်မသိန်းလင်မယားကိုတော့ မောင်မောင်က သူအလုပ်လုပ်သည့် သစ်စက်သို့ခေါ်သွားလေ၏။

အခြေအနေ အေးဆေးသွားမှ ကျွန်မက မီးလောင်သည့် ဖြစ်ရပ်ကို မေးကြည့်ရသည်။

မီးမှာ ရှို့မီးဖြစ်သည်။

မီးရှို့သူမှာ အခြားသူမဟုတ်။ မေခင်မိုးမြင့် ဖြစ်လေသည်။

မေခင်မိုးမြင့်သည် ညဦးပိုင်းက ဒေါ်အိုဇာနှင့် ရန်ဖြစ်ခဲ့သည့် အငြိုးဖြင့် ဒေါ်အိုဇာ့အခန်းပတ်ပတ်လည်ကို ဓာတ်ဆီဖြင့်လောင်းကာ မီးရှို့ခဲ့ခြင်းဖြစ်ပါသတဲ့။

ရန်ဖြစ်စဉ်က ''သတ်မယ် ့သတ်မယ်'' ဟု တဖွဖွ အော်ဟစ်ခဲ့တာကို ကျွန်မ သတိရမိသည်။

ဓာတ်ဆီလောင်းမီးရှို့လို့ တစ်အိမ်လုံး လောင်ကျွမ်းသွားနိုင်တယ်ဆိုတာကို မေခင်မိုးမြင့် မစဉ်းစားမိလေသလား။ ကျွန်မအထင်တော့ မေခင်မိုးမြင့်သည် လောဘဇောကြောင့် စိတ်ဖောက်ပြန် ရူးသွပ်သွားခြင်းဖြစ်ပေမည်။

မီးလောင်နေသည့်ကြားမှ ရတနာများကို တွေ့လိုတွေ့ငြား အိမ်ပေါ်ပြေးတက်လာခြင်းက သူမ၏မူမမှန်သော စိတ်ကို ဖော်ပြနေလေသည်။

ဒေါ်အိုဇာသည် အခန်းအပြင်ဘက်မှာ မီးလောင်နေသည်ကို အချိန်မီသိ၍ ပြတင်းတံခါးဖွင့်ကာ ဆင်းပြေးခဲ့သောကြောင့် အသက်ဘေးမှ လွတ်လာခြင်းဖြစ်သည်။ အိမ်အောက်ထပ်ဖြစ်နေခြင်းနှင့် ပြတင်းပေါက်တွင် သံတိုင်များတပ်မထားခြင်းက ဒေါ်အိုဇာ့အသက်ကို ကယ်လိုက်ခြင်း ဖြစ်ပေသည်။

***

ကြီးကြီးသည် ရတနာပစ္စည်းများရှိရာကို ပြသခဲ့ခြင်းဖြင့် သူမ၏ မေတ္တာကို ထင်ရှားစေခဲ့လေသည်။ အုတ်ဂူကို သွားရောက်ကန်တော့စဉ် အချိန်ကတည်းကပင် ကြီးကြီး၏ဝိညာဉ်က ကျွန်မကို စောင့်ရှောက်ခဲ့ခြင်းပါတကား။

ဒေါ်အိုဇာ့အဆိုအရ ကြီးကြီးသည် ရတနာများကို တစ်နေရာပြီး တစ်နေရာ လှည့်ဝှက်နေခဲ့သည်ဟု ဆိုပေသည်။ သေခါနီးအချိန်မှာ သတိလစ် မေ့လျော့တတ်နေပြီဖြစ်သော ကြီးကြီးသည် ဝိညာဉ်ဘဝရောက်တော့လည်း ရတနာတွေဝှက်ခဲ့သည့်နေရာကို သတိရဟန်မတူ။ ထို့ကြောင့် သူမ, ဝှက်ခဲ့ဖူးသည့်နေရာများကို မှတ်မိသမျှ ကျွန်မအား ပြသခဲ့ခြင်း ဖြစ်ပါမည်။ ထနောင်းပင်အောက်နှင့် နာရီအိုကြီးကို ရှေ့ပိုင်းတွင် ပြခဲ့၏။

ထနောင်းပင်အောက်တွင်တော့ ဒေါ်အိုဇာနှင့် ဝှက်ခဲ့ဖူးပြီး နာရီကြီးထဲကို သူမကိုယ်တိုင် ကျန်းမာစဉ်က ဝှက်ခဲ့ဖူးခြင်း ဖြစ်လိမ့်မည်။ နောက်ဆုံးအချိန်တွင် ကြီးကြီး၏ဝိညာဉ်သည် နေရာမှန်ဖြစ်သော အနိုပ်ဘုလုံးလေးကို ပြသနိုင်ခဲ့ခြင်းဖြစ်ပေ၏။

အိမ်နံရံနှင့်တိုက်မိ၍ ပတ္တမြားလည်ဆွဲထွက်ကျရာမှ အနိုပ်ဘုထဲတွင် ရတနာများ ထည့်သွင်းထားကြောင်း ကျွန်မတို့ သဲလွန်စ ရခဲ့သည်။

ကျွန်မသည် အနှိပ်ဘုလေးကို သေချာပြန်ကြည့်မိ၏။

အနှိပ်ဘုကို အဖုလေးနှစ်ဖုအား ဆက်၍ပြုလုပ်ထားခြင်း ဖြစ်ပါသည်။ အညောင်းပြေနှိပ်နယ်သည့်သဖွယ် ကျောအောက်တွင်ခံသောဘု လုံးလေးနှစ်ခုကို သစ်သားပြားပေါ်တွင် ထုလုပ်ထားခြင်း ဖြစ်ပါ၏။

မရှိသေ့စကားဖြင့်ဆိုရသော် အနှိပ်ဘု၏သဏ္ဍာန်မှာ အရွယ်ရောက်ပြီး မိန်းမသားတစ်ယောက်၏ ရင်သားနှစ်မွှာနှင့် ပုံစံတူပါ၏။

ကျွန်မသည် ကြီးကြီးသုံးခဲ့သော အနှိပ်ဘုလေးကို သာမန်အနှိပ်ဘုဟုပင် ထင်ခဲ့၏။ ပတ္တမြားလည်ဆွဲကြီး ထွက်ကျလာမှ သေချာကြည့်မိတော့သည်။

ရိုးရိုးအနှိပ်ဘုများလို သစ်သားကို တစ်ဆက်တည်း ထုလုပ်ထားခြင်း မဟုတ်ပါ။

သစ်သားပြားလေးပေါ်တွင် အခွက်ကလေးနှစ်ခု ထွင်းထားသည်။ အခွက်ကလေးအတွင်း၌ ဝက်အူရစ်ပါပါသည်။ ဘုလုံးလေးနှစ်လုံးသည် အတွင်း၌ အခေါင်းပေါက်ဖြစ်အောင် ထွင်းထားပြီး ပစ္စည်းထည့်လို့ရအောင် လုပ်ထားခြင်းဖြစ်၏။ ဘုလုံးအောက်ခြေတွင်လည်း ဝက်အူရစ်ဖော်ထားကာ သစ်သားပြားမှဝက်အူရစ်နှင့် အံကိုက်ဖြစ်အောင် ပြုလုပ်ထားခြင်းဖြစ်သည်။

ဘုလုံးအတွင်းအခွက်ထဲ၌ ပစ္စည်းများထည့်သိုပြီး သစ်သားပြားတွင် ပုလင်းအဖုံးပိတ်သကဲ့သို့ ဝက်အူရစ်ဖြင့် စုပ်ထားခြင်း ဖြစ်ပါသည်။

ဘုသီးတစ်ဖက်ဆီမှ ပတ္တမြားလည်ဆွဲကြီး ထွက်ကျလာသည်။ အခြားတစ်ဖက်ကို ဝက်အူရစ်အတိုင်း လှည့်ဖွင့်ကြည့်ရာ စိန်လုံးချောသုံးလုံးနှင့် ပုလဲရှစ်လုံးကို တွေ့ရပါ၏။

ရတနာပစ္စည်းများ ထည့်ထားသည်ကို မရိပ်မိအောင် ဂွမ်းစများနှင့် ခံထားသည်။ အတွင်း၌ ပစ္စည်းများခေါက်မိပြီး အသံမထွက်အောင် စီစဉ်ထားခြင်းပင် ဖြစ်ပါသည်။

အနှိပ်ဘုလေးသည် ရတနာများ ထည့်သွင်းသိုဝှက်နိုင်ရန် တမင်စီစဉ်ပြုလုပ်ထားသော ပစ္စည်းလေး တစ်ခုဖြစ်ပါပေ၏။

ကြီးကြီး၏မေတ္တာစေတနာမှန်သောကြောင့် ပျောက်ဆုံးနေသော ရတနာပစ္စည်းများကို ကျွန်မ ရရှိပိုင်ဆိုင်လိုက်ပါပြီ။ တစ်နည်းအားဖြင့် အမွေပစ္စည်းများသည် ကျွန်မနှင့်ထိုက်သည့်အတွက် ကျွန်မ လက်ထဲသို့ ရောက်ခဲ့ပါပြီ။

ကြီးကြီးကား ကျွန်မကို ဝိညာဉ်ဘဝဖြင့် ပစ္စည်းနေရာပြနိုင်ပုံ ထောက်လျှင် ကျွတ်လွတ်သေးဟန်မတူပေ။

ကြီးကြီးတစ်ယောက် ဝိညာဉ်နာနာဘာဝဘဝမှ ကျွတ်လွတ်ပြီး ကောင်းရာဘုံဘဝရောက်စေဖို့ ကြီးကြီးကို ရည်စူးကာ ကောင်းမှုကုသိုလ်လုပ်၊ အမျှအတန်း ပေးဝေရပါဦးမည်။

♛ ♛ ♛ ♛ ♛

၂၄

နောက်တစ်နေ့မနက်တွင် မီးလောင်ကျွမ်းနေသော မေခင်မိုးမြင့်၏အလောင်းကို ပြာပုံထဲမှသွားကောက်ကာ သင်္ဂြိုဟ်လိုက်ရသည်။

သူမအတွက် ကြိုတင်ပြုလုပ်ထားသော အခေါင်းမှာ သူမနှင့်အတူ မီးလောင်ကျွမ်းသွားခဲ့ပြီ။

မောင်မောင်က ဦးဒိဗ္ဗထံတွင် ခေါင်းအသစ်တစ်လုံးထပ်မှာထားရာ အသုဘချိန်အမီ ရောက်လာလေ၏။

ဦးဒိဗ္ဗဆိုသောအဘိုးကြီးသည် ကျွန်မ မင်းအိုင်ကို စတင်ရောက်ရှိသည့်နေ့က စီးခဲ့ရသော မြင်းလှည်းနှင့်ပင် အခေါင်းကြီးကို တင်လာကာ လာပို့လေ၏။

ကျွန်မက ဦးဒိဗ္ဗထံတွင် သိလိုသည်များကို စုံစမ်းလိုက်သည်။

''ကြီးကြီးအတွက် တောင်ဝှေးကို အခေါင်းပေါက်ပါအောင် အဘကပဲ လုပ်ပေးခဲ့တယ်ဆိုတာ ဟုတ်သလား အဘ''

''ဟုတ်ပါတယ် မိန်းကလေး၊ ဒေါ်နန်းကြာမိုးက ရတနာတွေ ထည့်လို့ရအောင် လုပ်ချင်တယ်ဆိုလို့ အဘ လုပ်ပေးခဲ့တာပါ''

''နောက်ကော တခြားပစ္စည်းတွေ လုပ်ပေးဖူးသလား အဘ''

''အနှိပ်ဘုလေးဟာ အဘလုပ်ပေးတာပဲပေါ့ကွယ်။ တောင်ဝှေးက အရင်လုပ်တာ၊ တောင်ဝှေးလုပ်ပေးတာ ခြောက်နှစ်လောက် ကြာပြီ။ အနှိပ်ဘုကိုတော့ မိန်းကလေးအတွက် အခေါင်းအပ်ချိန်ကျမှ လုပ်ခိုင်းလို့ လုပ်ပေးရတာ၊ တစ်နှစ်တောင် မရှိသေးပါဘူး''

''သြော်''

''အနှိပ်ဘုပုံသဏ္ဌာန်ကိုလည်း ဒေါ်နန်းကြာမိုး စိတ်ကူးနဲ့ ပြောပြတဲ့အတိုင်း အဘက လုပ်ပေးခဲ့တာပါကွယ်။ မေခင်မိုးမြင့်က တောင်ဝှေးအကြောင်း လာမေးတုန်းက တောင်ဝှေးမှာ အခေါင်းပေါက်ပါကြောင်း အဘ ပြောပြခဲ့တယ်။ အနှိပ်ဘုအကြောင်းကို သတိရပေမဲ့ သူ့ကို ပြောမပြလိုက်ပါဘူး။ အဘ သစ္စာရှိရမယ်လေ''

♛ ♛ ♛ ♛ ♛

၂၅

မေခင်မိုးမြင့်၏ အသုဘကိစ္စပြီးချိန်တွင် ကျွန်မက အိမ်သားအားလုံးကို စုစည်းစေလိုက်၏။

မောင်မောင်အပါအဝင် ဒေါ်အိုဇာနှင့် မောင်ပုမသိန်းတို့လင်မယား။

''အိမ်ကြီးကတော့ မီးလောင်ကျွမ်းသွားပြီ။ အိမ်နဲ့ပတ်သက်တဲ့ ပြဿနာတွေလည်း အားလုံးရှင်းသွားပါပြီ။ ပျောက်ဆုံးနေတဲ့ ရတနာပစ္စည်းတွေလည်း ကျွန်မလက်ထဲမှာ ရောက်နေပါပြီ။ ကျွန်မတို့အတွက် ရှေ့ဆက်ရမယ့် အနာဂတ်ခရီးကို ကျွန်မ တိုင်ပင်ချင်တယ်''

''ဒေါ်အိုဇာတော့ သခင်မလေးနဲ့ မခွဲမခွာနေချင်ပါတယ် သခင်မလေး''

''ကျွန်မတို့လင်မယားလည်း သခင်မလေးဆီမှာပဲ နေပါရစေ။ ကျွန်မတို့မှာ သွားစရာမရှိပါဘူး''

''ကဲ ဒေါ်အိုဇာနဲ့ ကိုပုတို့လင်မယားကတော့ သူတို့ဆန္ဒတွေကိုဖော်ထုတ်ကြပြီ။ မောင်မောင်ကရော''

''မောင်မောင့်မှာ အမေရော အစ်မရော မရှိတော့ပါဘူး။ မောင်မောင် တော်ရာနေရာကိုပဲ ထွက်သွားပါတော့မယ် မမ''

''အို''

မောင်မောင့်စကားကြောင့် ကျွန်မရင်မှာ နာကျင်သွားလေသည်။

''မမရဲ့ ရှေ့ရည်ရွယ်ချက်ကို ပြောပါရစေဦး။ မမ မြို့ပေါ်မှာ ပြောင်းနေဖို့ စီစဉ်ထားတယ်။ မြို့ပေါ်မှနေပြီး ပန်းတောနဲ့ညောင်တန်းက ခြံလုပ်ငန်းတွေကို ကြီးကြပ်အုပ်ချုပ်ရမယ် မောင်မောင်။ မောင်မောင်က ဘာလို့ မမတို့နဲ့ ခွဲသွားချင်ရတာလဲ''

မောင်မောင်က အနီးမှ ဒေါ်အိုဇာတို့ကို စိတ်မလုံသလို ကြည့် လိုက်သည်။

''မမနဲ့ဆွေမျိုးတော်တဲ့သူက မေမေနဲ့မမမိုးပါ မမ။ မောင်မောင်က မမနဲ့ဘာမျှမတော်စပ်တော့ သူများ ပြောစရာ ဖြစ်မှာစိုးလို့ပါ''

''ဘယ်လိုပြောတာမျိုးလဲကွယ်''

''မောင်မောင် မရှက်တော့ပါဘူး၊ အားလုံးလည်း ဒီအကြောင်းကို သိနေတာပဲ။ မမနဲ့ဆက်နေရင် မမ ပစ္စည်းတွေ မက်မောလို့ ကပ်နေတယ်လို့ ထင်မှာစိုးလို့ပါ''

''ကပ်နေတယ်ဆိုတာက အလုပ်အကိုင်မရှိဘဲ မှီခိုနေတာမျိုးကို ခေါ်တာပါ မောင်မောင်။ မမမှာ ခြံနှစ်ခြံ ကိုအုပ်ချုပ်ဖို့ မန်နေဂျာလိုတယ်။ အဲဒီနေရာမှာ မင်းကို ခန့်မယ်ဆိုရင်ကောကွာ''

''ဗျာ ့မမ၊ မောင်မောင်လုပ်လို့ ဖြစ်ပါ့မလား''

''မင်းလည်း နောက်နှစ်ဆို ဘွဲ့ရတော့မှာပဲကွယ်။ ဒီနှစ်ခြံလုံးကိုလည်း ရောက်ဖူးသိဖူးနေတာပဲ။ အလုပ်သမား တွေနဲ့လည်း ရင်းနှီးပြီးသား။ မမက ခြံလုပ်ငန်းတွေကို စနစ်တကျ လုပ်ကိုင်ချင်တာကွယ့်''

''မမ အလုပ်ခန့်မယ်ဆိုရင်တော့ မမအလုပ်သမားအနေနဲ့ နေချင်ပါတယ် မမ''

''ကောင်းလိုက်တာကွယ်၊ မောင်မောင့်ကိုတော့ ဒီမိသားစုနဲ့ ခွဲမသွားစေချင်ပါဘူး။ ဒေါ်အိုဇာက မေခင် မိုးမြင့်ကိုသာ မျက်နှာကြောမတည့်တာပါ။ မောင်မောင့်ကိုတော့ ခင်ပါတယ်။ ကောင်းတယ်၊ ကောင်းတယ်၊ တစ်အိမ် တည်းမှာ မောင်မောင်နဲ့ သခင်မလေးနဲ့က အလုပ်တွေလုပ်ပြီး အုပ်ချုပ်၊ ဒေါ်အိုဇာတို့က ပြုစုပေး၊ သိပ်ပျော်ဖို့ ကောင်းမှာပဲ''

''အို''

ဒေါ်အိုဇာပြောလိုက်သည့်စကားကြီးက ဘာလိုလိုမို့ ကျွန်မ မနေတတ်အောင် ရှက်သွားမိလေသည်။

''ဒေါ်အိုဇာကလည်းလေ''

ကျွန်မသည် ရှက်စိတ်ကြောင့် သူတို့လူစုရှေ့မှ လှည့်ထွက်လာခဲ့လေသည်။

''အို ့ဒေါ်အိုဇာပြောလိုက်လို့ သခင်မလေး ရှက်သွားပြီ''

ဒေါ်အိုဇာ့အသံကို ကြားလိုက်ရ၏။

''မောင်မောင်၊ သခင်လေးနောက်ကို လိုက်သွားပြီး ချော့လိုက်လေ''

''ဟုတ်တယ် မောင်မောင်၊ သွားလေ ့သခင်မလေး နောက်ကို လိုက်သွားပါတော့လား''

မောင်ပုနှင့်မသိန်းတို့၏ စကားသံများလည်း ထွက်ပေါ်လာလေ၏။

ကျွန်မက အရှက်သည်းစွာဖြင့် အခန်းအပြင်သို့ ထွက်ခဲ့လေသည်။

ကျွန်မနောက်သို့ ခပ်သွက်သွက်လိုက်ပါလာသော မောင်မောင့်ခြေသံများက ကျွန်မနှင့် တဖြည်းဖြည်း နီးကပ် လာလေတော့သတည်း။

♛ ♛ ♛ ♛ ♛

နွေတမာန်